မန္တလေး နေ့စဉ်

The Mandalay Daily

၁၉၉၇ ခုနှစ် ၊ နိုဝင်ဘာလ ၃၀ရက် စတင်ထုတ်ဝေသည်။

အတွဲ(၂၉) ၊ အမှတ်(၃၃၇)၊ ၁၃၈၈ ခုနှစ်၊ တန်ဆောင်မုန်းလဆန်း ၁ ရက်၊ ၁၀-၁၁-၂၀၂၆၊ အင်္ဂါနေ့။

မြတ်ဗုဒ္ဓ၏ အဆုံးအမတရား

စန္ဒကူးပန်း၊ တောင်ဇလပ်ပန်း၊ ကြာပန်း၊ မြတ်လေးပန်း စသော ပန်းနံ့သာတို့ထက် သီလတည်းဟူသော အနံ့သည် အတုမရှိ ထူးကဲလွန်မြတ်၏။

(ဓမ္မပဒ)

ဒုတိယသမ္မတ ဦးညိုစော ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ ၂၀၂၆ ခုနှစ် ကထိန်သင်္ကန်းဆက်ကပ်လှူဒါန်းပွဲ အခမ်းအနားကျင်းပရေးဦးစီးကော်မတီ ညှိနှိုင်းအစည်းအဝေးသို့ တက်ရောက်အမှာစကားပြောကြား

နေပြည်တော် နိုဝင်ဘာ ၉

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ ၂၀၂၆ ခုနှစ် ကထိန်သင်္ကန်းဆက်ကပ်လှူဒါန်းပွဲ အခမ်းအနားကျင်းပရေး ဦးစီးကော်မတီ ညှိနှိုင်းအစည်းအဝေးကို ယနေ့မွန်းလွဲ ၂ နာရီတွင် နေပြည်တော်ရှိ ရုံးအမှတ်(၃၁) သာသနာရေးဝန်ကြီးဌာန စုပေါင်းအစည်းအဝေးခန်းမ၌ ကျင်းပရာ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်အစိုးရ ၂၀၂၆ ခုနှစ် ကထိန်သင်္ကန်း ဆက်ကပ်လှူဒါန်းပွဲ အခမ်းအနားကျင်းပရေး ဦးစီးကော်မတီ နာယက ဒုတိယသမ္မတ ဦးညိုစော တက်ရောက်အမှာစကားပြောကြားသည်။



ဒုတိယသမ္မတ ဦးညိုစော ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ ၂၀၂၆ ခုနှစ် ကထိန်သင်္ကန်း ဆက်ကပ်လှူဒါန်းပွဲ အခမ်းအနားကျင်းပရေးဦးစီးကော်မတီ ညှိနှိုင်းအစည်းအဝေးတွင် အမှာစကား ပြောကြားစဉ်။

အစည်းအဝေးသို့ သာသနာရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးတင်ဦးလွင်၊ နေပြည်တော် ကောင်စီဥက္ကဋ္ဌ၊ နေပြည်တော် တိုင်းစစ်ဌာနချုပ်တိုင်းမှူး၊ ဒုတိယ ဝန်ကြီးများ၊ ဦးစီးကော်မတီနှင့် လုပ်ငန်းကော်မတီများမှ ကော်မတီ အဖွဲ့ဝင်များနှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများ တက်ရောက်ကြ သည်။

အစည်းအဝေးတွင် ဒုတိယ သမ္မတက ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်အစိုးရ ၂၀၂၆ ခုနှစ် ကထိန်သင်္ကန်း ဆက်ကပ် လှူဒါန်းပွဲ အခမ်းအနား ကျင်းပ သွားမည့် အခြေအနေများ၊

စာမျက်နှာ ၃ သို့ ✪

ပို့ကုန်တင်ပို့သူများအနေဖြင့် ပြည်ပမှ ပို့ကုန်ရငွေ သတ်မှတ်ချက်အတိုင်း ပို့ကုန်လုပ်ငန်းရှင်၏ နိုင်ငံခြားငွေဘဏ်စာရင်းတွင် ထားရှိခွင့်ရက်(၃၀) အစား (၄၅)ရက်အထိ တိုးမြှင့်သတ်မှတ်ခြင်း

ပို့ကုန်တင်ပို့သူများသည် ပို့ကုန်တင်ပို့ပြီးနောက် သတ်မှတ် ကာလအတွင်း ပို့ကုန်ရငွေများအား နိုင်ငံတော်အတွင်းသို့ နိုင်ငံခြား ငွေဖြင့် ယင်းတို့၏ ဘဏ်ငွေစာရင်းသို့ ဝင်ရောက်ရမည်ဖြစ်ကြောင်း နိုင်ငံခြားသုံးငွေစီမံခန့်ခွဲမှုဥပဒေ ပုဒ်မ ၃၈ - ခ တွင် ပြဋ္ဌာန်းထားပါ သည်။

စာမျက်နှာ ၃ သို့ ❖

မိုးစပါးရိတ်သိမ်းရာတွင် သတိပြုဆောင်ရွက်ရန် နှိုးဆော်ခြင်း

ယခုအခါတွင် အချိန်အခါမဲ့ မိုးရွာသွန်းမှုများကြောင့် ရိတ်သိမ်းဆဲစပါးများ လေလွင့်ဆုံးရှုံးမှုမဖြစ်စေရန်နှင့် ဆောင်းသီးနှံ များ စိုက်ပျိုးရာတွင်လည်း ပျက်စီးဆုံးရှုံးမှု မဖြစ်ပေါ်စေရေးအတွက် အောက်ပါအတိုင်း လိုက်နာဆောင်ရွက်ရန် လိုအပ်မည်ဖြစ်ပါသည်။

(က) မိုးစပါးသီးနှံ ရိတ်သိမ်းရာတွင် နေသာသောနေ့များ၌ ရိတ်သိမ်းပြီး မိုးရွာသွန်းပါက ရိတ်သိမ်းမှု ရပ်နားထားပါ။

(ခ) ရင့်မှည့်ပြီး စပါးခင်းများ မိုးရွာသွန်းခြင်း၊ လေတိုက်ခြင်းတို့ ကြောင့် ယိုင်လဲမှုများမဖြစ်ပေါ်စေရန် အောင်ရေအမြန်ဆုံးထုတ်ပေး ပြီး ရိတ်သိမ်းပါ။

စာမျက်နှာ ၃ သို့ ○

မန္တလေးမြို့နှင့်အနီးတစ်ဝိုက်တွင် မိုတစ်ကြိမ်၊ နှစ်ကြိမ် ထစ်ချုန်းရွာပြီး တစ်ခါတစ်ရံ သည်းထန်နိုင်

နေပြည်တော် နိုဝင်ဘာ ၉

မနက်ဖြန်မွန်းတည့်ချိန်အထိ ခန့်မှန်းချက်မှာ နေပြည်တော်၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသ ကြီး၊ တနင်္သာရီတိုင်းဒေသကြီးနှင့် ရှမ်းပြည်နယ်တို့တွင် နေရာအနှံ့ အပြား၊ ဧရာဝတီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်နှင့် ရခိုင်ပြည်နယ် တို့တွင် နေရာစိပ်စိပ်နှင့် ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် နေရာကျဲကျဲ မိုးထစ်ချုန်းရွာပြီး နေပြည်တော်၊ မန္တလေးတိုင်း ဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် ရှမ်းပြည်နယ်(မြောက်ပိုင်းနှင့် တောင်ပိုင်း)တို့တွင် နေရာကွက်၍ မိုးကြီးနိုင်ပါသည်။ ရွာရန်ရာနှုန်း ပြည့် ဖြစ်ပါသည်။

နေပြည်တော်နှင့် အနီးတစ်ဝိုက်အတွက် မနက်ဖြန်မွန်းတည့်ချိန် အထိ ခန့်မှန်းချက်မှာ နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန် ရာနှုန်းပြည့် ဖြစ်ပါသည်။

ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်အတွက် မနက်ဖြန်မွန်းတည့်ချိန် အထိ ခန့်မှန်းချက်မှာ နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန် ရာနှုန်းပြည့် ဖြစ်ပါသည်။

မန္တလေးမြို့နှင့် အနီးတစ်ဝိုက်အတွက် မနက်ဖြန်မွန်းတည့်ချိန် အထိ ခန့်မှန်းချက်မှာ နေရာကွက်ကျား မိုးတစ်ကြိမ်၊ နှစ်ကြိမ် ထစ်ချုန်းရွာပြီး တစ်ခါတစ်ရံ သည်းထန်နိုင်ပါသည်။ ရွာရန် ရာနှုန်းပြည့် ဖြစ်ပါသည်။

မိုး/ဇလ

Sithar Farm နှင့် အကျိုးတူပူးပေါင်း၍ ကော်ဖီပင် ၅၀ မှ ၃၀၀ အထိ ပိုင်ဆိုင်စိုက်ပျိုးနိုင်မည့် အစီအစဉ် ဖိတ်ခေါ်

မန္တလေး နိုဝင်ဘာ ၉

Sithar Farm နှင့် အကျိုး တူပူးပေါင်းကာ ကိုယ်ပိုင်ကော်ဖီ စိုက်ခင်းတစ်ခု ပိုင်ဆိုင်စိုက်ပျိုး နိုင်မည့် ရေရှည်စီးပွားရေးလုပ်ငန်း အစီအစဉ်ကို စိုက်ပျိုးရေးဝါသနာ ပါသူများနှင့် ရင်းနှီးမြှုပ်နှံလိုသူ များအတွက် ဖိတ်ခေါ်ထားသည်။

အဆိုပါအစီအစဉ်တွင် ပါဝင် သူများအနေဖြင့် Sithar Farm ၌ ကော်ဖီပျိုးပင် အပင်ရေ ၅၀ မှ ၃၀၀ အထိ ကိုယ်ပိုင်ပိုင်ဆိုင် ခွင့်ရရှိကာ အကျိုးတူပူးပေါင်း စိုက်ပျိုးနိုင်မည်ဖြစ်ပြီး စိုက်ပျိုး ပြုစုပျိုးထောင်မှုဆိုင်ရာနည်းစနစ် များကိုလည်း ကျွမ်းကျင်ပညာရှင် များက သင်တန်းပို့ချသွားမည်ဖြစ် သည်။

ထို့အပြင် ကော်ဖီသီးနှံများ ရိတ်သိမ်းချိန်တွင် ထွက်ရှိလာမည့် ကော်ဖီများကို ပြည်ပဈေးကွက် သို့ တင်ပို့ရောင်းချနိုင်ရေးအတွက် ဈေးကွက်ရှာဖွေခြင်းနှင့် နိုင်ငံ တကာတင်ပို့မှုဆိုင်ရာ လုပ်ငန်း စဉ်များကို Sithar Farm က တာဝန်ယူဆောင်ရွက်ပေးသွားမည် ဖြစ်ကြောင်း ဖော်ပြထားသည်။

စိုက်ပျိုးပြီး ငါးနှစ်မြောက် မှစတင်၍ ကနဦးရင်းနှီးမြှုပ်နှံ မှုများ ပြန်လည်ရရှိပြီးဖြစ်ကာ နှစ်စဉ်လုပ်ငန်းလည်ပတ်စရိတ် များ နုတ်ယူပြီးနောက် ရရှိလာ သည့် အသားတင်အမြတ်ငွေများ ကို ရေရှည်ခွဲဝေခံစားနိုင်မည်ဟု Sithar Farm က ဖော်ပြထား သည်။

အကျိုးတူပူးပေါင်းဆောင် ရွက်မှုကို တရားဝင်စာချုပ်ဖြင့် ချုပ်ဆိုဆောင်ရွက်သွားမည်ဖြစ် ပြီး အမြတ်အစွန်းခွဲဝေမှုဆိုင်ရာ စည်းမျဉ်းများ၊ နှစ်စဉ်ဘဏ္ဍာရေး စာရင်းရှင်းတမ်းများ စစ်ဆေးနိုင် ခွင့်နှင့် ပုံမှန်အစည်းအဝေးများ ပြုလုပ်ခြင်းတို့ဖြင့် ပွင့်လင်းမြင် သာစွာ လုပ်ငန်းလည်ပတ်သွား မည်ဖြစ်သည်။ (ဝဲပုံ)



သဘာဝပတ်ဝန်းကျင်ထိန်း သိမ်းရေးနှင့် ရေရှည်တည်တံ့သော စိုက်ပျိုးရေးစနစ်များကို အလေး ထားဆောင်ရွက်မည့်အပြင် သဘာဝ ဘေးအန္တရာယ်နှင့် မမျှော်မှန်းနိုင် သည့် အခြေအနေများ ကြုံတွေ့ လာပါက နှစ်ဖက်ညှိနှိုင်းဖြေရှင်း နိုင်မည့် လုပ်ငန်းမူဘောင်များ လည်းထည့်သွင်းထားကြောင်း Sithar Farm က ဖော်ပြထားသည်။

အဆိုပါအစီအစဉ်နှင့်ပတ် သက်၍ အသေးစိတ်သိရှိလိုသူ များအနေဖြင့် ရန်ကုန်၊ နေပြည် တော်၊ မန္တလေး၊ တောင်ကြီးနှင့် ပြင်ဦးလွင်မြို့များရှိ Sithar Coffee Showroom များတွင် ဆက်သွယ်စုံစမ်းနိုင်သည့်အပြင် KBZPay Mini App မှတစ် ဆင့်လည်း လေ့လာနိုင်ကြောင်း သိရသည်။

ရွှေမန်း

၀-၀-၀-၀-၀

၂၀၂၆ ခုနှစ် ၊ နိုဝင်ဘာ ၁၀ ရက် ၊ အင်္ဂါနေ့။

ယဉ်ကျေးမှုအမွေအနှစ်များကို လက်ဆင့်ကမ်း၍ ဘာသာ၊သာသနာ အခွန့်ရှည်ကြာရေးဆောင်ရွက်လျက်ရှိ

လောကတွင် သစ်ပင်ရိပ်က အေးမြပြီး ထိုအေးမြလှသော သစ်ပင်၏ အရိပ်၌ အပန်းဖြေ ခိုနားမိလျှင် သစ်ပင်ကို ကျေးဇူးတင်ကြရမည်ဖြစ်သည်။သစ်ပင်၏ အကိုင်းအခက်တို့ကို မဖျက်ဆီးရာ၊ ဖျက်ဆီးခဲ့လျှင် အဆွေခင်ပွန်းကို ဖျက်ဆီးရာရောက်မည်ဟု အလေးအနက်ထားခံယူကြသော မြန်မာတို့၏ စိတ်ဓာတ်က ပို၍ အေးမြစေမည်ဖြစ်သည်။ သူတစ်ပါးတို့၏ ကျေးဇူးတရားကို မပြတ်ဆင်ခြင် နှလုံးသွင်းတတ်သည့် ယဉ်ကျေးသော စိတ်ဓာတ်သည် မွန်မြတ်လှပါသည်။ မြင်းမိုရ်တောင်ဦး၊ မကကျူးသည့် ကျေးဇူးရှင်များအဖြစ် ခံယူကာ အထူးပင်အလေးထားကြသည်။

ထို့ပြင်ဘုရား၊ တရား၊ သံဃာ ရတနာမြတ်သုံးပါး၏ ဂုဏ်ကျေးဇူးကိုလည်း ရိုသေလေးမြတ်စွာ ကိုးကွယ်ကြသည်။ မြန်မာတို့သည် ဗုဒ္ဓဘုရား၏ တရားအရိပ်တွင် ယဉ်ကျေးသော လူမျိုးများအဖြစ်ရပ်တည် ရှင်သန်ခဲ့ကြသည်။ ဘုရားဟောကြားတော်မူသည့် တရားတော်များက မြန်မာတို့၏ စိတ်ကိုယဉ်ကျေးသိမ်မွေ့စေမည်ဖြစ်သည်။ ရှေးခေတ်ကစတင်၍ ယနေ့ခေတ်အထိ မြန်မာလူမျိုးမိဘများ၊ ဆရာများ၊ သားသမီးများ၊ တပည့်များကို မိမိတို့နားကြားရသည့် တရားအသိ၊ ဖတ်ရှုလေ့လာထားသော တရားအသိများကို ပြန်လည်မျှဝေဆုံးမပေးသည်။ အင်းဝခေတ်မှ စတင်ကာ မြန်မာစာဆိုတို့ကလည်း ဗုဒ္ဓ၏အဆုံးအမများကို ကဗျာအလင်္ကာများရေးဖွဲ့ စပ်ဆိုကာဆုံးမစာများရေးသားပြုစုခဲ့ကြသည်။

ထိုသို့ဆုံးမစာများကို လေ့လာမှတ်သားကာ မိဘဆရာသမားများက ကလေးငယ်များကိုဆုံးမသွန်သင်ကြသည်။ ယနေ့ခေတ်သည် ပညာခေတ်ဟုခေါ်ဆိုကြပြီး ပညာကိုသာ ကိုးကွယ်ရာဟု ခံယူထားကြသည်။ အင်းဝခေတ်ကပင် မြန်မာပညာရှိတို့က ပညာခေတ်ဟု သတ်မှတ်ခဲ့ကြပြီး လူ့လောကတွင် တင့်တယ်စေ၍ လိမ္မာယဉ်ကျေးစွာဖြင့် ရက်တည်ရှင်သန်နိုင်ရန် ပညာသည်သာ အားထား ရာဖြစ်သည်။ထို့ပြင် မြန်မာတို့သည် ငါးပါးသီလကို ခါးဝတ်ပုဆိုးကဲ့သို့ စောင့်ထိန်းသူများဖြစ်၍ ကိုယ့်ကျင့်တရားကို အလေးအနက်ထားသူများပီပီ သားသမီးများအား ရိုးသားဖြောင့်မတ်စွာနေထိုင်သွားလာတတ်စေရန် "ဟုတ်သောအကြံ၊ မှန်သောအကျင့် သင့်သောအယူ၊ ဖြူသောနှလုံး၊ သူတော်ထုံးကို၊ စွဲသုံးသောထွေ၊ မှန်လှစေ"ဟု ဆုံးမစာတစ်ခု၌ ရေးဖွဲ့ ပြဆိုထားသည်။ လူကြီးသူမများနှင့်ဆက်ဆံရာတွင် ရိုသေနှိမ့်ချ ယဉ်ကျေးစွာပြောဆိုတတ်စေရန် လိုအပ်မည်ဖြစ်သည်။ ထို့ကြောင့် မြန်မာလူငယ်တို့၏ ကိုယ်နှုတ်နှလုံး အမူအရာများသည် နှစ်သက်ဖွယ်ကောင်းလှသည်။ နှစ်သက်ဖွယ်ကောင်းအောင်လည်း လေ့လာသင်ယူနေကြရမည်ဖြစ်သည်။ ထို့ပြင်မြန်မာတို့သည် ယဉ်ကျေးမှု အစဉ်အလာများကို ထိန်းသိမ်းခြင်းဖြင့် ဘာသာ၊ သာသနာကို အခွန့်ရှည်ကြာစွာ ထွန်းလင်းတောက်ပစေခဲ့သည်။ အလှူပြုတိုင်း စုပေါင်းဆောင်ရွက်ခြင်းဖြင့် ညီညွတ်စည်းလုံးသောအလှကို မြန်မာတို့သည် သားယောကျာ်းလေးများကို အရွယ်ရောက်စပြုသည်နှင့် သာသနာဘောင်သို့ သွတ်သွင်းချီးမြှင့်သည့် ရှင်ပြုအလှူပွဲများ ကျင်းပလေ့ရှိကြသည်။ ထိုရှင်ပြုအလှူပွဲတွင် ကျရာအခန်းကဏ္ဍမှ ပါဝင်၍ ဝိုင်းဝန်းကူညီဆောင်ရွက်ခြင်းမှာလည်း မြန်မာ့စိတ်အလှ ပင်ဖြစ်သည်။

သို့ဖြစ်ရာ မြန်မာလူမျိုးတို့သည် ဗုဒ္ဓဘုရားရှင်၏ တရားတော်များကို နှလုံးသွင်းကာ ယဉ်ကျေးသောစိတ်အလှများ ပျိုးထောင်ကာ ယဉ်ကျေးမှုအမွေအနှစ်များကို လက်ဆင့်ကမ်း၍ဘာသာ၊ သာသနာ အခွန့်ရှည်ကြာရေးအတွက် ဆောင်ရွက်လျက်ရှိကြောင်း ရေးသားလိုက်ရပေသည်။

တတိယအကြိမ် မန္တလေးတိုင်းဒေသကြီးလွှတ်တော် အရေးပေါ်အစည်းအဝေး (၁/၂၀၂၆) (ပထမနေ့) စတင်ကျင်းပ

မန္တလေး နိုဝင်ဘာ ၉

တတိယအကြိမ် မန္တလေးတိုင်းဒေသကြီးလွှတ်တော် အရေးပေါ်အစည်းအဝေး(၁/၂၀၂၆)(ပထမနေ့)ကို (၉.၁၁.၂၀၂၆)ရက်နေ့ နံနက်(၁၀း၀၀) နာရီတွင် မန္တလေးတိုင်းဒေသကြီး လွှတ်တော်အစည်းအဝေး ခန်းမ၌ အစီအစဉ်(၁၄)ရပ်ဖြင့် ကျင်းပရာ အစည်းအဝေးသို့ မန္တလေးတိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌ ဦးအောင်ကျော်မိုး၊ လွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးကျော်မြင့်၊ တိုင်းဒေသကြီး အစိုးရအဖွဲ့ဝင် ဝန်ကြီးများနှင့် တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ်များ စုစုပေါင်း(၆၆)ဦးတက် ရောက်သည်။ ပထမဦးစွာ တိုင်းဒေသကြီး လွှတ်တော်ဥက္ကဋ္ဌက နှုတ်ခွန်းဆက်စကားပြောကြားခဲ့ပြီး၊ မန္တလေးတိုင်းဒေသကြီးဝန်ကြီးချုပ်က အဆိုပြုသော " မန္တလေးတိုင်းဒေသကြီး တရားလွှတ်တော် တရားသူကြီး"၏ အမည်စာရင်းကို လွှတ်တော်သို့ကြေညာခြင်းနှင့် အမည်စာရင်းတင်သွင်းထားသည့် ပုဂ္ဂိုလ်နှင့်စပ်လျဉ်း၍ ကန့်ကွက်လိုသည့် လွှတ်တော်ကိုယ်စားလှယ်များရှိ ပါက အမည်စာရင်းပေးသွင်းနိုင်ကြောင်း ကြေညာသည်။

ထို့နောက် တိုင်းဒေသကြီး လွှတ်တော် ဥက္ကဋ္ဌက "စက်မှု၊ စွမ်းအင်၊ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းစောင့်ရှောက်ရေး ကော်မတီ"နှင့် "ပို့ဆောင်ရေး၊ ဆက်သွယ်ရေးနှင့် ဆောက်လုပ်ရေးဆိုင်ရာကော်မတီ" တို့အားအမည်ပြောင်းလဲခြင်း၊ ကော်မတီဥက္ကဋ္ဌနှင့် အဖွဲ့ဝင် ပြောင်းလဲခြင်း၊ လုပ်ငန်းတာဝန်များ ပြင်ဆင်ခြင်းတို့နှင့် စပ်လျဉ်း၍ လွှတ်တော်သို့ တင်ပြသည်။

ဆက်လက်၍ ပြင်ဆင်သတ်မှတ်သည့် ကော်မတီတို့၏ တာဝန်များနှင့်စပ်လျဉ်း၍ လွှတ်တော် ဒုတိယဥက္ကဋ္ဌက ရှင်းလင်းပြောကြားခြင်း၊ ၄င်းကော်မတီတို့နှင့် ပတ်သက်၍ အမည်ပြောင်းလဲခြင်း၊ ကော်မတီဥက္ကဋ္ဌနှင့် အဖွဲ့ဝင်ပြောင်းလဲခြင်း၊ လုပ်ငန်းတာဝန်များ ပြင်ဆင်ခြင်းတို့နှင့် စပ်လျဉ်း၍ ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်များရှိပါက အမည်စာရင်းပေးသွင်းနိုင်ကြောင်း ကြေညာသည်။ မန္တလေးတိုင်းဒေသကြီးလွှတ်တော် အရေးပေါ်အစည်းအဝေး (၁/၂၀၂၆) (ပထမနေ့)ကို (၁၀း၄၀) နာရီတွင် ရပ်နားကြောင်းနှင့် အစည်းအဝေး (ဒုတိယနေ့) ကို ၁၀.၁၁.၂၀၂၆ (အင်္ဂါနေ့) နံနက် (၁၀း၀၀)နာရီတွင် ဆက်လက်ကျင်းပသွားမည်ဖြစ်သည်။

(မန္တလေးနေ့စဉ်-၈)



မန်းရွှေဝိဇူရဇာတ်တော်ကြီး ကပြဖျော်ဖြေမည့်အစီအစဉ်အား အသိပေးကြေညာခြင်း

(၂၇)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ဗဟိုအဆင့်တွင် မန္တလေးတိုင်းဒေသကြီး ကိုယ်စားပြုဝင်ရောက်ယှဉ်ပြိုင်ခဲ့သည့် ဒါရိုက်တာ ကိုရွှေသက်(MCDC)၏ မန်းရွှေဝိဇူရအဖွဲ့ကြီးက ဝိဇူရဇာတ်တော်ကြီးဖြင့် အဖွဲ့လိုက် ဒုတိယငွေတံဆိပ်ဆုနှင့်တစ်ဦးချင်း ထူးချွန်ရွှေတံဆိပ်(၅)ဆုအပါအဝင် ထူးချွန်ဆုများရရှိခဲ့ပါသည်။

အဆိုပါ ပြိုင်ပွဲတွင် ရရှိခဲ့သော ဆုများမှာ-

-ဇာတ်ညွှန်းအကောင်းဆုံးဆု	-	ပန်တျာဦးသန်းအောင်(မန်း)
-ဝိဇူရမင်းသားအကောင်းဆုံးဆု	-	ပိုင်ထက်ဝေ
-ပုဏ္ဍကအကောင်းဆုံးဆု	-	ပန်တျာဝေယံဦး
-နှစ်ပါးသွားအကောင်းဆုံးဆု	-	ပိုင်ထက်ဝေ၊ ယမင်းအောင်၊ ကေတုမတီဘိုမ၊ ယွန်းသံစဉ်။
-ဂီတမှူးဇာတ်ပို့ဆိုင်းအကောင်းဆုံးဆု	-	ဂီတမဏ္ဍိုင်သား ဗိုလ်နိုင်တို့သည်ဆုတံဆိပ်များဖြင့် မန္တလေးတိုင်းဒေသကြီးအတွက် ဂုဏ်ယူဖွယ်အောင်မြင်မှုများ ရရှိခဲ့သည့် မန်းရွှေဝိဇူရအဖွဲ့ကြီး၏ ဝိဇူရဇာတ်တော်ကြီးကို မန္တလေးမြို့တော်သူ၊ မြို့တော်သားများ ကြည့်ရှုခံစားနိုင်ရန် ကပြဖျော်ဖြေတင်ဆက်သွားမည်ဖြစ်ပြီး သီတဂူမောင်မောင် YouTube Channel မှလည်း တိုက်ရိုက်(Live)ထုတ်လွှင့် ပြသသွားမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

နေ့ရက်	-	(၁၁-၁၁-၂၀၂၆)၊ (၁၂-၁၁-၂၀၂၆) ရက် ၁၃၈၈ ခုနှစ်-တန်ဆောင်မုန်းလဆန်း(၂၊ ၃)ရက်
အချိန်	-	ညနေ(၆း၀၀)နာရီ
နေရာ	-	မန္တလေးမြို့၊ ကျောက်တော်ကြီးဘုရားအနီး၊ မြို့ရွှေမန်းသားဖိုးချစ်ဇာတ်ရုံ။

မိတ္တီလာမြို့နယ်၌ ခေတ်မီစံပြကျေးရွာထူထောင်ရေးစီမံကိန်း ကဏ္ဍအလိုက်အသိပညာပေးဆွေးနွေး

မိတ္တီလာ နိုဝင်ဘာ ၉

မန္တလေးတိုင်းဒေသကြီး၊ မိတ္တီလာမြို့နယ် ခေတ်မီစံပြကျေးရွာထူထောင်ရေးစီမံကိန်း ကဏ္ဍအလိုက် အသိပညာပေးဆွေးနွေးပွဲကို ယမန်နေ့က ညောင်မြင့်စံပြကျေးရွာတွင် ကျင်းပခဲ့သည်။

အဆိုပါခေတ်မီစံပြကျေးရွာထူထောင်ရေးစီမံကိန်း ကဏ္ဍအလိုက် အသိပညာပေးဆွေးနွေးပွဲတွင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ တာဝန်ရှိသူက ၂၀၂၆- ၂၀၂၇ ခုနှစ်ဘဏ္ဍာရေးနှစ် ခေတ်မီစံပြကျေးရွာထူထောင်ရေးစီမံကိန်းကဏ္ဍအလိုက်အသိပညာပေးဆွေးနွေးပွဲကျင်းပရခြင်းနှင့် ပတ်သက်၍ ရှင်းလင်းပြောကြားခဲ့ပြီး သက်ဆိုင်ရာဌာနများမှ တာဝန်ရှိသူများက ဌာနအလိုက် အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည့် လုပ်ငန်းများအား အသီးသီးဆွေးနွေးပြောကြားခဲ့သည်။ ၄င်းနောက် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ဝန်ထမ်းများက ခေတ်မီစံပြကျေးရွာထူထောင်ရေးစီမံကိန်းနှင့် ပတ်သက်သည့် လိုက်နာရမည့်အချက်များပါသည့် လက်ကမ်းစာစောင်များအား ဖြန့်ဝေပေးခဲ့ကြောင်း သိရသည်။

(၄၆၉)

မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ မန္တလေးနေ့စဉ်သတင်းစာကို ထုတ်ဝေခွင့်အမှတ်(၀၁၀၄၁) မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီပုံနှိပ်တိုက် ကြော်ငြာဌာန
ပုံနှိပ်ထုတ်ဝေခွင့် (၀၁၂၈၁)၊ ၃၅လမ်းနှင့် ၇၁လမ်းထောင့်တွင် ပုံနှိပ်ထုတ်ဝေသည်။ စာတိုက်သေတ္တာအမှတ်(၃၆)၊ ကြေးနန်းလိပ် မန်း/နေ့စဉ်၊ ဖုန်း ၀၉-၇၅၁၁၇၀၁၁၉
အယ်ဒီတာ၊ သတင်းထောက်၊ ကွန်ပျူတာ၊ စာပြင်၊ ဖြန့်ချိရေး၊ ပုံနှိပ် ဖုန်း ၀၂-၂၈၄၇၃၉၈၊ ၀၂-၂၈၃၂၀၀၇ ၊ mdydailynewspaper@gmail.com ၂၉လမ်း၊ ၇၃ လမ်းနှင့် ၇၄ လမ်းကြား။

✪ ရှေ့ဖုံးမှ

နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဥက္ကဋ္ဌ ဆရာတော်ကြီးနှင့် အကျိုးတော်ဆောင် ဆရာတော်ကြီးများ အမှူးပြုသော ဒေသခံဆရာတော်များ ပင့်ဆောင်ပြီး ကထိန်သင်္ကန်းနှင့်အတူ အခြံအရံ လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းသွားမည့်အခြေအနေများ၊ သံဃာရာမကျောင်းဆောင် လေးဆောင်တွင် သီတင်းသုံးကြမည့် ဆရာတော်ကြီးများ စိတ်နှလုံးချမ်းမြေ့စေရေးအတွက် ရေ၊ မီး၊ သန့်ရှင်းရေး၊ စိမ်းလန်းစိုပြည်ရေး ပူးပေါင်းဆောင်ရွက်ရေး၊ အခမ်းအနားသို့ ကြွရောက်တော်မူလာကြမည့် ဆရာတော်ကြီးများအား အရုဏ်ဆွမ်း၊ နေ့ဆွမ်းဆက်ကပ်ရာတွင် ဆွမ်းနှင့် ဆွမ်းဟင်းလျာများ ကျန်းမာရေးနှင့် ညီညွတ်မှုရှိစေရေး သက်ဆိုင်ရာကော်မတီအလိုက် ဆောင်ရွက်ရန် လိုအပ်မှုအခြေအနေများ၊ ဆရာတော်ကြီးများအား ကျန်းမာရေးစောင့်ရှောက်မှုပေးနိုင်ရန် သံဃာရာမကျောင်းဆောင် အဆောင် (၂)တွင် ယခင်နှစ်များ နည်းတူ အနောက်တိုင်းဆေးခန်းနှင့် တိုင်းရင်းဆေးခန်းများ ဖွင့်လှစ်ပေးရန် လိုအပ်မှုအခြေအနေများ၊ ပဒေသာပင်များကို တင့်တင့်တယ်တယ်နှင့် ကြည်ညိုဖွယ်ဖြစ်အောင် ပြင်ဆင်ဆောင်ရွက်ကြရန်နှင့် ပဒေသာပင်များအား ကထိန်ခံကျောင်းတိုက်သို့ပို့ဆောင်ရာတွင် စနစ်တကျရှိစေရေး စီမံဆောင်ရွက်သွားရန် လိုအပ်မှုအခြေအနေများကို အသေးစိတ်ရှင်းလင်းပြောကြားပြီး နိုင်ငံတော်အဆင့်အခမ်းအနားဖြစ်သည်နှင့် အညီ လုပ်ငန်းဆောင်ရွက်သည့်နေရာတွင် လစ်ဟာမှုများမရှိအောင် ဆပ်ကော်မတီများအလိုက် စနစ်တကျစီမံခန့်ခွဲခြင်း၊ ပေါင်းစပ်ညှိနှိုင်းခြင်း၊ ကြိုတင်ဇာတ်တိုက်လေ့ကျင့်မှုများ ပြုလုပ်ခြင်းတို့ ဆောင်ရွက်သွားကြရန်နှင့် ကထိန်သင်္ကန်း ဆက်ကပ်လှူဒါန်းပွဲအခမ်းအနားကြီး ခုံညားထည်ဝါစွာ ကျင်းပပြုလုပ်နိုင်ရေးအတွက် သက်ဆိုင်ရာကော်မတီအသီးသီးက စနစ်တကျစီစဉ်ဆောင်ရွက်ပေးကြရန် တိုက်တွန်းပြောကြားသည်။

ထို့နောက် ဦးစီးကော်မတီဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီး၊ လုပ်ငန်းကော်မတီဥက္ကဋ္ဌ ဒုတိယဝန်ကြီးနှင့် ဆပ်ကော်မတီအသီးသီးမှ ကော်မတီဥက္ကဋ္ဌများနှင့် တာဝန်ရှိသူများက ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် အစိုးရ ၂၀၂၆ ခုနှစ် ကထိန်သင်္ကန်း ဆက်ကပ်လှူဒါန်းပွဲအခမ်းအနားအောင်မြင်စွာ ကျင်းပနိုင်ရေးအတွက် သက်ဆိုင်ရာကော်မတီအလိုက် ကြိုတင်ပြင်ဆင်ဆောင်ရွက်ထားရှိမှု၊ ဆောင်ရွက်ပြီးစီးမှုနှင့် ဆက်လက်ဆောင်ရွက်မည့်လုပ်ငန်းစဉ်များကို ရှင်းလင်းတင်ပြကြသည်။

ယင်းနောက် ဒုတိယသမ္မတက တင်ပြချက်များအပေါ် ပြန်လည်သုံးသပ်ဆွေးနွေးပြီး လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးကာ နိဂုံးချုပ်အမှာစကားပြောကြား၍ အစည်းအဝေးကို ရုပ်သိမ်းလိုက်သည်။

သတင်းစဉ်

❍ မိုးစပါးမှ

(ဂ) စပါးရိတ်သိမ်းစက်၊ ခြွေလှေ့စက်၊ ရိတ်သိမ်းခြွေလှေ့စက်၊ အခြောက်ခံစက်များကို အသုံးပြုပြီး တလင်းပျောက်စနစ်ကို ဆောင်ရွက်ပါ။

(ဃ) ခြွေလှေ့ပြီးစပါးများကို အမြန်ဆုံး အမိုးအကာအောက်သို့ ရောက်ရှိအောင် ဆောင်ရွက်ပါ။

(င) စပါးရိတ်သိမ်းရာတွင် လူလုပ်အားဖြင့် ဆောင်ရွက်ရမည်ဆိုပါက တစ်ကွက်ချင်းကို အပြီးရိတ်သိမ်းပြီး ချက်ချင်းခြွေလှေ့ခြင်း လုပ်ငန်းကို ဆောင်ရွက်ပါ။

(စ) ချက်ချင်း မခြွေလှေ့နိုင်သည့် ကောက်လှိုင်းထုံးများကို ကန်သင်းပေါ်တွင် စုပုံမထားဘဲ အမိုးအကာအောက်သို့ အမြန်ဆုံးသယ်ယူ၍ စနစ်တကျ စုပုံထားပါ။

(ဆ) ကောက်လှိုင်းများရွှေ့ပြောင်းရန် အချိန်မမီပါက တာလပတ်/ပလတ်စတစ်များဖြင့် ဖုံးအုပ်ထားပါ။

(ဇ) ရိတ်သိမ်းပြီးစပါးခင်းထဲတွင် ကောက်ပြန့်များရှိပါက အမြန်ဆုံး ကောက်လှိုင်းစည်း၍ ဖိုခနောက်ဆိုင် ထောင်ထားပါ။ ကောက်လှိုင်းများကို မိုးရေလျှောဆင်းနိုင်ရန် တစ်ဖက်ရပ်စုပုံပါ။

(ဈ) စုပုံထားသော ကောက်လှိုင်းပုံများကို နေသာချိန်တွင် အမြန်ဆုံး ခြွေလှေ့ပြီး အစိုဓာတ် (၁၄)ရာခိုင်နှုန်း ရရှိသည်အထိ အခြောက်ခံစက်(သို့မဟုတ်) နေလှန်း၍အခြောက်ခံပါ။

(ည) ဆောင်းသီးနှံများစိုက်ပျိုးရာတွင် စိုက်ခင်းများ မပျက်စီးရန် အတွက် စိမ့်မြောင်း၊ ပတ်မြောင်းများဆောင်ရွက်ပါ။

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန

❖ ပို့ကုန်တင်ပို့သူများမှ

ထို့ပြင် မြန်မာနိုင်ငံတော်ဗဟိုဘဏ်၏ (၁၆-၈-၂၀၂၂)ရက်စွဲပါစာအမှတ် အက်ဖ်အီး-၁/ပက/၁၉၅၆ ဖြင့် ပို့ကုန်ရငွေအားပုဂ္ဂလိက နိုင်ငံခြားငွေစာရင်းတွင် ရက် ၃၀ ထားရှိခွင့်ကို သတ်မှတ်ထုတ်ပြန်ခဲ့ပြီး ဖြစ်ပါသည်။

ပို့ကုန်ရငွေအနက်မှ ကိုယ်တိုင်သုံးစွဲနိုင်မည့် ပမာဏအား ဘဏ်စာရင်းတွင် ထားရှိနိုင်သည့်ရက်ကို တိုးမြှင့်ပေးခြင်းသည် ပို့ကုန်လုပ်ငန်းရှင်များအနေဖြင့် သွင်းကုန်လိုင်စင်လျှောက်ထား ခြင်း၊ ပြည်ပသို့ ငွေပေးချေခြင်းများကို ဆောင်ရွက်ရာတွင် လုံလောက်သည့်အချိန်ရရှိရန်၊ ပို့ကုန်၊ သွင်းကုန်အတွက် နိုင်ငံခြားငွေလုပ်ငန်းလည်ပတ်မှု အဆင်ပြေချောမွေ့စေရန်နှင့် ကုန်သွယ်မှုကဏ္ဍ ဖွံ့ဖြိုးတိုးတက်စေရန်တို့အတွက် ရည်ရွယ်၍ ပို့ကုန်တင်ပို့သူများအနေဖြင့် ပို့ကုန်ရငွေအနက်မှ ကိုယ်တိုင်သုံးစွဲနိုင်မည့် ပမာဏကို ပို့ကုန်လုပ်ငန်းရှင်၏ နိုင်ငံခြားငွေဘဏ်စာရင်းတွင် ထားရှိနိုင်သည့် ရက် ၃၀ အစား ၄၅ ရက်အထိ တိုးမြှင့်ခြင်းကို မြန်မာနိုင်ငံတော်ဗဟိုဘဏ်မှ ခွင့်ပြုထားပြီးဖြစ်ကြောင်း သတင်းထုတ်ပြန်အပ်ပါသည်။

မြန်မာနိုင်ငံတော်ဗဟိုဘဏ်



အစိုးရနည်းပညာကောလိပ်၊ အစိုးရစက်မှုလက်မှုသိပ္ပံနှင့် သက်မွေးပညာသင်တန်းကျောင်းများ၏ လုပ်ငန်းညှိနှိုင်းအစည်းအဝေး ကျင်းပ



နေပြည်တော် နိုဝင်ဘာ ၉

နိုင်ငံတော်၏ လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေးနှင့် စက်မှု၊ စိုက်ပျိုးရေး၊ MSME ကဏ္ဍများအတွက် လိုအပ်သည့် နည်းပညာရှင်နှင့် ကျွမ်းကျင်လုပ်သားများ မွေးထုတ်ပေးနိုင်ရေးအတွက် သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန၊ နည်းပညာ၊ သက်မွေးပညာနှင့် လေ့ကျင့်ရေးဦးစီးဌာနရှိ အစိုးရနည်းပညာကောလိပ်များ၊ အစိုးရ စက်မှုလက်မှုသိပ္ပံများ၊ အစိုးရ နည်းပညာအထက်တန်းကျောင်းများ၊ သက်မွေးပညာသင်တန်းကျောင်းများ၊ နည်းပညာ၊ သက်မွေးပညာနှင့် လေ့ကျင့်ရေး ဆရာအတတ်သင် ကောလိပ်/သိပ္ပံများနှင့် Naypyitaw Polytechnic Institute တို့၏ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယနေ့နံနက်ပိုင်းတွင် အစိုးရစက်မှုလက်မှုသိပ္ပံ (နေပြည်တော်) အစည်းအဝေးခန်းမ၌ Hybrid စနစ်ဖြင့် ကျင်းပသည်။

အစည်းအဝေးသို့ သိပ္ပံနှင့် နည်းပညာ ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမျိုးသိန်းကျော်၊ ဒုတိယဝန်ကြီး ဒေါက်တာ နေခြည်လဲ့လဲ့သိန်း၊ အမြဲတမ်းအတွင်းဝန်၊ ညွှန်ကြားရေးမှူးချုပ်များ၊ ကျောင်းအုပ်ကြီးများနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

အစည်းအဝေးတွင်ပြည်ထောင်စုဝန်ကြီးက စက်မှုလက်မှုလုပ်ငန်းများ၊ လယ်ယာစိုက်ပျိုးရေးနှင့် MSME လုပ်ငန်းများ၏ လိုအပ်ချက်များနှင့်ကိုက်ညီသည့် ကျွမ်းကျင်လုပ်သားများမွေးထုတ်ပေးနိုင်ရေးအတွက် သက်ဆိုင်ရာဌာနများနှင့် ပုဂ္ဂလိကလုပ်ငန်းရှင်များ ပူးပေါင်းဆောင်ရွက်ကြရန် လိုအပ်ကြောင်း၊ ဆရာ၊ ဆရာမများအနေဖြင့်လည်း မိမိတို့၏ သက်ဆိုင်ရာပညာရပ်နယ်ပယ်များတွင် ကျွမ်းကျင်တတ်မြောက်မှုရှိစေရန်နှင့် ခေတ်နှင့်အညီ တိုးတက်ပြောင်းလဲနေသော နည်းပညာများကို စဉ်ဆက်မပြတ် လေ့လာသင်ယူကာ သင်ကြားသင်ယူမှု လုပ်ငန်းစဉ်များတွင် အကျိုးရှိထိရောက်စွာ အသုံးချနိုင်ရေး ဆောင်ရွက်ကြရန် လိုအပ်ကြောင်း ပြောကြားသည်။

ထို့နောက် ဒုတိယဝန်ကြီး ဒေါက်တာ နေခြည်လဲ့လဲ့သိန်းက နည်းပညာနှင့် သက်မွေးပညာရေး ကဏ္ဍကို လက်တွေ့အသုံးချနိုင်သည့် ကျွမ်းကျင်မှုများအပေါ် အခြေခံ၍ ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ရန်နှင့် ဒေသတွင်း အလုပ်အကိုင်လိုအပ်ချက်များနှင့် ကိုက်ညီမှုရှိစေရေး စနစ်တကျ အကောင်အထည်ဖော်ဆောင်ရွက်ရန် လိုအပ်မှု၊ သင်တန်းများ၏ သင်ရိုးညွှန်းတမ်းနှင့် သင်ကြားလေ့ကျင့်မှုများသည် လုပ်ငန်းခွင်၏ လက်တွေ့လိုအပ်ချက်များနှင့် ကိုက်ညီမှုရှိစေရေး၊ လုပ်ငန်းခွင်၌ အမှန်တကယ် အသုံးချနိုင်သည့် ကျွမ်းကျင်မှုများ ရရှိစေရေး အလေးထား ဆောင်ရွက်ရန် လိုအပ်မှု၊ ယင်းလုပ်ငန်းစဉ်များကို လက်တွေ့အကောင်အထည်ဖော် ဆောင်ရွက်ကြမည့် ဆရာ၊ ဆရာမများ၏ အရည်အသွေးနှင့် ကျွမ်းကျင်မှုများ အဓိကကျမှု၊ ဘာသာရပ် နယ်ပယ်များတွင် သီအိုရီပိုင်းသာမက လက်တွေ့လုပ်ငန်းခွင်၌ အသုံးချနိုင်သည့် ကျွမ်းကျင်မှုများပါ ပြည့်ဝစေရေး၊ ခေတ်မီနည်းပညာများနှင့် အညီ မိမိတို့၏ လက်တွေ့ကျွမ်းကျင်မှုများကို စဉ်ဆက်မပြတ် မြှင့်တင်လေ့လာဆောင်ရွက်ကြရန် လိုအပ်မှုအခြေအနေများကို ရှင်းလင်းပြီး ယခုအစည်းအဝေး၏ ဆွေးနွေးညှိနှိုင်းချက်များအပေါ်အခြေခံ၍ လက်တွေ့အကောင်အထည်ဖော်နိုင်မည့် လုပ်ငန်းအစီအစဉ်များ ချမှတ် ဆောင်ရွက်ကြရန် တိုက်တွန်းပြောကြားသည်။

ယင်းနောက် ကောလိပ်၊ သိပ္ပံနှင့် ကျောင်းများမှ ကျောင်းအုပ်ကြီးများက မိမိတို့၏ သက်ဆိုင်ရာကျောင်းများတွင် ကြုံတွေ့နေရသည့် အခက်အခဲများ၊ သင်ကြားသင်ယူမှုဆိုင်ရာ ကိစ္စရပ်များ၊ လိုအပ်ချက်များနှင့် ရှေ့ဆက်ဆောင်ရွက်မည့် လုပ်ငန်းစဉ်များကို ဆွေးနွေးတင်ပြကြရာ တာဝန်ရှိသူများက လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ပေးကြသည်။

အဆိုပါကောလိပ်၊ သိပ္ပံ၊ ကျောင်းနှင့် သက်မွေးပညာသင်တန်းကျောင်းများ၏ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို နိုဝင်ဘာ ၉ ရက်မှ ၁၀ ရက်အထိ ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

သတင်းစဉ်

အမျိုးသားယဉ်ကျေးမှုနှင့် အနုပညာတက္ကသိုလ်(မန္တလေး)၏ (၂၅)နှစ်တာကာလအတွင်း တက္ကသိုလ်မှ ဘွဲ့ရရှိသူ ၁၇၃၆ ဦး အထိရှိ

မန္တလေး နိုဝင်ဘာ ၉

အမျိုးသားယဉ်ကျေးမှုနှင့် အနုပညာတက္ကသိုလ်(မန္တလေး)သည် (၂၅)နှစ်တာကာလအတွင်း တက္ကသိုလ်မှ ဘွဲ့ရရှိသူပေါင်း ၁၇၃၆ ဦးကို မွေးထုတ်ပေးနိုင်ခဲ့ပြီးဖြစ်ကြောင်း အမျိုးသားယဉ်ကျေးမှုနှင့်အနုပညာတက္ကသိုလ်(မန္တလေး)၏ တာဝန်ရှိသူများ ထံမှ သိရသည်။ **(ဝဲပုံ)**

အဆိုပါတက္ကသိုလ်ကို ရွှေစာရံဘုရားလမ်း၊ အုန်းချောကျေးရွာ၊ ပုသိမ်ကြီးမြို့နယ်တွင် ၂၀၀၁ ခုနှစ်၊ နိုဝင်ဘာ ၅ ရက်မှာ စတင်ဖွင့်လှစ်ခဲ့ပြီး ဂီတ၊ သဘင်၊ ပန်းချီ၊ ပန်းပု၊ ရုပ်ရှင်နှင့် ပြဇာတ်ပညာရပ်များကို စာပေပညာရပ်များနှင့်ပေါင်းစပ်ကာ ဝိဇ္ဇာဘွဲ့သင်တန်း၊ ဘွဲ့လွန်အနုပညာဒီပလိုမာသင်တန်းနှင့် မဟာဝိဇ္ဇာဘွဲ့သင်တန်းများအပြင် ၂၀၁၄-၂၀၁၅ ပညာသင်နှစ်တွင် ဘွဲ့လွန်စာကြည့် တိုက်စီမံခန့်ခွဲမှုပညာ ဒီပလိုမာသင်တန်းများ ဖွင့်လှစ်သင်ကြားပေးလျက်ရှိရာ ၄င်းတက္ကသိုလ်မှ ကျောင်းသား၊ ကျောင်းသူများသည် သက်ဆိုင်ရာလုပ်ငန်းနှင့် အနုပညာနယ်ပယ်အသီးသီးတွင် အောင်မြင်လျက်ရှိကြောင်း အမျိုးသားယဉ်ကျေးမှုနှင့် အနုပညာတက္ကသိုလ်(မန္တလေး)၏ တာဝန်ရှိသူတစ်ဦးက ပြောသည်။

ထို့အပြင် ၂၀၂၅-၂၀၂၆ ပညာသင်နှစ်မှစတင်၍ အသုံးချဒီဂျစ်တယ်အနုပညာသင်တန်းနှင့် အနုပညာဒီပလိုမာသင်တန်းများကို တိုးချဲ့ဖွင့်လှစ်ထားသည်။

၄င်းတက္ကသိုလ်သည် မြန်မာ့ယဉ်ကျေးမှုအမွေအနှစ်များကို ရှာဖွေဖော်ထုတ်ထိန်းသိမ်းရေးနှင့် တိုးတက်ပြန့်ပွားရေး၊ ပြည်ထောင်စု တိုင်းရင်းသားလူမျိုးများ၏ ယဉ်ကျေးမှုနှင့် ဓလေ့ထုံးစံများကို ဖော်ထုတ်မြှင့်တင်သင်ကြားပို့ချနိုင်ရေး၊ မြန်မာ့ရိုးရာအနုပညာရပ်များကို ခေတ်နှင့်အညီ တိုးတက်ပြန့်ပွားအောင် စနစ်တကျသင်ကြားပို့ချပေးလျက်ရှိပြီး ပြည်ပနိုင်ငံများရှိ အနုပညာတက္ကသိုလ်များနှင့် လည်း အပြန်အလှန် ပူးပေါင်းဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ **(မန္တလေးနေ့စဉ်-၅)**

မြေအောက်ရေစီမံခန့်ခွဲမှုဥပဒေကြမ်း

ပြည်သူများသိရှိလေ့လာအကြံပြုနိုင်ရန် ဖော်ပြခြင်းဖြစ်ပါသည်။
အကြံပြုစာများကို ပြည်ထောင်စုလွှတ်တော်ရုံးသို့ လိပ်မူပေးပို့နိုင်ပါသည်။

(၂၀၂၆ ခုနှစ်၊ ပြည်ထောင်စုလွှတ်တော် ဥပဒေအမှတ်)
၁၃၈၈ ခုနှစ်၊ လ၊ ရက်
(၂၀၂၆ ခုနှစ်၊ လ၊ ရက်)

ပြည်ထောင်စုလွှတ်တော်သည် ဤဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

အခန်း (၁)

အမည်နှင့် အဓိပ္ပာယ်ဖော်ပြချက်များ

၁။ ဤဥပဒေကို **မြေအောက်ရေစီမံခန့်ခွဲမှုဥပဒေ**ဟု ခေါ်တွင်စေရမည်။

၂။ ဤဥပဒေတွင်ပါရှိသော အောက်ပါစကားရပ်များသည် ဖော်ပြပါအတိုင်း အဓိပ္ပာယ်သက်ရောက်စေရမည်-

(က) **မြေအောက်ရေ** ဆိုသည်မှာ မြေမျက်နှာပြင်အောက်ရှိ ရေအောင်းလွှာအတွင်းတည်ရှိသော ရေကိုဆိုသည်။ ယင်းစကားရပ်တွင် မြစ်၊ချောင်း၊ကန်စသည်တို့၏ရေအောက်ကြမ်းပြင်အောက်ရှိ ရေအောင်းလွှာအတွင်းတည်ရှိသော ရေနှင့် နယ်စပ်ဖြတ်ကျော် **မြေအောက်**ရေအောင်းလွှာအတွင်း တည်ရှိသောရေလည်း ပါဝင်သည်။

(ခ) **မြေအောက်ရေထုတ်ယူသုံးစွဲခြင်း** ဆိုသည်မှာ မြေအောက်ရေကို စက်အင်အားအသုံးပြု၍ သော်လည်းကောင်း၊ သဘာဝအလျောက် ရေလျှံထွက်ခြင်းဖြင့်သော်လည်းကောင်း၊ တစ်နည်းနည်းဖြင့်သော်လည်းကောင်း ထုတ်ယူသုံးစွဲခြင်းကိုဆိုသည်။

(ဂ) **မြေအောက်ရေစီမံခန့်ခွဲမှု** ဆိုသည်မှာ မြေအောက်ရေအောင်းလွှာဇုန်စီမံခန့်ခွဲခြင်း (Groundwater zone management)၊ မြေအောက်ရေထုတ်ယူသုံးစွဲခြင်း၊ ထိန်းသိမ်းခြင်း၊ စောင့်ကြပ်ကြည့်ရှုခြင်းနှင့် သုတေသနပြုခြင်း လုပ်ငန်းစဉ်အဆင့်ဆင့်အား စီမံခန့်ခွဲမှုကိုဆိုသည်။

(ဃ) **မြေအောက်ရေထိန်းသိမ်းခြင်း** ဆိုသည်မှာ မြေအောက်ရေ၏ ရေရှည်ထုတ်ယူသုံးစွဲသွားနိုင်မှု၊ အရည်အသွေးနှင့် သဘာဝစနစ်ဝန်းတည်တံ့စေမှုတို့အား ထိန်းသိမ်းကာကွယ်ခြင်းကို ဆိုသည်။

(င) **စက်ရေတွင်း** ဆိုသည်မှာ မြေအောက်ရေကို ပိုက်ချ၍ထုတ်ယူသော ရေတွင်းကိုဆိုသည်။ ယင်းစကားရပ်တွင် အပေါ်ဆုံးရေအောင်းလွှာအတွင်း တည်ရှိသောရေကို ထုတ်ယူသည့် လက်တူးတွင်းတိမ်များမပါဝင်။

(စ) **ရေလျှံဇုန်** ဆိုသည်မှာ ဗဟိုကော်မတီက သတ်မှတ်ထားသည့် သဘာဝအလျောက် ရေလျှံတွင်းများ တူးဖော်ရရှိနိုင်သောဇရိယာကို ဆိုသည်။

(ဆ) **မြေအောက်ရေအောင်းလွှာဇုန်** ဆိုသည်မှာ မြေအောက်ရေခိုအောင်းရာသဲလွှာ သို့မဟုတ် စရစ်ဖြုန်းကျောက်လွှာတို့ အနက်ပေအလိုက် ပျံ့နှံ့တည်ရှိသည့် တစ်ဆက်တစ်စပ်တည်း နယ်မြေဒေသ (Groundwater Basin)ကို ဆိုသည်။

(ဇ) **မြေအောက်တမံ** ဆိုသည်မှာ ရွှေ့လျားစီးဆင်းနေသည့် မြေအောက်ရေအား ရယူအသုံးပြုနိုင်ရန် မြေမျက်နှာပြင်အောက်တွင် တည်ဆောက်သောတမံ (Subsurface Dam) ကို ဆိုသည်။

(စျ) **ဗဟိုကော်မတီ** ဆိုသည်မှာ ဤဥပဒေအရ အစိုးရအဖွဲ့.က ဖွဲ့စည်းသော မြေအောက်ရေကြီးကြပ်ထိန်းသိမ်းရေးဗဟိုကော်မတီကို ဆိုသည်။

(ည) **လုပ်ငန်းအဖွဲ့** ဆိုသည်မှာ ဤဥပဒေအရဖွဲ့စည်းသော တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်၊ ပြည်ထောင်စုနယ်မြေနှင့် မြို့နယ် မြေအောက်ရေကြီးကြပ်ထိန်းသိမ်းရေးလုပ်ငန်းအဖွဲ့.ကို ဆိုသည်။

(ဋ) **မြေအောက်ရေအရည်အသွေး** ဆိုသည်မှာ မြေအောက်ရေ၏ ရုပ်ပိုင်းဆိုင်ရာ အရည်အသွေး၊ ဓာတုပိုင်းဆိုင်ရာ အရည်အသွေး၊ အဏုဇီဝဆိုင်ရာအရည်အသွေး၊ ပိုးမွှားဗေဒဆိုင်ရာအရည်အသွေး၊ ရေဒီယိုဓာတ်သတ္တိဆိုင်ရာအရည်အသွေးကို ဆိုသည်။

(ဌ) **တူးဖော်ခွင့်ပြုမိန့်** ဆိုသည်မှာ မြေအောက်ရေကို ထုတ်ယူသုံးစွဲခြင်းပြုရန် သက်ဆိုင်ရာလုပ်ငန်းအဖွဲ့.က ထုတ်ပေးသော စက်ရေတွင်းတူးဖော်ခွင့်ပြုသည့်အမိန့်ကို ဆိုသည်။

(ဍ) **လုပ်ငန်းလိုင်စင်** ဆိုသည်မှာမြေအောက်ရေထုတ်ယူရေးအတွက်ပုဂ္ဂလိကအဖွဲ့အစည်းသို့မဟုတ် ပုဂ္ဂိုလ်တစ်ဦးဦးအား သက်ဆိုင်ရာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လုပ်ငန်းအဖွဲ့ သို့မဟုတ် ပြည်ထောင်စုနယ်မြေလုပ်ငန်းအဖွဲ့.က ထုတ်ပေးသော စက်ရေတွင်းတူးဖော်ခြင်း ဝန်ဆောင်မှုဆိုင်ရာ လုပ်ငန်းလိုင်စင်ကို ဆိုသည်။

(ဎ) **သုံးစွဲခွင့်ပြုမိန့်** ဆိုသည်မှာ တူးဖော်ခွင့်ပြုမိန့်အရ တူးဖော်သော စက်ရေတွင်းမှ ထွက်ရှိသည့် မြေအောက်ရေ၏အရည်အသွေးကို စစ်ဆေးပြီးနောက် အိမ်သုံးအတွက်ဖြစ်စေ၊ စိုက်ပျိုး မွေးမြူရေးအပါအဝင် စီးပွားရေးလုပ်ငန်းသုံးအတွက်ဖြစ်စေ ထုတ်ယူသုံးစွဲခြင်းပြုရန် သက်ဆိုင်ရာ လုပ်ငန်းအဖွဲ့.က ထုတ်ပေးသော ခွင့်ပြုသည့်အမိန့်ကို ဆိုသည်။

(ဏ) **အိမ်သုံး** ဆိုသည်မှာ တွင်း၀အချင်း ၂ လက်မထက်မပိုသော စက်ရေတွင်းမှရေကို အိမ်သုံးအတွက် ထုတ်ယူသုံးစွဲခြင်းကို ဆိုသည်။

(တ) **လုပ်ငန်းသုံး** ဆိုသည်မှာ စက်ရေတွင်းမှရေကို လုပ်ငန်းသုံးအတွက် ထုတ်ယူသုံးစွဲခြင်းကို ဆိုသည်။

(ထ) **အစိုးရအဖွဲ့** ဆိုသည်မှာ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ပြည်ထောင်စုအစိုးရအဖွဲ့.ကို ဆိုသည်။

(ဒ) **ဝန်ကြီးဌာန** ဆိုသည်မှာ ပြည်ထောင်စုအစိုးရ၊ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး၀န်ကြီးဌာနကို ဆိုသည်။

(ဓ) **ဦးစီးဌာန** ဆိုသည်မှာ အစိုးရအဖွဲ့.၏သဘောတူညီချက်ဖြင့် ဗဟိုကော်မတီက တာ၀န်ပေးအပ်သည့် ဦးစီးဌာနကို ဆိုသည်။

အခန်း (၂)

ရည်ရွယ်ချက်

၃။ ဤဥပဒေ၏ ရည်ရွယ်ချက်များမှာ အောက်ပါအတိုင်းဖြစ်ပါသည် -

(က) အမျိုးသားအဆင့် ရေမူဝါဒများအား အကောင်အထည်ဖော် ဆောင်ရွက်ရန်၊

(ခ) မြေအောက်ရေကို သက်ရှိလောကအတွက် အရေးကြီးသော သဘာဝအရင်းအမြစ်တစ်ခုအဖြစ် နားလည်တန်ဖိုးထားတတ်စေရန်၊

(ဂ) မြေအောက်ရေကို သဘာဝပတ်ဝန်းကျင်မထိခိုက်စေဘဲ စနစ်တကျထုတ်ယူသုံးစွဲခြင်းပြုရေးအတွက် ကြီးကြပ်ဆောင်ရွက်ရန်နှင့် အသိပညာဖြန့်ဖြူးရန်၊

(ဃ) မြေအောက်ရေကို သဘာဝပတ်ဝန်းကျင် မထိခိုက်စေဘဲ စနစ်တကျထုတ်ယူသုံးစွဲခြင်းဖြင့် မြေအောက်ရေလျော့နည်းဆုံးရှုံးရာမှ သောက်သုံးရေရှားပါးမှုအန္တရာယ် ကြိုတင်ကာကွယ်ရန်၊

(င) မြေအောက်ရေ၏ ရေရှည်ထုတ်ယူသုံးစွဲသွားနိုင်မှု၊ အရည်အသွေးနှင့် သဘာဝစနစ်တည်တံ့စေမှုတို့ကို ထိန်းသိမ်းကာကွယ်ရန်၊

(စ) ကျန်းမာရေးနှင့်ညီညွတ်ပြီး ကောင်းမွန်သောရေအရင်းအမြစ်မှ သန့်ရှင်းသည့်သောက်ရေ၊ သုံးရေကို ပြည်သူများ ထုတ်ယူသုံးစွဲနိုင်စေရန်၊

(ဆ) မြေအောက်ရေစီမံခန့်ခွဲမှုလုပ်ငန်းကို သက်ဆိုင်ရာအစိုးရဌာန၊ အစိုးရအဖွဲ့.အစည်းများ၊ အစိုးရမဟုတ်သောအဖွဲ့.အစည်းများ၊ ကျွမ်းကျင်သူပညာရှင်များနှင့် လိုအပ်သလို ပူးပေါင်းညှိနှိုင်းဆောင်ရွက်နိုင်ရန်၊

(ဇ) မြေအောက်ရေ စီမံခန့်ခွဲမှုလုပ်ငန်းနှင့်စပ်လျဉ်း၍ အပြည်ပြည်ဆိုင်ရာအဖွဲ့.အစည်းများ၊ ဒေသဆိုင်ရာအဖွဲ့.အစည်းများနှင့် နိုင်ငံအချင်းချင်း ပူးပေါင်းဆောင်ရွက်နိုင်ရန်။

အခန်း(၃)

ဗဟိုကော်မတီနှင့် လုပ်ငန်းအဖွဲ့.အဆင့်ဆင့်ဖွဲ့စည်းခြင်းနှင့် တာ၀န်နှင့် လုပ်ပိုင်ခွင့်များ

၄။ အစိုးရအဖွဲ့.သည်-

(က) ဗဟိုကော်မတီကို အောက်ပါအတိုင်းဖွဲ့စည်းရမည် -

(၁)	ပြည်ထောင်စုဝန်ကြီး သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး၀န်ကြီးဌာန	ဥက္ကဋ္ဌ
(၂)	ဒုတိယဝန်ကြီး သမဝါယမနှင့်ကျေးလက်ဖွံ့ဖြိုးရေး၀န်ကြီးဌာန	ဒုတိယဥက္ကဋ္ဌ
(၃)	ဒုတိယဝန်ကြီး စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်း၀န်ကြီးဌာန	အဖွဲ့၀င်
(၄)	ဒုတိယဝန်ကြီး နယ်စပ်ရေးရာ၀န်ကြီးဌာန	အဖွဲ့၀င်
(၅)	ဒုတိယဝန်ကြီး ကျန်းမာရေး၀န်ကြီးဌာန	အဖွဲ့၀င်
(၆)	ဒုတိယဝန်ကြီး ဆောက်လုပ်ရေး၀န်ကြီးဌာန	အဖွဲ့၀င်
(၇)	နေပြည်တော်ကောင်စိ၀င် နေပြည်တော်ကောင်စီ	အဖွဲ့၀င်
(၈)	ညွှန်ကြားရေးမှူးချုပ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန	အဖွဲ့၀င်
(၉)	ညွှန်ကြားရေးမှူးချုပ် ရေအရင်းအမြစ်နှင့် မြစ်ချောင်းများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန	အဖွဲ့၀င်
(၁၀)	ညွှန်ကြားရေးမှူးချုပ် ပတ်၀န်းကျင်ထိန်းသိမ်းရေးဦးစီးဌာန	အဖွဲ့၀င်
(၁၁)	ညွှန်ကြားရေးမှူးချုပ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန	အဖွဲ့၀င်
(၁၂)	ညွှန်ကြားရေးမှူးချုပ် စက်မှုပူးပေါင်းဆောင်ရွက်ရေးဦးစီးဌာန	အဖွဲ့၀င်
(၁၃)	ညွှန်ကြားရေးမှူးချုပ် ဘူမိဗေဒလေ့လာရေးနှင့် ဓာတ်သတ္တုရှာဖွေရေးဦးစီးဌာန	အတွင်းရေးမှူး
(၁၄)	ညွှန်ကြားရေးမှူးချုပ် ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန	တွဲဖက်အတွင်းရေးမှူး

(ခ) ပုဒ်မခွဲ (က) အရ ဖွဲ့စည်းသော ဗဟိုကော်မတီကို လိုအပ်ပါက ပြင်ဆင်ဖွဲ့စည်းနိုင်သည်။

၅။ ဗဟိုကော်မတီ၏ တာ၀န်နှင့် လုပ်ပိုင်ခွင့်များမှာ အောက်ပါအတိုင်း ဖြစ်သည်-

(က) အစိုးရအဖွဲ့.၏သဘောတူညီချက်ဖြင့် မြေအောက်ကြီးကြပ်ခြင်းနှင့် မြေအောက်ရေထိန်းသိမ်းခြင်းဆိုင်ရာမူဝါဒများ ချမှတ်ခြင်း၊

(ခ) မြေအောက်ရေနှင့် စပ်လျဉ်းသည့် သတင်းအချက်အလက်များ စုဆောင်းခြင်းဆိုင်ရာ ဗဟိုဌာန (Database Centre) တစ်ခု ထူထောင်ပြီး အချက်အလက်များစုဆောင်းခြင်း၊ မှတ်တမ်းပြုခြင်း၊ စူးစမ်းလေ့လာခြင်း၊ သုတေသနပြုခြင်းတို့နှင့်စပ်လျဉ်း၍ ဦးစီးဌာန၏ဆောင်ရွက်ချက်ကို ကြီးကြပ်ခြင်း၊ လမ်းညွှန်ခြင်း၊ မြေအောက်ရေကိုအသုံးချရာတွင် စောင့်ကြည့်ကွပ်ကဲရေးစနစ်ထားရှိခြင်း၊ ဦးစီးဌာနမှတစ်ဆင့် လုပ်ငန်းအဖွဲ့.အဆင့်ဆင့်အား သတင်းအချက်အလက်များဖြန့်ဝေခြင်း၊

(ဂ) မြေအောက်ရေကို ထုတ်ယူသုံးစွဲခြင်းပြုရာတွင် မြေအောက်ရေ၏ သဘာဝစနစ်ကို ထိခိုက်ပျက်စီးစေနိုင်ခြင်း ရှိ မရှိ၊ လူနှင့်ပတ်ဝန်းကျင် မထိခိုက်စေရန် သတ်မှတ်သည့် စံချိန်စံညွှန်းများနှင့်အညီ လိုက်နာဆောင်ရွက်ခြင်း ရှိ မရှိ စီစစ်ကြီးကြပ်ခြင်းနှင့် အသိပညာဖြန့်ဖြူးခြင်း၊

(ဃ) နည်းပညာ၊ ငွေကြေးနှင့် ကျွမ်းကျင်မှုဆိုင်ရာ အကူအညီများလိုအပ်ပါက အစိုးရအဖွဲ့.အစည်းများ၊ အစိုးရမဟုတ်သော အဖွဲ့.အစည်းများ၊ ပြည်တွင်း၊ ပြည်ပ မြေအောက်ရေကျွမ်းကျင်ပညာရှင်များနှင့် အဖွဲ့.အစည်းများထံမှ အကူအညီရယူခြင်းနှင့် ပူးပေါင်းဆောင်ရွက်ခြင်း၊

(င) မြေအောက်ရေကို ရှာဖွေခြင်း၊ ထုတ်ယူသုံးစွဲခြင်းနှင့် ကြီးကြပ်ခြင်းဆိုင်ရာ လုပ်ငန်းတာ၀န်များကို အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရေးအတွက် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လုပ်ငန်းအဖွဲ့.များနှင့် ပြည်ထောင်စုနယ်မြေလုပ်ငန်းအဖွဲ့.ကို ဖွဲ့စည်းခြင်းနှင့် လုပ်ငန်းတာ၀န်များသတ်မှတ်ခြင်း၊

စာမျက်နှာ ၅ သို့ ↗

☆ စာမျက်နှာ ၄ မှ

(၈) သက်ဆိုင်ရာလုပ်ငန်းတာဝန်များကို အောင်မြင်စွာ အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန် သင့်လျော်သောလုပ်ငန်းတာဝန်များကို ဦးစီးဌာနအား လွှဲအပ်တာဝန်ပေးခြင်း၊

(ဆ) လုပ်ငန်းလိုင်စင်ကြေးအပါအဝင် အခြားသော အခကြေးငွေများကို သတ်မှတ်ခြင်း၊

(၉) သုံးစွဲခွင့်ပြုမိန့်အတွက် ကာလအတိုင်းအတာနှင့် ထုတ်ယူသုံးစွဲရမည့် ခွင့်ပြုရေပမာဏသတ်မှတ်ခြင်း၊

(၁၀) အစိုးရအဖွဲ့က အခါအားလျော်စွာပေးအပ်သော အခြားလုပ်ငန်းတာဝန်များကို ဆောင်ရွက်ခြင်း၊

(၁၁) သက်ဆိုင်ရာ ကျွမ်းကျင်ပညာရှင်များပါဝင်သော ဗဟိုကော်မတီ၏အကြံပေးအဖွဲ့ကို ဖွဲ့စည်းခြင်း။

၆။ ဗဟိုကော်မတီသည် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် လုပ်ငန်းအဖွဲ့ သို့မဟုတ် ပြည်ထောင်စုနယ်မြေ လုပ်ငန်းအဖွဲ့ကို အောက်ပါအတိုင်းဖွဲ့စည်းရမည် -

(က) နေပြည်တော်ကောင်စီ ဥက္ကဋ္ဌ သို့မဟုတ် ဝန်ကြီးချုပ် သက်ဆိုင်ရာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့ ဥက္ကဋ္ဌ

(ခ) နေပြည်တော်ကောင်စီဝင် သို့မဟုတ် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်၏ သက်ဆိုင်ရာ ဝန်ကြီးတစ်ဦး ဒုတိယဥက္ကဋ္ဌ

(ဂ) ဒုတိယညွှန်ကြားရေးမှူးအဆင့်အောက် မနိမ့်သော ပုဂ္ဂိုလ် တစ်ဦးစီ
(၁) နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန
(၂) ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန
(၃) ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန
(၄) ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန
(၅) ပြည်သူ့ကျန်းမာရေးဦးစီးဌာန
(၆) မြို့ပြနှင့် အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာန
(၇) သက်ဆိုင်ရာ စည်ပင်သာယာရေးကော်မတီ
အဖွဲ့ဝင်

(ဃ) အတွင်းရေးမှူး
နေပြည်တော်ကောင်စီ သို့မဟုတ် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့ အတွင်းရေးမှူး

(င) ညွှန်ကြားရေးမှူး
ပတ်ဝန်းကျင်ထိန်းသိမ်းရေး ဦးစီးဌာန တွဲဖက် အတွင်းရေးမှူး

၇။ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လုပ်ငန်းအဖွဲ့ သို့မဟုတ် ပြည်ထောင်စုနယ်မြေ လုပ်ငန်းအဖွဲ့၏ တာဝန်နှင့် လုပ်ပိုင်ခွင့်များမှာ အောက်ပါအတိုင်း ဖြစ်သည်-

(က) မြေအောက်ရေနှင့်စပ်လျဉ်းသည့် အချက်အလက်များစုဆောင်းခြင်း၊ မှတ်တမ်းပြုခြင်း၊ သုတေသနပြုခြင်းတို့နှင့်စပ်လျဉ်း၍ ဦးစီးဌာန၏ ဆောင်ရွက်ချက်ကို ကြီးကြပ်ခြင်း၊ လမ်းညွှန်ခြင်း၊ မြေအောက်ရေကိုအသုံးချရာတွင် စောင့်ကြည့်ကွပ်ကဲရေးစနစ်ထား၍ခြင်း၊

(ခ) မြေအောက်ရေကို ထုတ်ယူသုံးစွဲခြင်းပြုရာတွင် မြေအောက်ရေ၏ သဘာဝစနစ်ကို ထိခိုက်ပျက်စီးစေနိုင်ခြင်း ရှိ မရှိ၊ လူနှင့် ပတ်ဝန်းကျင် မထိခိုက်စေရန် သတ်မှတ်သည့် စံချိန်စံညွှန်းများနှင့်အညီ လိုက်နာဆောင်ရွက်ခြင်း ရှိ မရှိ စိစစ်ကြီးကြပ်ခြင်းနှင့် အသိပညာဖြန့်ဖြူးခြင်း၊

(ဂ) မြေအောက်ရေကို ထုတ်ယူသုံးစွဲခြင်းနှင့် မြေအောက်ရေကြီးကြပ်ခြင်းဆိုင်ရာ လုပ်ငန်းတာဝန်များကို အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရေးအတွက် လိုအပ်သောလုပ်ငန်းအဖွဲ့ အဆင့်ဆင့်ဖွဲ့စည်းခြင်းနှင့် လုပ်ငန်းတာဝန်များ သတ်မှတ်ခြင်း၊

(ဃ) လုပ်ငန်းတာဝန်များကို အောင်မြင်စွာ အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန် သင့်လျော်သော လုပ်ငန်းတာဝန်များကို မြို့နယ်လုပ်ငန်းအဖွဲ့များအား လွှဲအပ်တာဝန်ပေးအပ်ခြင်း၊

(င) ဗဟိုကော်မတီအဖွဲ့က အခါအားလျော်စွာပေးအပ်သော အခြားလုပ်ငန်းတာဝန်များကို ဆောင်ရွက်ခြင်း၊

(စ) လုပ်ငန်းလိုင်စင် သို့မဟုတ် လုပ်ငန်းသုံးအတွက် တူးဖော်ခွင့်ပြုမိန့် သို့မဟုတ် သုံးစွဲခွင့်ပြုမိန့် ထုတ်ပေးရန် လျှောက်ထားချက်ကို ခွင့်ပြုခြင်း၊ ပြင်ဆင်ဆောင်ရွက်စေခြင်း သို့မဟုတ် ငြင်းပယ်ခြင်း၊

(ဆ) လုပ်ငန်းသုံး တူးဖော်ခွင့်ပြုမိန့် သက်တမ်းတိုးလျှောက်ထားချက်ကို ခွင့်ပြုခြင်း၊ ပြင်ဆင်ဆောင်ရွက်စေခြင်း သို့မဟုတ် ငြင်းပယ်ခြင်း၊

(ဇ) တူးဖော်ထားသောစက်ရေတွင်းများကို ဝင်ရောက်စစ်ဆေးခြင်း၊

(ဈ) အယူခံဝင်မှုများကို စိစစ်ဆုံးဖြတ်ခြင်း။

၈။ သက်ဆိုင်ရာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် လုပ်ငန်းအဖွဲ့ သို့မဟုတ် ပြည်ထောင်စုနယ်မြေ လုပ်ငန်းအဖွဲ့သည် မြို့နယ်လုပ်ငန်းအဖွဲ့များကို အောက်ပါအတိုင်း ဖွဲ့စည်းရမည် -

(က) အုပ်ချုပ်ရေးမှူး ဥက္ကဋ္ဌ
မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန

(ခ) တာဝန်ခံ အဖွဲ့ဝင်
မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန

(ဂ) တာဝန်ခံ အဖွဲ့ဝင်
မြို့နယ်ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန

(ဃ) တာဝန်ခံ အဖွဲ့ဝင်
မြို့နယ်မြေစာရင်းဦးစီးဌာန

(င) တာဝန်ခံ အဖွဲ့ဝင်
မြို့နယ်သစ်တောဦးစီးဌာန

(စ) တာဝန်ခံ အဖွဲ့ဝင်
စိုက်ပျိုးရေးဦးစီးဌာန

(ဆ) တာဝန်ခံ အဖွဲ့ဝင်
မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာန

(ဇ) တာဝန်ခံ အဖွဲ့ဝင်
မြို့နယ်မြို့ပြနှင့် အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာန

(ဈ) အမှုဆောင်အရာရှိ အတွင်း
မြို့နယ်စည်ပင်သာယာရေးအဖွဲ့ ရေးမှူး

၉။ မြို့နယ်လုပ်ငန်းအဖွဲ့၏ တာဝန်နှင့် လုပ်ပိုင်ခွင့်များမှာ အောက်ပါအတိုင်းဖြစ်သည် -

(က) မြေအောက်ရေနှင့်စပ်လျဉ်းသည့် အချက်အလက်များ စုဆောင်းခြင်း၊ မှတ်တမ်းပြုခြင်း၊ သုတေသနပြုခြင်းတို့နှင့်စပ်လျဉ်း၍ ဦးစီးဌာန၏ လမ်းညွှန်ချက်အတိုင်း ကြီးကြပ်ခြင်း၊ လမ်းညွှန်ခြင်း၊ မြေအောက်ရေကို အသုံးချရာတွင် စောင့်ကြည့်ကွပ်ကဲရေးစနစ်ထား၍ခြင်း၊

(ခ) မြေအောက်ရေကို ထုတ်ယူသုံးစွဲခြင်းပြုရာတွင် မြေအောက်ရေ၏ သဘာဝစနစ်ကို ထိခိုက်ပျက်စီးစေနိုင်ခြင်း ရှိ မရှိ၊ လူနှင့် ပတ်ဝန်းကျင် မထိခိုက်စေရန် သတ်မှတ်သည့် စံချိန်စံညွှန်းများနှင့်အညီ လိုက်နာဆောင်ရွက်ခြင်း ရှိ မရှိ စိစစ်ကြီးကြပ်ခြင်းနှင့် အသိပညာဖြန့်ဖြူးခြင်း၊

(ဂ) ဗဟိုကော်မတီ၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လုပ်ငန်းအဖွဲ့နှင့် ပြည်ထောင်စုနယ်မြေ လုပ်ငန်းအဖွဲ့က အခါအားလျော်စွာ ပေးအပ်သော အခြားလုပ်ငန်းတာဝန်များကို ဆောင်ရွက်ခြင်း၊

(ဃ) အိမ်သုံးအတွက် တူးဖော်ခွင့်ပြုမိန့် သို့မဟုတ် သုံးစွဲခွင့်ပြုမိန့်ထုတ်ပေးရန် လျှောက်ထားချက်ကို ခွင့်ပြုခြင်း၊ ပြင်ဆင်ဆောင်ရွက်စေခြင်း သို့မဟုတ် ငြင်းပယ်ခြင်း၊

(င) အိမ်သုံးတူးဖော်ခွင့်ပြုမိန့် သက်တမ်းတိုးလျှောက်ထားချက်ကို ခွင့်ပြုခြင်း၊ ပြင်ဆင်ဆောင်ရွက်စေခြင်း သို့မဟုတ် ငြင်းပယ်ခြင်း၊

(စ) တူးဖော်ထားသောစက်ရေတွင်းများကို ဝင်ရောက်စစ်ဆေးခြင်း။

အခန်း(၄)

တူးဖော်ခွင့်ပြုမိန့်နှင့် သုံးစွဲခွင့်ပြုမိန့်

၁၀။ (က) မြေအောက်ရေကို အိမ်သုံးအတွက် စက်ရေတွင်း တူးဖော်လိုသူသည် တူးဖော်ခွင့်ပြုမိန့်ရရှိရေးအတွက် သက်ဆိုင်ရာ မြို့နယ်လုပ်ငန်းအဖွဲ့သို့ သတ်မှတ်ချက်နှင့်အညီ လျှောက်ထားရမည်။

(ခ) တူးဖော်ခွင့်ပြုမိန့်အရ တူးဖော်သော စက်ရေတွင်းမှထွက်ရှိသည့် မြေအောက်ရေကို အိမ်သုံးအတွက် ထုတ်ယူသုံးစွဲလိုသူသည် သုံးစွဲခွင့်ပြုမိန့်ရရှိရန် သက်ဆိုင်ရာမြို့နယ် လုပ်ငန်းအဖွဲ့သို့ သတ်မှတ်ချက်နှင့်အညီ လျှောက်ထားရမည်။

၁၁။ မြို့နယ်လုပ်ငန်းအဖွဲ့သည်-

(က) ပုဒ်မ ၁၀ ပုဒ်မခွဲ(က)အရ လျှောက်ထားချက်ကို သတ်မှတ်ချက်များနှင့်အညီ စိစစ်ပြီး အိမ်သုံးအတွက် တူးဖော်ခွင့်ပြုမိန့်ကို ထုတ်ပေးရန် ခွင့်ပြုခြင်း၊ ပြင်ဆင်ဆောင်ရွက်စေခြင်း သို့မဟုတ် ငြင်းပယ်ခြင်း ပြုနိုင်သည်။

(ခ) ပုဒ်မ ၁၀ ပုဒ်မခွဲ (ခ) အရ လျှောက်ထားချက်ကို သတ်မှတ်ချက်များနှင့်အညီ စိစစ်ပြီး အိမ်သုံးအတွက် သုံးစွဲခွင့်ပြုမိန့်ကို ထုတ်ပေးရန် ခွင့်ပြုခြင်း၊ ပြင်ဆင်ဆောင်ရွက်စေခြင်း သို့မဟုတ် ငြင်းပယ်ခြင်း ပြုနိုင်သည်။

၁၂။ (က) မြေအောက်ရေကို လုပ်ငန်းသုံးအတွက် စက်ရေတွင်းတူးဖော်လိုသူသည် တူးဖော်ခွင့်ပြုမိန့်ရရှိရေးအတွက် သက်ဆိုင်ရာ မြို့နယ်လုပ်ငန်းအဖွဲ့မှတဆင့် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လုပ်ငန်းအဖွဲ့ သို့မဟုတ် ပြည်ထောင်စုနယ်မြေလုပ်ငန်းအဖွဲ့သို့ သတ်မှတ်ချက်နှင့်အညီ လျှောက်ထားရမည်။

(ခ) တူးဖော်ခွင့်ပြုမိန့်အရ တူးဖော်သော စက်ရေတွင်းမှ ထွက်ရှိသည့်မြေအောက်ရေကို လုပ်ငန်းသုံးအတွက် ထုတ်ယူသုံးစွဲလိုသူသည် သုံးစွဲခွင့်ပြုမိန့်ရရှိရန် သက်ဆိုင်ရာမြို့နယ်လုပ်ငန်းအဖွဲ့မှတဆင့် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လုပ်ငန်းအဖွဲ့ သို့မဟုတ် ပြည်ထောင်စုနယ်မြေလုပ်ငန်းအဖွဲ့သို့ သတ်မှတ်ချက်နှင့်အညီ လျှောက်ထားရမည်။

၁၃။ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လုပ်ငန်းအဖွဲ့ သို့မဟုတ် ပြည်ထောင်စုနယ်မြေလုပ်ငန်းအဖွဲ့သည်-

(က) ပုဒ်မခွဲ ၁၂ ပုဒ်မခွဲ(က)အရ လျှောက်ထားချက်ကို သတ်မှတ်ချက်များနှင့်အညီ စိစစ်ပြီး လုပ်ငန်းသုံးအတွက် တူးဖော်ခွင့်ပြုမိန့်ကို ထုတ်ပေးရန် ခွင့်ပြုခြင်း၊ ပြင်ဆင်ဆောင်ရွက်စေခြင်း သို့မဟုတ် ငြင်းပယ်ခြင်း ပြုနိုင်သည်။

(ခ) ပုဒ်မ ၁၂ ပုဒ်မခွဲ(ခ)အရ လျှောက်ထားချက်ကို သတ်မှတ်ချက်များနှင့်အညီ စိစစ်ပြီး လုပ်ငန်းသုံးအတွက် သုံးစွဲခွင့်ပြုမိန့်ကို ထုတ်ပေးရန် ခွင့်ပြုခြင်း၊ ပြင်ဆင်ဆောင်ရွက်စေခြင်း သို့မဟုတ် ငြင်းပယ်ခြင်း ပြုနိုင်သည်။

၁၄။ တူးဖော်ခွင့်ပြုမိန့် သို့မဟုတ် သုံးစွဲခွင့်ပြုမိန့်ရရှိသူသည်-

(က) တူးဖော်ခွင့်ပြုမိန့် သို့မဟုတ် သုံးစွဲခွင့်ပြုမိန့်တို့ပါစည်းကမ်းချက်များကို လိုက်နာဆောင်ရွက်ရမည်။

(ခ) တူးဖော်ခွင့်ပြုမိန့် သို့မဟုတ် သုံးစွဲခွင့်ပြုမိန့် ထုတ်ပေးသည့် သက်ဆိုင်ရာလုပ်ငန်းအဖွဲ့၏ အခါအားလျော်စွာ စစ်ဆေးခြင်းကို ခံယူရမည်။

(ဂ) စက်ရေတွင်းကို အကြောင်းတစ်ရပ်ရပ်ကြောင့် ပိတ်သိမ်းလိုပါက သက်ဆိုင်ရာလုပ်ငန်းအဖွဲ့သို့ တင်ပြ၍ ခွင့်ပြုချက်ရယူရမည်။

အခန်း(၅)

လုပ်ငန်းလိုင်စင်

၁၅။ စက်ရေတွင်းတူးဖော်ခြင်းဝန်ဆောင်မှုလုပ်ငန်း ဆောင်ရွက်လိုသူသည် လုပ်ငန်းလိုင်စင်ရရှိရန် သက်ဆိုင်ရာမြို့နယ်လုပ်ငန်းအဖွဲ့မှတဆင့် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လုပ်ငန်းအဖွဲ့ သို့မဟုတ် ပြည်ထောင်စုနယ်မြေလုပ်ငန်းအဖွဲ့သို့ သတ်မှတ်ချက်နှင့်အညီ လျှောက်ထားရမည်။

၁၆။ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လုပ်ငန်းအဖွဲ့ သို့မဟုတ် ပြည်ထောင်စုနယ်မြေလုပ်ငန်းအဖွဲ့သည် ပုဒ်မ ၁၅ အရ လျှောက်ထားချက်ကို သတ်မှတ်ချက်နှင့်အညီ စိစစ်ပြီး လုပ်ငန်းလိုင်စင်ထုတ်ပေးရန် ခွင့်ပြုခြင်း၊ ပြင်ဆင်ဆောင်ရွက်စေခြင်း သို့မဟုတ် ငြင်းပယ်ခြင်း ပြုနိုင်သည်။

၁၇။ လုပ်ငန်းလိုင်စင်ရရှိသူသည်-

(က) လုပ်ငန်းလိုင်စင်ပါ စည်းကမ်းချက်များကို လိုက်နာရမည်။

(ခ) သက်ဆိုင်ရာလုပ်ငန်းအဖွဲ့၏ အခါအားလျော်စွာ စစ်ဆေးခြင်းကို ခံယူရမည်။

အခန်း(၆)

သက်တမ်းတိုးလျှောက်ထားခြင်း

၁၈။ တူးဖော်ခွင့်ပြုမိန့်ရရှိသူသည်-

(က) စက်ရေတွင်းကို တူးဖော်ခွင့်ပြုမိန့်ပါ သတ်မှတ်ကာလအတွင်း ပြီးစီးအောင်တူးဖော်ရမည်။

(ခ) ပုဒ်မခွဲ(က)နှင့်အညီ စက်ရေတွင်းကို ပြီးစီးအောင်တူးဖော်နိုင်ခြင်းမရှိပါက တူးဖော်ခွင့်ပြုမိန့် သတ်မှတ်ကာလတိုးမြှင့်ပေးရန် တူးဖော်ခွင့်ပြုမိန့်ပေးသည့် လုပ်ငန်းအဖွဲ့သို့ သတ်မှတ်ချက်နှင့်အညီ လျှောက်ထားရမည်။

စာမျက်နှာ ၆ သို့ ☆

☆ စာမျက်နှာ ၅ မှ

၁၉။ ပုဒ်မ ၁၈၊ ပုဒ်မခွဲ (ခ)အရ သက်တမ်းတိုးမြှင့်ပေးရန် လျှောက်ထားချက်အပေါ် ခွင့်ပြုမိန့်ထုတ်ပေးသည့်လုပ်ငန်းအဖွဲ့သို့မဟုတ်ယင်းကတာဝန်လွှဲအပ်သောအဖွဲ့သည်ကွင်းဆင်းစစ်ဆေးပြီးနောက်သက်တမ်းတိုးမြှင့်ပေးသင့်ကြောင်းတွေ့ရှိလျှင် ယင်းခွင့်ပြုမိန့်ထုတ်ပေးသည့် လုပ်ငန်းအဖွဲ့က သက်တမ်းတိုးမြှင့်ပေးရမည်။

၂၀။ လုပ်ငန်းလိုင်စင်ရရှိသူသည် လိုင်စင်သက်တမ်းမကုန်ဆုံးမီ ရက်ပေါင်း ၃၀ အတွင်း သက်တမ်းတိုးမြှင့်ပေးရန် သက်ဆိုင်ရာ မြို့နယ်လုပ်ငန်းအဖွဲ့မှတစ်ဆင့် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လုပ်ငန်းအဖွဲ့သို့မဟုတ် ပြည်ထောင်စုနယ်မြေလုပ်ငန်းအဖွဲ့သို့ သတ်မှတ်ချက်များနှင့်အညီ လျှောက်ထားနိုင်သည်။

၂၁။ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လုပ်ငန်းအဖွဲ့ သို့မဟုတ် ပြည်ထောင်စုနယ်မြေ လုပ်ငန်းအဖွဲ့သည် ပုဒ်မ ၂၀ အရ လျှောက်ထားချက်ကို သတ်မှတ်ချက်များနှင့်အညီ စိစစ်ပြီး သက်တမ်းတိုးပေးရန် ခွင့်ပြုခြင်း၊ ပြင်ဆင်ဆောင်ရွက်စေခြင်း သို့မဟုတ် ငြင်းပယ်ခြင်း ပြုနိုင်သည်။

အခန်း(၇)

စီမံခန့်ခွဲရေးနည်းလမ်းအရ အရေးယူခြင်း

၂၂။ သက်ဆိုင်ရာ မြို့နယ်လုပ်ငန်းအဖွဲ့သည် အိမ်သုံးအတွက် တူးဖော်ခွင့်ပြုမိန့်၊ သို့မဟုတ် သုံးစွဲခွင့်ပြုမိန့်ရရှိသူက ပုဒ်မ ၁၄ ပါ ပြဋ္ဌာန်းချက်တစ်ရပ်ရပ်ကို လိုက်နာရန်ပျက်ကွက်လျှင် ထိုသူကို အောက်ပါစီမံခန့်ခွဲရေးနည်းလမ်းတစ်ရပ်ရပ်ကိုဖြစ်စေ၊ တစ်ရပ်ထက်ပို၍ဖြစ်စေ ချမှတ်နိုင်သည်-

(က) သတိပေးခြင်း၊

(ခ) ဒဏ်ကြေးငွေပေးဆောင်စေခြင်း၊

(ဂ) ကာလအကန့်အသတ်ဖြင့် ဆိုင်းငံ့ခြင်း၊

(ဃ) ပယ်ဖျက်ခြင်း။

၂၃။ သက်ဆိုင်ရာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လုပ်ငန်းအဖွဲ့ သို့မဟုတ် ပြည်ထောင်စုနယ်မြေလုပ်ငန်းအဖွဲ့သည် လုပ်ငန်းသုံးအတွက် တူးဖော်ခွင့်ပြုမိန့်၊ သို့မဟုတ် သုံးစွဲခွင့်ပြုမိန့်ရရှိသူက ပုဒ်မ ၁၄ ပါ ပြဋ္ဌာန်းချက်တစ်ရပ်ရပ်ကိုဖြစ်စေ၊ လုပ်ငန်းလိုင်စင်ရရှိသူက ပုဒ်မ ၁၇ ပါ ပြဋ္ဌာန်းချက်တစ်ရပ်ရပ်ကိုဖြစ်စေ လိုက်နာရန်ပျက်ကွက်လျှင် ထိုသူကို အောက်ပါစီမံခန့်ခွဲရေး နည်းလမ်းတစ်ရပ်ရပ်ဖြစ်စေ၊ တစ်ရပ်ထက်ပို၍ဖြစ်စေ ချမှတ်နိုင်သည်-

(က) သတိပေးခြင်း၊

(ခ) ဒဏ်ကြေးငွေပေးဆောင်စေခြင်း၊

(ဂ) ကာလအကန့်အသတ်ဖြင့် ဆိုင်းငံ့ခြင်း၊

(ဃ) ပယ်ဖျက်ခြင်း။

အခန်း (၈)

အယူခံခြင်း

၂၄။ (က) မြို့နယ်လုပ်ငန်းအဖွဲ့က ပုဒ်မ ၂၂ စီမံခန့်ခွဲရေးနည်းလမ်းအရ ချမှတ်သည့် ဆုံးဖြတ်ချက်တစ်ရပ်ရပ်ကိုသော်လည်းကောင်း၊ ဤဥပဒေအရချမှတ်သည့် အခြားဆုံးဖြတ်ချက် တစ်ရပ်ရပ်ကိုသော်လည်းကောင်း ကျေနပ်မှုမရှိသူသည် ဆုံးဖြတ်ချက်ချမှတ်သည့်နေ့မှ ရက်ပေါင်း ၃၀ အတွင်း သက်ဆိုင်ရာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လုပ်ငန်းအဖွဲ့၊ သို့မဟုတ် ပြည်ထောင်စုနယ်မြေ လုပ်ငန်းအဖွဲ့သို့ အယူခံနိုင်သည်။

(ခ) တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လုပ်ငန်းအဖွဲ့ သို့မဟုတ် ပြည်ထောင်စုနယ်မြေ လုပ်ငန်းအဖွဲ့သည် ပုဒ်မခွဲ (က) အရ အယူခံခြင်းနှင့်စပ်လျဉ်း၍ မြို့နယ်လုပ်ငန်းအဖွဲ့၏ ဆုံးဖြတ်ချက်ကို ပြင်ဆင်ခြင်း၊ အတည်ပြုခြင်း သို့မဟုတ် ပယ်ဖျက်ခြင်း ပြုနိုင်သည်။

(ဂ) ပုဒ်မခွဲ (ခ) အရ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လုပ်ငန်းအဖွဲ့ သို့မဟုတ် ပြည်ထောင်စုနယ်မြေ လုပ်ငန်းအဖွဲ့၏ ဆုံးဖြတ်ချက်သည် အပြီးအပြတ်ဖြစ်သည်။

၂၅။ (က) တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လုပ်ငန်းအဖွဲ့ သို့မဟုတ် ပြည်ထောင်စုနယ်မြေ လုပ်ငန်းအဖွဲ့က ပုဒ်မ ၂၃ စီမံခန့်ခွဲရေးနည်းလမ်းအရ ချမှတ်သည့် ဆုံးဖြတ်ချက်တစ်ရပ်ရပ်ကို သော်လည်းကောင်း၊ ဤဥပဒေအရ ချမှတ်သည့် အခြားဆုံးဖြတ်ချက် တစ်ရပ်ရပ်ကိုသော်လည်းကောင်း ကျေနပ်မှုမရှိသူသည် ဆုံးဖြတ်ချက် ချမှတ်သည့်နေ့မှ ရက်ပေါင်း ၃၀ အတွင်း ဗဟိုကော်မတီသို့ အယူခံနိုင်သည်။

(ခ) ဗဟိုကော်မတီသည် ပုဒ်မခွဲ (က) အရ အယူခံခြင်းနှင့်စပ်လျဉ်း၍ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လုပ်ငန်းအဖွဲ့ သို့မဟုတ် ပြည်ထောင်စုနယ်မြေ လုပ်ငန်းအဖွဲ့၏ ဆုံးဖြတ်ချက်ကို ပြင်ဆင်ခြင်း၊ အတည်ပြုခြင်း သို့မဟုတ် ပယ်ဖျက်ခြင်း ပြုနိုင်သည်။

(ဂ) ပုဒ်မခွဲ (ခ) အရ ဗဟိုကော်မတီ၏ ဆုံးဖြတ်ချက်သည် အပြီးအပြတ်ဖြစ်သည်။

အခန်း(၉)

တားမြစ်ချက်များ

၂၆။ မည်သူမျှ-

(က) တူးဖော်ခွင့်ပြုမိန့်မရှိဘဲ အိမ်သုံးအတွက် စက်ရေတွင်းတူးဖော်ခြင်း မပြုရ၊

(ခ) သုံးစွဲခွင့်ပြုမိန့်မရှိဘဲ အိမ်သုံးအတွက် ထုတ်ယူသုံးစွဲခြင်း မပြုရ၊

(ဂ) တူးဖော်ခွင့်ပြုမိန့်မရှိဘဲ လုပ်ငန်းသုံးအတွက် စက်ရေတွင်းတူးဖော်ခြင်း မပြုရ၊

(ဃ) သုံးစွဲခွင့်ပြုမိန့်မရှိဘဲ လုပ်ငန်းသုံးအတွက် ထုတ်ယူသုံးစွဲခြင်း မပြုရ၊

(င) လုပ်ငန်းလိုင်စင်မရှိဘဲ စက်ရေတွင်းတူးဖော်ခြင်း ဝန်ဆောင်မှုလုပ်ငန်း လုပ်ကိုင်ခြင်းမပြုရ၊

(စ) သဘာဝပတ်ဝန်းကျင် ထိခိုက်စေခြင်းနှင့် မြေအောက်ရေ ရေရှည်တည်တံ့ခိုင်မြဲရေးအား ထိခိုက်နစ်နာဆုံးရှုံးမှု ဖြစ်ပေါ်စေသော တူးဖော်သုံးစွဲခြင်းမျိုး မပြုရ။

၂၇။ တူးဖော်ခွင့်ပြုမိန့်ရရှိသူ မည်သူမျှ-

(က) တူးဖော်ခွင့်ပြုမိန့်ပါ သတ်မှတ်ခွင့်ပြုသည့်နေရာမှအပ အခြားနေရာတွင် စက်ရေတွင်း တူးဖော်ခြင်း မပြုရ၊

(ခ) တူးဖော်ခွင့်ပြုမိန့်ပါ စက်ရေတွင်းအရေအတွက်နှင့် အရွယ်အစားကိုကျော်လွန်၍ တူးဖော်ခြင်း မပြုရ။

၂၈။ လုပ်ငန်းလိုင်စင်ရရှိသူ မည်သူမျှ -

(က) တူးဖော်ခွင့်ပြုမိန့်ပါ သတ်မှတ်ခွင့်ပြုသည့်နေရာမှအပ အခြားနေရာတွင် စက်ရေတွင်း တူးဖော်ခြင်း ဝန်ဆောင်မှုလုပ်ငန်းဆောင်ရွက်ခြင်း မပြုရ၊

(ခ) တူးဖော်ခွင့်ပြုမိန့်ပါ စက်ရေတွင်းအရေအတွက်နှင့် အရွယ်အစားကိုကျော်လွန်၍ တူးဖော်ခြင်း ဝန်ဆောင်မှုလုပ်ငန်းဆောင်ရွက်ခြင်း မပြုရ၊

(ဂ) တူးဖော်ခွင့်ပြုမိန့်သက်တမ်းကုန်ဆုံးပါက စက်ရေတွင်းတူးဖော်ခြင်း ဝန်ဆောင်မှုလုပ်ငန်း ဆောင်ရွက်ခြင်း မပြုရ။

၂၉။ မည်သူမျှမြေအောက်ရေ ညစ်ညမ်းစေမည့် မည်သည့်အပြုအမူကိုမျှ မပြုလုပ်ရ။

၃၀။ မည်သည့်သုံးစွဲခွင့်ပြုမိန့်ရရှိသူမျှ ဗဟိုကော်မတီက သတ်မှတ်ခွင့်ပြုထားသည့်ကာလ အတိုင်းအတာနှင့် ထုတ်ယူသုံးစွဲရမည့် ခွင့်ပြုရေပမာဏထက်ပို၍ ထုတ်ယူသုံးစွဲခြင်းမပြုရ။

၃၁။ မည်သူမျှ သုံးစွဲခွင့်ပြုမိန့်ပါ ခွင့်ပြုချက်မှတစ်ပါး အခြားလုပ်ငန်းများအတွက် အသုံးပြုခြင်းမပြုရ။

အခန်း(၁၀)

ပြစ်မှုနှင့် ပြစ်ဒဏ်များ

၃၂။ မည်သူမဆို -

(က) ပုဒ်မ ၂၆ ပုဒ်မခွဲ(က) သို့မဟုတ် (ခ) ပါ တားမြစ်ချက်ကို ဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို ကျပ်ငါးသိန်းအထိ ငွေဒဏ်ချမှတ်နိုင်သည်။

(ခ) ပုဒ်မ ၂၆ ပုဒ်မခွဲ (ဂ) သို့မဟုတ် (ဃ) ပါတားမြစ်ချက်ကို ဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို အနည်းဆုံး ကျပ် ငါးသိန်းမှ အများဆုံး ကျပ်သိန်း ၂၀ အထိ ငွေဒဏ်ချမှတ်နိုင်သည်။

(ဂ) ပုဒ်မ ၂၆ ပုဒ်မခွဲ (င) ပါ တားမြစ်ချက်ကို ဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို အနည်းဆုံးကျပ် သိန်း ၂၀ မှ အများဆုံးကျပ် သိန်း ၅၀ အထိ ငွေဒဏ်ချမှတ်နိုင်သည်။

(ဃ) ပုဒ်မ ၂၆ ပုဒ်မခွဲ (စ) ပါ တားမြစ်ချက်ကို ဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို အနည်းဆုံး ကျပ်သိန်း ၂၀ မှ အများဆုံး ကျပ်သိန်း ၅၀ အထိ ငွေဒဏ်ချမှတ်နိုင်သည်။

၃၃။ တူးဖော်ခွင့်ပြုမိန့်ရရှိသူ မည်သူမဆို ပုဒ်မ ၂၇ ပါ တားမြစ်ချက်တစ်ရပ်ရပ်ကို ဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို ကျပ်ငါးသိန်းအထိ ငွေဒဏ်ချမှတ်နိုင်သည်။

၃၄။ လုပ်ငန်းလိုင်စင်ရရှိသူ မည်သူမဆို ပုဒ်မ ၂၈ ပါ တားမြစ်ချက်တစ်ရပ်ရပ်ကို ဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို ကျပ်ငါးသိန်းအထိ ငွေဒဏ်ချမှတ်နိုင်သည်။

၃၅။ မည်သူမဆို ပုဒ်မခွဲ (က) သို့မဟုတ် (ခ) ပါ တားမြစ်ချက်ကို ဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို အနည်းဆုံး ကျပ်သိန်း ၂၀ မှ အများဆုံး ကျပ်သိန်း ၅၀ အထိ ငွေဒဏ်ချမှတ်နိုင်သည်။ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်နိုင်သည်။

၃၆။ သုံးစွဲခွင့်ရရှိသူ မည်သူမဆို ပုဒ်မ ၃၀ ပါတားမြစ်ချက်ကို ဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို ကျပ်ငါးသိန်းအထိ ငွေဒဏ်ချမှတ်နိုင်သည်။

၃၇။ မည်သူမဆို ပုဒ်မ ၃၁ ပါတားမြစ်ချက်ကို ဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို ကျပ်ငါးသိန်းအထိ ငွေဒဏ်ချမှတ်နိုင်သည်။

အခန်း(၁၁)

အထွေထွေ

၃၈။ ဗဟိုကော်မတီသည် စက်ရေတွင်းများတွင် မြေအောက်ရေထုတ်ယူသုံးစွဲမှုပမာဏကို တိုင်းတာနိုင်ရန် သင့်လျော်သော ရေမီတာစနစ်များတပ်ဆင်ရန် ကြီးကြပ်ကွပ်ကဲ ဆောင်ရွက်သွားရမည်။

၃၉။ ရေလျှံတွင်းများ၊ ရေလျှံဇုန်များ၊ မြေအောက်ရေအောင်းလှောဇုန် (groundwater basin) များ၊ မြေအောက်တမံ (subsurface dam) များနှင့် စပ်လျဉ်း၍ ဗဟိုကော်မတီ၏ လမ်းညွှန်မှုနှင့်အညီ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လုပ်ငန်းအဖွဲ့ သို့မဟုတ် ပြည်ထောင်စုနယ်မြေလုပ်ငန်းအဖွဲ့မှ ကြီးကြပ်ကွပ်ကဲ ဆောင်ရွက်ရမည်။

၄၀။ ဝန်ကြီးဌာနသည် ပုဒ်မ ၃ ပါ ရည်ရွယ်ချက်များအရ ဗဟိုကော်မတီနှင့် လုပ်ငန်းအဖွဲ့အဆင့်ဆင့်သို့ နေရာဒေသအလိုက် မြေအောက်ရေအခြေအနေဆိုင်ရာ အချက်အလက်များ ပံ့ပိုးပေးနိုင်ရန် သုတေသနများ ဆောင်ရွက်ရမည်။

၄၁။ ဝန်ကြီးဌာနသည် မြေအောက်ရေဆိုင်ရာ သတင်းအချက်အလက်များ ပိုမိုခိုင်မာစေရန် မြေအောက်ရေနှင့်စပ်လျဉ်းသည့် သတင်းအချက်အလက်များ စုဆောင်းခြင်းဆိုင်ရာဗဟိုဌာန (Database Centre) ထူထောင်ခြင်း၊ မြေအောက်ရေဂျာနယ်ဖွင့်ခြင်း၊ သုတေသနပြုခြင်း၊ ကြီးကြပ်ခြင်း၊ ထိန်းသိမ်းခြင်းလုပ်ငန်းများနှင့် ဓာတ်ခွဲခန်းများ ဆောင်ရွက်ရာတွင် လိုအပ်သောဘဏ္ဍာရန်ပုံငွေကို တင်ပြတောင်းခံနိုင်သည်။

၄၂။ ဦးစီးဌာနသည် ဗဟိုကော်မတီ၏ ရုံးလုပ်ငန်းများကို တာဝန်ယူဆောင်ရွက်ရမည်။

၄၃။ သက်ဆိုင်ရာ လုပ်ငန်းအဖွဲ့အဆင့်ဆင့်သည် မြေအောက်ရေဆိုင်ရာ သတင်းအချက်အလက်များကို ဦးစီးဌာနမှ တိုက်ရိုက်တောင်းယူနိုင်သည်။

၄၄။ လုပ်ငန်းလိုင်စင်လျှောက်ထားသူသည် ဗဟိုကော်မတီကသတ်မှတ်သည့် အခကြေးငွေများကို လည်းကောင်း၊ လုပ်ငန်းလိုင်စင်ထုတ်ပေးခြင်းမပြုမီ ကန့်ကွက်လွှာဆင့်ခေါ်သည့် ကုန်ကျစရိတ်ကို လည်းကောင်း ကျခံရမည်။

၄၅။ လုပ်ငန်းလိုင်စင်၊ တူးဖော်ခွင့်ပြုမိန့်နှင့် သုံးစွဲခွင့်ပြုမိန့်တို့မှရရှိသည့် အခကြေးငွေများကို ဘဏ္ဍာရေးစည်းမျဉ်းစည်းကမ်းများနှင့်အညီ ဘဏ္ဍာရန်ပုံငွေများသို့ ပေးသွင်းရမည်။

၄၆။ တူးဖော်ခွင့်ပြုမိန့်နှင့်သုံးစွဲခွင့်ပြုမိန့်၊ လျှောက်ထားသူသည် ဗဟိုကော်မတီက အခါအားလျော်စွာ သတ်မှတ်သည့် အခကြေးငွေများကိုလည်းကောင်း၊ တူးဖော်ခွင့်ပြုမိန့်နှင့် သုံးစွဲခွင့်ပြုမိန့်၊ ထုတ်ပေးခြင်းမပြုမီ ကန့်ကွက်လွှာဆင့်ခေါ်သည့် ကုန်ကျစရိတ်ကိုလည်းကောင်း ကျခံရမည်။

၄၇။ ဗဟိုကော်မတီသည် အစိုးရဌာန သို့မဟုတ် အစိုးရအဖွဲ့အစည်းများနှင့် စပ်လျဉ်း၍ ဤဥပဒေအရ ဆောင်ရွက်ရမည့် တာဝန်တစ်ရပ်ရပ်ကိုဖြစ်စေ၊ တစ်ရပ်ထက်ပို၍ဖြစ်စေ လိုက်နာခြင်းမှကင်းလွတ်ခွင့်ပြုနိုင်သည်။

၄၈။ ဤဥပဒေမပြဋ္ဌာန်းမီ တူးဖော်ခဲ့ပြီးသော စက်ရေတွင်းများအနက် တွင်းကောင်းမွန်ပြီး လက်ရှိရေထုတ်ယူနေသော တွင်းများသည် ဤဥပဒေအရ ထုတ်ပြန်ထားသော အမိန့်နှင့် ညွှန်ကြားချက်များအတိုင်း စာရင်းသွင်းခြင်း၊ မှတ်ပုံတင်ခြင်းများ ဆောင်ရွက်ရမည်။

၄၉။ ဤဥပဒေပါ ပြဋ္ဌာန်းချက်များကို အကောင်အထည်ဖော် ဆောင်ရွက်ရာတွင်-

(က) ဝန်ကြီးဌာနသည် ပြည်ထောင်စုအစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် နည်းဥပဒေ၊ စည်းမျဉ်းနှင့် စည်းကမ်းများကို ထုတ်ပြန်နိုင်သည်။

(ခ) ဗဟိုကော်မတီသည် အမိန့်ကြော်ငြာစာ၊ အမိန့်၊ ညွှန်ကြားချက်နှင့် လုပ်ထုံးလုပ်နည်းများကို ထုတ်ပြန်နိုင်သည်။

(ဂ) တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လုပ်ငန်းအဖွဲ့ သို့မဟုတ် ပြည်ထောင်စုနယ်မြေလုပ်ငန်းအဖွဲ့သည် ဗဟိုကော်မတီ၏ သဘောတူညီချက်ဖြင့် အမိန့်ကြော်ငြာစာ၊ အမိန့်၊ ညွှန်ကြားချက်နှင့် လုပ်ထုံးလုပ်နည်းများကို ထုတ်ပြန်နိုင်သည်။

၅၀။ The Underground Water Act (Burma Act No. IV, 1930) ကို ဤဥပဒေဖြင့် ရုပ်သိမ်းလိုက်သည်။

မြန်မာနိုင်ငံတစ်ဝန်းရှိ အခြေခံပညာကျောင်းများတွင် ကလေးသူငယ်များ စိတ်ပိုင်းဆိုင်ရာ၊ ရုပ်ပိုင်းဆိုင်ရာ ဘေးကင်းလုံခြုံစွာ ပညာသင်ကြားနိုင်ရေးအတွက် "ကျောင်းတွင်းအကြမ်းဖက်မှု ကင်းစင်ရေးမူဝါဒ" တစ်ရပ် ချမှတ်အကောင်အထည်ဖော်ရန် နိုင်ငံတော်အစိုးရအား တိုက်တွန်းကြောင်း အဆိုကို ဆွေးနွေး

နေပြည်တော် နိုဝင်ဘာ ၉

တတိယအကြိမ် ပြည်သူ့လွှတ်တော် တတိယပုံမှန်အစည်းအဝေး(၂၅)ရက်မြောက်နေ့ကို ယနေ့ နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံ ပြည်သူ့လွှတ်တော်အစည်းအဝေးခန်းမ၌ ကျင်းပရာ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးခင်ရီ၊ ဒုတိယဥက္ကဋ္ဌ ဦးမောင်မောင်အုန်း၊ ပြည်ထောင်စုဝန်ကြီး ဒေါက်တာချာလီသန်း၊ ဒုတိယဝန်ကြီးများ၊ နေပြည်တော်ကောင်စီဝင်၊ မြန်မာနိုင်ငံတော်ဗဟိုဘဏ် ဒုတိယဥက္ကဋ္ဌနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ တက်ရောက်ကြသည်။

အစည်းအဝေးတွင် ချောင်းကမ်းပါးပြိုကျမှု အမြန်ဆောင်ရွက်ပေးရေး၊ အစိုးရဘဏ်များ၌ အပ်နှံထားသည့်ငွေများကို လိုအပ်သည့်ပမာဏ ထုတ်ယူနိုင်ရေး၊ ပလက်ဖောင်းနှင့် အမှိုက်ပုံရွှေ့ပြောင်းပေးရေး၊ တက္ကသိုလ်ဆောက်လုပ်ပြီး ကျန်ရှိမြေများ ပြန်လည်စွန့်လွှတ်ပေးရေး၊ ဆရာ/ဆရာမ အင်အား ဖြည့်ဆည်းပေးရေး၊ ပညာရေးကောလိပ်တွင် ဒေသခံတိုင်းရင်းသားများ တက်ရောက်ခွင့်ရရှိရေး၊ ဝန်ထမ်းဟောင်းများ ပြန်လည်ခန့်ထားပေးရေး၊ ပညာရေးဒီဂရီ ကောလိပ်တစ်ခု တည်ထောင်ဖွင့်လှစ်ပေးရေး၊ ကျောင်းဆောင်သစ်များ ဆောက်လုပ်ပေးရေးတို့နှင့် စပ်လျဉ်း၍ မေးခွန်း ၁၁ ခု မေးမြန်းဖြေကြားခြင်း၊ အဆို ၁ ခု ဆွေးနွေးအတည်ပြုခြင်းနှင့် ဥပဒေကြမ်း ၁ ခု အတည်ပြုခြင်းတို့ကို ဆောင်ရွက်ကြသည်။

ဦးစွာ ကျောက်တန်းမဲဆန္ဒနယ်မှ ဦးနိုင်ဝင်း၏ **ကျောက်တန်းမြို့နယ်၊ ကဒပွန်ကျေးရွာရှိ ချောင်းကမ်းပါးပြိုကျမှုအား မည်သည့်ဘဏ္ဍာနှစ်တွင် အမြန်ဆုံးဆောင်ရွက်ပေးမည်ကို သိရှိလိုခြင်းမေးခွန်း** နှင့်စပ်လျဉ်း၍ ပို့ဆောင်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးထွန်းလူက ကျောက်တန်းမြို့နယ် ကဒပွန်ကျေးရွာတွင် မှော်ဝန်းချောင်းရေတိုက်စားမှုကြောင့် ချောင်းကမ်းပါးပြိုကျပျက်စီးမှုများ ကာကွယ်နိုင်ရန် မှော်ဝန်းချောင်းတွင် သောင်စွယ်ဖြတ်ခြင်း၊ ဖြတ်တူးမြောင်းတူးဖော်ခြင်းနှင့် ကဒပွန်ချောင်းတွင် သောင်စွယ်ဖြတ်ခြင်းနှင့် ကမ်းထိန်းတမံများ တည်ဆောက်ပေးရန်တို့အတွက် ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့၏ ၂၀၂၇-၂၀၂၈ ဘဏ္ဍာရေးနှစ် လျာထားရန်ပုံငွေတွင် ပါဝင်ခြင်းမရှိပါသဖြင့် ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့မှ လာမည့်ဘဏ္ဍာနှစ်များ၌ ရန်ပုံငွေလျာထားပေးမည်ဖြစ်ပြီး ရန်ပုံငွေရရှိမှုအပေါ်မူတည်၍ ဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း၊ ရေအရင်းအမြစ်နှင့် မြစ်ချောင်းများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ဆောင်ရွက်သင့်သည့်အစီအမံများကို ရေးဆွဲတွက်ချက်ပြီး ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့သို့ ပေးပို့သွားမည်ဖြစ်ပါကြောင်း၊ ပို့ဆောင်ရေးဝန်ကြီးဌာနအနေဖြင့် လုပ်ငန်းဆောင်ရွက်ချိန်တွင် နည်းပညာအကူအညီများ ပံ့ပိုးဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း ပြန်လည်ဖြေကြားသည်။

ဝမ်းတွင်းမဲဆန္ဒနယ်မှ ဦးမျိုးမြင့်သိန်း၏ **အစိုးရဘဏ်များ၌ အပ်နှံငွေများအား လိုအပ်သလောက် ထုတ်ယူခွင့်ပြုနိုင်ရေးအတွက် မူဝါဒ၊ နည်းပညာ၊ ဝန်ဆောင်မှုများကျင့်သုံးရန် အစီအစဉ် ရှိ/မရှိ မေးခွန်း** နှင့်စပ်လျဉ်း၍ မြန်မာနိုင်ငံတော်ဗဟိုဘဏ် ဒုတိယဥက္ကဋ္ဌ ဦးသက်ထွန်းအောင်က နိုင်ငံပိုင်ဘဏ်များအနေဖြင့် Customer များမှ ငွေသားထုတ်ယူရာတွင် ဘဏ်များ၏ ငွေသားလွယ်ကူမှုအပေါ်မူတည်၍ အဆင်ပြေချောမွေ့စွာ ငွေသားထုတ်ပေးနိုင်ရေး စီစဉ်ဆောင်ရွက်ရန်၊ ဒီဂျစ်တယ်ငွေပေးချေမှုနည်းလမ်းများနှင့် စာရင်းပြောင်းနည်းလမ်းများကို ပိုမိုအားပေးဆောင်ရွက်ရန်နှင့် မြို့နယ်ဘဏ်ခွဲများအထိ ထိရောက်စွာ ကြပ်မတ်ကွပ်ကဲနိုင်ရေး ဆောင်ရွက်ပေးနိုင်ရန် ညွှန်ကြားထားပြီးဖြစ်ပါကြောင်း။



တတိယအကြိမ် ပြည်သူ့လွှတ်တော် တတိယပုံမှန်အစည်းအဝေး (၂၅) ရက်မြောက်နေ့ ကျင်းပစဉ်။

နိုင်ငံတော်ပိုင်ဘဏ်များသည် မြန်မာနိုင်ငံတော်ဗဟိုဘဏ်၏ ဒီဂျစ်တယ်စီးပွားရေး အဆောက်အအုံသို့ အသွင်ကူးပြောင်းမှုလုပ်ငန်းစဉ်များ အရှိန်အဟုန်မပြတ် ဆောင်ရွက်နိုင်စေရန်နှင့် ငွေပေးချေမှုစနစ်များ ပိုမိုထိရောက်စွာ အကောင်အထည်ဖော်နိုင်ရန်အတွက် အများပြည်သူများအနေဖြင့် ငွေသားသုံးစွဲမှုလျော့ချပြီး အီလက်ထရောနစ်ငွေပေးချေမှုနည်းလမ်းများ တိုးမြှင့်ဆောင်ရွက်နိုင်ရေးကို ပူးပေါင်းဆောင်ရွက်လျက်ရှိပါကြောင်း၊ ယင်းသို့ဆောင်ရွက်ရာတွင် နိုင်ငံပိုင်ဘဏ်များ၏ လက်ရှိနည်းပညာစနစ်များ၊ လုပ်ငန်းဆောင်ရွက်နိုင်စွမ်း၊ သုံးစွဲနိုင်မည့် ဘဏ္ဍာရေးအရင်းအမြစ်နှင့် လူစွမ်းအားအရင်းအမြစ်တို့အပေါ် ထည့်သွင်းသုံးသပ်ကာ ဦးစားပေးလုပ်ငန်းများကို ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာနနှင့်ပူးပေါင်း၍ လိုအပ်ချက်အပေါ်မူတည်ပြီး အဆင့်လိုက်မြှင့်တင်ဆောင်ရွက်လျက်ရှိပါကြောင်း။

သို့ဖြစ်ပါ၍ မြန်မာနိုင်ငံတော်ဗဟိုဘဏ်မှ နိုင်ငံပိုင်ဘဏ်များသို့ ဘဏ်များ၏ ငွေသားလွယ်ကူမှုအပေါ်မူတည်၍ အဆင်ပြေချောမွေ့စွာ ဆောင်ရွက်ပေးနိုင်ရေး အကြောင်းကြားထားပြီးဖြစ်ပါကြောင်း ပြန်လည်ဖြေကြားသည်။

ပုဗ္ဗသီရိမဲဆန္ဒနယ်မှ ဦးလှဆွေ၏ **တပ်ကုန်းမြို့၊ အောင်ဇေယျရပ်ကွက်၊ အ.ထ.က(၁)ကျောင်း (ခြံစည်းရိုးအနီးသို့ပလက်ဖောင်းပြောင်းရွှေ့ရန် ရေတိုရေရှည် အစီအမံများ ဆောင်ရွက်ပေးနိုင်ခြင်း ရှိ/မရှိ မေးခွန်း** နှင့်စပ်လျဉ်း၍ နေပြည်တော်ကောင်စီဝင် ဦးဝင်းမိုးခိုင်က တပ်ကုန်းမြို့၊ အောင်ဇေယျရပ်ကွက်၊ အ.ထ.က (၁) ကျောင်းရှေ့ရှိ အောင်သီဟလမ်း ပလက်ဖောင်း (၂)ခုကြားတွင် မိန်းလမ်းဖြစ်သဖြင့် လူသွားလူလာများခြင်း၊ ကားကြီးများ ဖြတ်သန်းသွားလာမှုရှိခြင်းကြောင့် ကျောင်းတက်/ ဆင်းချိန်တွင် ကျောင်းသား/သူများ အန္တရာယ်ကင်းရှင်းစွာ ဖြတ်သန်းသွားလာနိုင်ရန်အတွက် အဆိုပါပလက်ဖောင်းအားဖျက်၍အ.ထ.က (၁) ကျောင်း၌ခြံစည်းရိုးအနီး (ရေမြောင်းအနီး)သို့ ပြောင်းရွှေ့ဆောင်ရွက်နိုင်ရေး ၂၀၂၇-၂၀၂၈ ဘဏ္ဍာရေးနှစ် နေပြည်တော်ကောင်စီ၏ ငွေလုံးငွေရင်း အသုံးစရိတ်ရန်ပုံငွေ၌ အောင်သီဟလမ်းတွင် မူလပလက်ဖောင်းအပောင်းအားဖျက်၍ ပလက်ဖောင်းအသစ် ပြုလုပ်ခြင်း (၁၆၀၀'x၅'-၆") လုပ်ငန်းအား ငွေကျပ် ၁၂၁ သောမ ၇၂၅ သန်းဖြင့် ထည့်သွင်းလျာထားပြီးဖြစ်ပါကြောင်းနှင့် ရန်ပုံငွေရရှိမှုအပေါ် မူတည်၍ ဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း ပြန်လည်ဖြေကြားသည်။

ဒဂုံမြို့သစ် (အရှေ့ပိုင်း) မဲဆန္ဒနယ်မှ ဒေါ်အေးအေးမြင့်၏ **ဒဂုံမြို့သစ်အရှေ့ပိုင်းနှင့် မြောက်ပိုင်းမြို့နယ်များရှိ ထားဝယ်ချောင် အမှိုက်ပုံကြီးအား မည်သည့်အချိန်တွင် အမြန်ဆုံးရွှေ့ပြောင်းပေးမည်ကို သိရှိလိုခြင်းမေးခွန်း**နှင့်စပ်လျဉ်း၍ နေပြည်တော်ကောင်စီဝင် ဦးဝင်းမိုးခိုင်က လက်ရှိအချိန်တွင် အမှိုက်စွန့်ပစ်ရန် မြေနေရာရှားပါးလာခြင်းကြောင့် ထားဝယ်ချောင် နောက်ဆုံးစွန့်ပစ်အမှိုက်ပုံအား ပိတ်သိမ်းနိုင်ခြင်းမရှိပါကြောင်း၊ ပြည်သူများမှ နေ့စဉ်စွန့်ပစ်သည့် အမှိုက်တန်ချိန် (၁၀၀၀ မှ ၁၂၀၀) ခန့်အား စီမံခန့်ခွဲနိုင်ရန်အတွက် အရန်အနေဖြင့် ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ်ရှိ သရက်ပင်ချောင် စွန့်ပစ်အမှိုက်ပုံအား ဘတ်ဂျက်ရရှိမှုအပေါ်မူတည်၍ အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပါကြောင်း၊ ထို့ပြင် အမှိုက်မှစွမ်းအင်ထုတ်လုပ်ခြင်းလုပ်ငန်းအကောင်အထည်ဖော် ဆောင်ရွက်ပြီးစီးပါက စနစ်တကျအမှိုက်ပုံပိတ်သိမ်းသည့် လုပ်ငန်းစဉ်အတိုင်း စီစဉ်ဆောင်ရွက်သွားနိုင်မည်ဖြစ်ပါကြောင်း ပြန်လည်ဖြေကြားသည်။

ပဲခူးမဲဆန္ဒနယ်မှ ဦးမင်းခန့်ကျော်၏ **ပဲခူးတက္ကသိုလ်ဆောက်လုပ်ပြီးနောက် ကျန်ရှိသည့် မြေကွက်အား ပြန်လည်စွန့်လွှတ်ပေးရန် အစီအစဉ် ရှိ/မရှိ မေးခွန်း**နှင့်စပ်လျဉ်း၍ ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဝင်းမောင်သိန်းက ပဲခူးတက္ကသိုလ်သည် ပညာရေးဝန်ကြီးဌာနလက်အောက်ရှိတက္ကသိုလ်တစ်ခုဖြစ်ပြီး နှစ်စဉ်တိုးတက်များပြားလာသည့် ကျောင်းသားဦးရေများအတွက် လိုအပ်သည့် ကျောင်းသား ကျောင်းသူ အိပ်ဆောင်များ၊ နားနေဆောင်များ၊ တက္ကသိုလ်အပန်းဖြေရိပ်သာ၊ စာသင်ဆောင်များဆောက်လုပ်ခြင်း၊ ဆရာ ဆရာမများနှင့် ဝန်ထမ်းများအတွက် အိမ်ရာများ ဆောက်လုပ်ခြင်းများကို ဘဏ္ဍာရေးနှစ်အလိုက် လျာထား၍ တည်ဆောက်ခြင်းလုပ်ငန်းများ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း။

သို့ဖြစ်ပါ၍ ပညာရေးဆိုင်ရာ အဆောက်အအုံများ၊ သုတေသနပြုလုပ်ရန် အဆောက်အအုံများနှင့် လက်တွေ့စမ်းသပ်ရန် မြေနေရာများ၊ ဝန်ထမ်းနေအိမ်များ၊ အားကစားအဆောက်အအုံများကို ပညာရေးဝန်ကြီးဌာန၏ လမ်းညွှန်ချက်နှင့်အညီ ဘဏ္ဍာရေးနှစ်အလိုက် လျာထား၍ တည်ဆောက်ခြင်းလုပ်ငန်းများ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါသဖြင့် စွန့်လွှတ်/ လွှဲပြောင်းပေးရန် အစီအစဉ်မရှိပါကြောင်း ပြန်လည်ဖြေကြားသည်။

လားရှိုးမဲဆန္ဒနယ်မှ ဒေါက်တာမျိုးထွန်း၏ **ရှမ်းပြည်နယ်ရှိ ဆရာ/ဆရာမ မပြည့်စုံသော ကျောင်းများတွင် ဆရာ/ဆရာမ ခန့်ထားပေးနိုင်ရေး၊ ပညာရေးကောလိပ်များတွင် ဒေသခံတိုင်းရင်းသားများ ပိုမိုတက်ရောက်ခွင့်ရရှိရေးနှင့် ပညာရေးဝန်ထမ်းများ ဌာနသို့ပြန်လည်ဝင်ရောက်လိုပါက ဦးစားပေး ခန့်ထားနိုင်ရေးတို့အား** ဆောင်ရွက်ပေးနိုင်ခြင်း ရှိ/ မရှိ **မေးခွန်း**နှင့်စပ်လျဉ်း၍ ဒုတိယဝန်ကြီး ဦးဝင်းမောင်သိန်းက ဒေသခံတိုင်းရင်းသားများထဲမှ တိုင်းရင်းသားဘာသာစာပေ သင်ကြားခွင့်ရရှိသော အခြေခံပညာကျောင်းများတွင် တိုင်းရင်းသားဘာသာစာပေသင်ကြားရေး အထောက်အကူပြုအဖြစ် တာဝန်ထမ်းဆောင်ရန် လျှောက်ထားနိုင်ပြီး သတ်မှတ်ချက်များအနေဖြင့် တိုင်းရင်းသားစာပေသင်အဖြစ် လျှောက်ထားရာတွင် သက်ဆိုင်ရာ တိုင်းရင်းသားစာပေကို အရေး၊ အဖတ်၊ သင်ကြားနိုင်သူဖြစ်ပြီး (Teaching Assistant-TA)လျှောက်ထားသူသည် အနိမ့်ဆုံးပညာအရည်အချင်း Grade 10 အောင်မြင်ပြီးသူဖြစ်ရမည်ဖြစ်ကာ (Language Teacher-LT) လျှောက်ထားသူသည် အနိမ့်ဆုံးပညာအရည်အချင်းမှာ မူလတန်းဆင့် ပြီးမြောက်အောင်မြင်ပြီးသူဖြစ်ရမည်ဖြစ်ပါကြောင်း။

အဆိုပြုလျှောက်လွှာများကို တိုင်းဒေသကြီး/ပြည်နယ်များရှိ တိုင်းရင်းသားစာပေနှင့် ယဉ်ကျေးမှုဦးစီးဌာနများသို့ ပေးပို့ပြီး ထိုမှတစ်ဆင့် တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာန၊ တိုင်းရင်းသားစာပေနှင့် ယဉ်ကျေးမှုဦးစီးဌာန(နေပြည်တော်)သို့ စိစစ်ပေးပို့ရပါကြောင်း၊ စိစစ်ပြီးသည့် အဆိုပြုလျှောက်လွှာများကို ပညာရေးဝန်ကြီးဌာနသို့ ညှိနှိုင်းပေးပို့ရပါကြောင်း၊ အဆိုပါ လျှောက်လွှာများအနက် သတ်မှတ်ချက်နှင့် ကိုက်ညီသူများသည် ဆရာအတတ်ပညာအရည်အသွေးမြှင့် အထောက်အကူပြု ဆွေးနွေးပွဲသင်တန်းသို့ တက်ရောက်ခွင့်ရရှိပြီး အခြေခံပညာဦးစီးဌာနမှ TA/LT(ပုတ်ပြတ်) အဖြစ် နှစ်စဉ်ခန့်ထားပေးလျက်ရှိပါကြောင်း။

ဘွဲ့ရရှိပြီးသူများအတွက် ပညာရေးဒီဂရီကောလိပ်များတွင် ဖွင့်လှစ်လျက်ရှိသည့် ပညာရေးနှင့် သင်ပြပညာရေးဒီဂရီကောလိပ်များတွင် (Diploma in Education and Pedagogy- Dip.EP) သင်တန်းသို့တက်ရောက်၍ မူလတန်းပြများအဖြစ် ဝင်ရောက် တာဝန်ထမ်းဆောင်နိုင်ပါကြောင်း။

အခြေခံပညာဦးစီးဌာနအနေဖြင့် ဒေသအခြေအနေအရ ယာယီပိတ်ထားရသော ကျောင်းများမှ သတင်းပို့ဆက်သွယ်လာသည့် ဝန်ထမ်းများနှင့် ဖွင့်ကျောင်းများတွင် ယာယီတွဲဖက် တာဝန်ထမ်းဆောင်လိုကြောင်း ၎င်းတို့ကိုယ်တိုင် သတင်းပေးပို့ဆက်သွယ်လာပါက သတ်မှတ်လုပ်ထုံးလုပ်နည်းနှင့်အညီ သက်ဆိုင်ရာမြို့နယ်၊ ခရိုင်၊ တိုင်းဒေသကြီး/ပြည်နယ် ပညာရေးမှူးရုံးများက စိစစ်ပြီး တွဲဖက် တာဝန်ထမ်းဆောင်နိုင်ရေး စီစဉ်ဆောင်ရွက်ပေးလျက်ရှိပါကြောင်း။

သတင်းပေးပို့ဆက်သွယ်ခြင်းမရှိသည့် ဝန်ထမ်းများကို လစာရပ်ဆိုင်းထားခြင်း၊ တာဝန်မှ ယာယီရပ်ဆိုင်းခြင်း၊ ရာထူးမှ ထုတ်ပယ်ခြင်းစသည့် လုပ်ထုံးလုပ်နည်းများအတိုင်း ဆောင်ရွက်လျက်ရှိပြီး တာဝန်မှ ယာယီရပ်ဆိုင်းခြင်းခံထားရသည့် ပညာရေးဝန်ထမ်းများအနေဖြင့် တာဝန်ထမ်းဆောင်လိုပါက သက်ဆိုင်ရာ မြို့နယ်၊ ခရိုင်၊ တိုင်းဒေသကြီး/ပြည်နယ်ပညာရေးမှူးရုံးများသို့ ကိုယ်တိုင်သတင်းပို့ဆက်သွယ် လျှောက်ထားရမည်ဖြစ်ပါကြောင်း၊ အဆိုပါဝန်ထမ်းအား ဌာနဆိုင်ရာ စစ်ဆေးမှုပြုပြီး အပြစ်မရှိကြောင်း အကြောင်းပြချက် ခိုင်လုံပါက အလုပ်ပြန်လည် ခန့်အပ်ပေးမည်ဖြစ်ပါကြောင်း၊ ရာထူးမှ ထုတ်ပယ်ခြင်းခံရ၍ အယူခံတင်သွင်းသူများကိုလည်း နိုင်ငံ့ဝန်ထမ်းဥပဒေ၊ နည်းဥပဒေများ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ စိစစ်ပြီး ပြန်လည်ခန့်ထားနိုင်ရေး စီစဉ်ဆောင်ရွက်လျက်ရှိပါကြောင်း ပြန်လည်ဖြေကြားသည်။ **စာမျက်နှာ ၈ သို့ ↓**

ဆက်ဖတ်ရန် စာမျက်နှာ ၇ မှ

တနင်္သာရီမဲဆန္ဒနယ်မှ ဦးအောင်ဆန်းလွင်၏ **မြိတ်မြို့တွင် ပညာရေးဒဂရီကောလိပ်တစ်ခု တည်ထောင်ဖွင့်လှစ်နိုင်ရန် အစီအစဉ် ရှိ၊ မရှိ မေးခွန်း** နှင့်စပ်လျဉ်း၍ ဒုတိယဝန်ကြီး ဦးဝင်းမောင်သိန်းက ပညာရေးဝန်ကြီးဌာန၊ ဆရာအတတ်ပညာဦးစီးဌာန အနေဖြင့် တနင်္သာရီတိုင်းဒေသကြီးတွင် မြိတ်မြို့နှင့် မိုင် ၁၅၀ အကွာ၌ ထားဝယ်ပညာရေးဒီဂရီကောလိပ် ကိုလည်းကောင်း၊ မွန်ပြည်နယ်တွင် မြိတ်မြို့နှင့် ၃၄၂ မိုင်အကွာ၌ မော်လမြိုင်ပညာရေးဒီဂရီကောလိပ် ကိုလည်းကောင်း ဖွင့်လှစ်ထားပြီး ကျောင်းသား၊ ကျောင်းသူများအနေဖြင့် မိမိနှစ်သက်ရာကျောင်းသို့ လွှဲကူးထားလာပါက တက်ရောက်ခွင့်ပြုလျက်ရှိ ပါကြောင်း။

တနင်္သာရီတိုင်းဒေသကြီးအတွင်း တောင်ပိုင်း ခရိုင်များဖြစ်သည့် ဘုတ်ပြင်းနှင့် ကော့သောင်းဒေသ များမှ ထားဝယ်မြို့သို့သွားရောက်၍ ဆရာအတတ် ပညာသင်ယူရန် အခက်အခဲရှိသော ကျောင်းသား၊ ကျောင်းသူများအတွက် ပညာရေးဒီဂရီကောလိပ် ဝင်ခွင့်နှင့်စပ်လျဉ်း၍ တက္ကသိုလ်ဝင်ခွင့်စိစစ်ရွေးချယ် ရေးအဖွဲ့သို့ ပုံမှန်နေ့ကျောင်းသားအဖြစ် ဝင်ခွင့် လျှောက်ထားစဉ်တွင် ဆန္ဒပြုလွှာ၌ မိမိအဆင်ပြေရာ နှစ်သက်ရာ ပညာရေးဒီဂရီကောလိပ်များသို့ဦးစားပေး လျှောက်ထားနိုင်ပြီး ဆရာအတတ်ပညာများ သင်ယူ ရန် စီစဉ်ဆောင်ရွက်ပေးလျက်ရှိပါကြောင်း။

သို့ဖြစ်ပါ၍ မြိတ်မြို့တွင် ပညာရေးဒီဂရီကောလိပ် တည်ထောင်ဖွင့်လှစ်ပေးရန် လတ်တလော အစီ အစဉ်မရှိသေးပါကြောင်း ပြန်လည်ဖြေကြားသည်။

မြစ်ကြီးနားမဲဆန္ဒနယ်မှ ဦးညွှန့်ဝင်း၏ **မြစ်ကြီးနားမြို့နယ်၊ အ-မ-က(၃)တွင် တစ်ထပ် ကျောင်းဆောင်တစ်ခု တည်ဆောက်ပေးနိုင်ခြင်း ရှိ၊ မရှိ မေးခွန်း**နှင့်စပ်လျဉ်း၍ ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးနေမျိုးလှိုင်က ကချင်ပြည်နယ်၊ မြစ်ကြီးနားမြို့နယ်၊ အမှတ်(၃)အခြေခံပညာ မူလတန်းကျောင်း(နန်းကွေ့)ရှိ အန္တရာယ်ဆောင် (၇၅ x ၂၅)ပေ သွပ်မိုး၊ အုတ်ညှပ် (၁)ထပ်ဆောင်အား ဖျက်သိမ်း၍ လိုအပ်သော စာသင်ခန်း (၃)ခန်းစာ ပေ (၆၀ x ၃၀) RCC (၁)ထပ် ဆောက်လုပ်ရန်အတွက် လာမည့် ဘဏ္ဍာရေးနှစ်များတွင် ရန်ပုံငွေရရှိမှုအပေါ် မူတည်၍ ပြည်နယ်၏ တန်းစီဇယားဖြင့် ဆောင်ရွက် သွားမည်ဖြစ်ပါကြောင်း ပြန်လည်ဖြေကြား သည်။

မော်လိုက်မဲဆန္ဒနယ်မှ ဦးမြင့်စိုးဆင့်၏ **မော်လိုက်မြို့၊ အခြေခံပညာမူလတန်းကျောင်း၊ အမှတ် (၂)၌ (၁)ထပ်ကျောင်းဆောင် ဆောက်လုပ်ပေး ရန်အစီအစဉ် ရှိ၊ မရှိ မေးခွန်း**နှင့်စပ်လျဉ်း၍ ဒုတိယ ဝန်ကြီး ဦးနေမျိုးလှိုင်က စစ်ကိုင်းတိုင်းဒေသကြီး၊ မော်လိုက်မြို့နယ်၊ အမှတ်(၂)အခြေခံပညာမူလတန်း ကျောင်းတွင် အန္တရာယ်ဆောင်၌ သင်ကြားနေသော စာသင်ခန်း (၂)ခန်း၊ ယာယီဆောင်တွင် သင်ကြားနေ သော စာသင်ခန်း(၁)ခန်း၊ စုစုပေါင်း (၃)ခန်းအတွက် အန္တရာယ်ကျောင်းဆောင်အား ဖျက်သိမ်းပြီး ပေ (၆၀x၃၀) RCC(၁)ထပ် ကျောင်းဆောင်သစ် ဆောက်လုပ်ရန်အတွက် လာမည့်ဘဏ္ဍာရေးနှစ် များတွင် ငွေလုံးငွေရင်း (တည်ဆောက်ရေး) ဘတ်ဂျက် ရရှိမှုအပေါ် မူတည်၍ ငွေလုံးငွေရင်း(တည်ဆောက် ရေး)ခေါင်းစဉ်အောက်မှ တိုင်းဒေသကြီး၏ တန်းစီ ဇယားဖြင့် ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ပြန်လည်ဖြေကြားသည်။

မြို့သစ်မဲဆန္ဒနယ်မှ ဦးစိုးဝင်း၏ **မြို့သစ်မြို့နယ်၊ ဆားတဲကျေးရွာ၊ အလယ်တန်းကျောင်း၌ (၂)ထပ် ကျောင်းဆောင်သစ် ပြန်လည်ဆောက်လုပ်ပေးနိုင် ခြင်း ရှိ၊ မရှိ မေးခွန်း**နှင့်စပ်လျဉ်း၍ ဒုတိယဝန်ကြီး ဦးနေမျိုးလှိုင်က မကွေးတိုင်းဒေသကြီး၊ ဆားတဲကျေးရွာ အလယ်တန်းကျောင်းရှိ ကျောင်းဆောင်များအနက် အဆောင်(၁) (၁၂၀ x ၃၆)ပေ (E) ပုံသဏ္ဌာန် RCC (၁)ထပ်ဆောင်တွင် စာသင်ခန်း (၄)ခန်းဖြင့် ကျောင်း သား ကျောင်းသူများ သင်ကြားလျက်ရှိပြီး အင်ဂျင်နီယာ က အန္တရာယ်ဆောင်အဖြစ် သတ်မှတ်သင့်ကြောင်း ထောက်ခံချက်ပေးထားပါသဖြင့် ၎င်းကျောင်းဆောင် တွင်ရှိသော စာသင်ခန်း (၄)ခန်းနှင့် တန်းခွဲအရ လိုအပ် သော စာသင်ခန်း (၂)ခန်း၊ စုစုပေါင်း စာသင်ခန်း (၆) ခန်းအတွက် အန္တရာယ်ဆောင် (၁၂၀ x ၃၆)ပေ (E) ပုံသဏ္ဌာန် RCC (၁)ထပ် ကျောင်းဆောင်အား ဖျက်သိမ်း၍ ပေ(၁၁၀ x ၃၀) RCC (၂)ထပ်ကျောင်း ဆောင်သစ်ဆောက်လုပ်ရန် လာမည့်ဘဏ္ဍာရေးနှစ် များတွင် ငွေလုံးငွေရင်း (တည်ဆောက်ရေး) ဘတ်ဂျက် ရရှိမှုအပေါ် တိုင်းဒေသကြီး၏ တန်းစီဇယားဖြင့် ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ပြန်လည် ဖြေကြားသည်။

ထို့နောက် ဗဟန်းမဲဆန္ဒနယ်မှ ဒေါက်တာလှတင့် တင်သွင်းသည့် **"မြန်မာနိုင်ငံတစ်ဝန်းရှိ အခြေခံပညာ ကျောင်းများတွင် ကလေးသူငယ်များ စိတ်ပိုင်း ဆိုင်ရာ၊ ရုပ်ပိုင်းဆိုင်ရာ ဘေးကင်းလုံခြုံစွာပညာ သင်ကြားနိုင်ရေးအတွက် "ကျောင်းတွင်း အကြမ်း ဖက်မှု ကင်းစင်ရေးမူဝါဒ(Zero – Tolerance Anti-Bullying and School Safety Policy)" တစ်ရပ် ချမှတ်အကောင်အထည်ဖော်ရန် နိုင်ငံတော်အစိုးရ အား တိုက်တွန်းကြောင်းအဆို"**ကို လွှတ်တော် ကိုယ်စားလှယ်များက ဆွေးနွေးကြသည်။

မြဝတီမဲဆန္ဒနယ်မှ ဦးခင်မောင်ချင်းက ကလေး သူငယ်တစ်ဦးသည် ကြောက်ရွံ့မှု၊ ဖိနှိပ်မှုနှင့် အနိုင် အထက်ကျင့်မှုများရှိနေသည့် ပတ်ဝန်းကျင်တွင် အရည်အသွေးပြည့်ဝသော ပညာရေးကို အပြည့်အဝ ရရှိနိုင်မည် မဟုတ်ပါသဖြင့် ပညာရေးအခွင့်အရေးနှင့် ကလေးသူငယ် ကာကွယ်စောင့်ရှောက်ရေးတို့ကို တစ်ပြိုင်တည်း အလေးထားဆောင်ရွက်ရန် လိုအပ် ပါကြောင်း။

ကျောင်းတွင်းအကြမ်းဖက်မှုများကို ဖြစ်ပွား ပြီးမှ အရေးယူဆောင်ရွက်ခြင်းထက်ကြိုတင်ကာကွယ် တားဆီးရေးကို အခြေခံသည့် စနစ်ကျသော မူဝါဒ တစ်ရပ်ချမှတ်ရန်လိုအပ်ပြီး ယင်းမူဝါဒတွင် အကြမ်း ဖက်မှုတားဖြစ်ရေး၊ တိုင်ကြားဖြေရှင်းရေး၊ ထိခိုက်နစ် နာသူများအား ကာကွယ်စောင့်ရှောက်ရေး၊ ကျူးလွန် သူများအား ဥပဒေနှင့်အညီအရေးယူရန်နှင့် တာဝန် ယူမှု၊ တာဝန်ခံမှု ရှိစေရေးတို့ကို ပြည့်စုံစွာ ထည့်သွင်း သတ်မှတ်ရန်လိုအပ်ပါကြောင်း။

ကလေးသူငယ်များ၏ အခွင့်အရေးနှင့် အကျိုး စီးပွားကို ကာကွယ်စောင့်ရှောက်ရေးသည် နိုင်ငံတော်၊ မိဘအုပ်ထိန်းသူများ၊ ပညာရေးဆိုင်ရာတာဝန်ရှိသူ များနှင့် လူမှုအသိုက်အဝန်းတစ်ရပ်လုံးတွင် တာဝန် ရှိသည့်အတွက် သက်ဆိုင်ရာဥပဒေများနှင့်အညီ ကလေးသူငယ်များအတွက် ဘေးကင်းလုံခြုံသည့် ပညာသင်ကြားသင်ယူမှု ပတ်ဝန်းကျင်တစ်ရပ်လုံးကို ဖန်တီးပေးရန် လိုအပ်ပါကြောင်းအဆိုကို ထောက်ခံ ဆွေးနွေးသည်။

ကွန်ဟိန်း မဲဆန္ဒနယ်မှ ဦးစိုင်းကျော်လှက မြန်မာနိုင်ငံရှိ ကလေးသူငယ်များ၏ အနာဂတ်နှင့် ဘေးကင်းလုံခြုံမှုအတွက် ကျောင်းတွင်း အကြမ်းဖက် မှုကင်းစင်ရေးမူဝါဒတစ်ရပ်ကို အစိုးရအနေဖြင့် စနစ် တကျရေးဆွဲချမှတ်ရန် မလွဲမသွေ တိုက်တွန်းသင့်ပါ ကြောင်း၊ သို့ရာတွင် အဆိုပါမူဝါဒသည် ကလေးသူငယ် များအား အပြစ်ပေးရုံသက်သက်မျှသာ မဟုတ်ဘဲ အသိပညာပေးခြင်း၊ ကြိုတင်ကာကွယ်ခြင်းနှင့် စိတ်ပိုင်း ဆိုင်ရာ ပြုပြင်စောင့်ရှောက်ပေးခြင်းတို့ မျှတစွာ ပေါင်းစပ်ပါဝင်သည့် ခေတ်မီ မူဝါဒတစ်ရပ်ဖြစ်ရန် လိုအပ်ပါကြောင်းအဆိုကို ထောက်ခံဆွေးနွေးသည်။

ဒဂုံမြို့သစ်(ဆိပ်ကမ်း) မဲဆန္ဒနယ်မှ ဒေါက်တာ ရွှေပြည်စိုးက ကျောင်းသား၊ ကျောင်းသူများ စိတ်ပိုင်း ဆိုင်ရာ/ ရုပ်ပိုင်းဆိုင်ရာ ဘေးကင်းလုံခြုံပြီး အေးချမ်းစွာ ပညာသင်ကြားနိုင်ရေး ရေရည်အကျိုးဒီဗွီးအတွက် Bullying နှင့် ကျောင်းတွင်း အကြမ်းဖက်မှု မျိုးစုံ ကင်းစင်စေရေး မူဝါဒတစ်ခုခုကို သက်ဆိုင်ရာက သတ်မှတ်ထိန်းချုပ်ကာကွယ်ပေးပြီး လူစွမ်းအား အရင်းအမြစ်နှင့် ပညာရေးအသိုက်အဝန်းဖွဲ့ဖြိုးရေး ကို ရှေးရှုသင့်ပါကြောင်းအဆိုကို ထောက်ခံဆွေးနွေး သည်။

ကြာအင်းဆိပ်ကြီးမဲဆန္ဒနယ်မှ ဦးမြင့်ထွန်းက ကျောင်းနေအရွယ် ကလေးသူငယ်များသည် ရုပ်ပိုင်း ဆိုင်ရာနှင့် စိတ်ပိုင်းဆိုင်ရာ အနိုင်ကျင့်မှု အပါအဝင် ကျောင်းတွင်းအကြမ်းဖက်မှုအမျိုးမျိုးကို ရင်ဆိုင် ကြုံတွေ့နေရပြီး ကိုယ်ထိလက်ရောက် တိုက်ခိုက်ခံရ ခြင်း၊ ရန်ဖြစ်ခြင်း၊ နှုတ်ဖြင့်စော်ကားဆဲဆိုခြင်း၊ လောင်ပြောင်ပြက်ရယ်ပြုခြင်း၊ အထီးကျန်အောင် သီးခြားခွဲထုတ်ခြင်း၊ ပြစ်တင်ရှုတ်ချခြင်းနှင့် အွန်လိုင်း မှတစ်ဆင့် နှောင့်ယှက်ခြင်း စသည့် ပုံစံမျိုးစုံဖြင့် ကြုံတွေ့နေရကြောင်း။

ယင်းသို့သော အကြမ်းဖက်မှုများသည် ကျောင်း စုဝေးပွဲများ၊ ကျောင်းတွင်းလှုပ်ရှားမှုများ၊ စုပေါင်း သန့်ရှင်းရေး၊ အားကစားလှုပ်ရှားမှုများနှင့် ပွဲတော် များကျင်းပချိန်တွင် မမျှော်လင့်ဘဲဖြစ်ပွားတတ်ပြီး ကျောင်းတွင်းအကြမ်းဖက်မှုများသည် ကျောင်းအုပ် ကြီးနှင့် ဆရာ၊ ဆရာမများ၏ ကျောင်းတွင်းစီမံခန့်ခွဲ မှုစနစ်နှင့် တိုက်ရိုက်အချိုးကျဆက်စပ်နေကြောင်း၊ သို့ဖြစ်ပါ၍ ကျောင်းများတွင် စိတ်ပိုင်းဆိုင်ရာကျန်းမာ ရေးကို ကာကွယ်နိုင်ရန်နှင့် အပြန်အလှန်ကြင်နာ တတ်သောကျောင်းယဉ်ကျေးမှုတစ်ရပ်တည်ဆောက် နိုင်ရန်အတွက် အဆိုကို ထောက်ခံပါကြောင်း ဆွေးနွေးသည်။

ကော့ကရိတ်မဲဆန္ဒနယ်မှ ဒေါ်ခင်နီနီအောင်က ကျောင်းတွင်း အကြမ်းဖက်မှု၊ အနိုင်ကျင့်မှုနှင့် မူးယစ် ဆေးဝါးသုံးစွဲမှုများ တားဆီးကာကွယ်ရေးသည် ကျောင်းတစ်ကျောင်း၊ ဆရာတစ်ဦး၊ မိဘတစ်ဦး တည်းဖြင့် ဖြေရှင်းနိုင်သည့် ကိစ္စရပ်မဟုတ်ဘဲ ကျောင်း၊ မိဘ၊ ဆရာ၊ ဆရာမများ၊ ပညာရေးဆိုင်ရာ တာဝန်ရှိသူများနှင့် သက်ဆိုင်ရာ ဌာန၊ အဖွဲ့အစည်း များအားလုံး ပူးပေါင်းပါဝင်ရန် လိုအပ်ကြောင်း၊ ကလေးသူငယ်များကို အသိပညာ၊ အတတ်ပညာနှင့် ပြည့်စုံသော နိုင်ငံသားကောင်း ပညာတတ်ကြီးများ ဖြစ်လာစေလိုကြောင်း၊ ကလေးတစ်ဦးချင်းစီ၏ လုံခြုံမှုသည် ပညာရေးအောင်မြင်မှု၏ အခြေခံဖြစ် သကဲ့သို့ နိုင်ငံတော်၏အနာဂတ်အတွက် အရေးပါ သော ရင်းနှီးမြှုပ်နှံမှုတစ်ရပ်လည်း ဖြစ်ပါကြောင်း အဆိုအား ထောက်ခံဆွေးနွေးသည်။

မိုးညှိမဲဆန္ဒနယ်မှ ဒေါ်စာခြည်လွင်က ယနေ့ ခေတ်တွင် ကလေးသူငယ်တစ်ဦး၏ ဘေးကင်း လုံခြုံမှုသည် ကျောင်းတံခါးအတွင်း၌သာ ကန့်သတ် မနေဘဲ ၎င်းတို့အသုံးပြုနေသည့် မိုဘိုင်းဖုန်း၊ အင်တာနက်နှင့် လူမှုကွန်ရက်ပေါ်တွင်လည်း လုံခြုံမှုရှိရန် မဖြစ်မနေ လိုအပ်လာပြီဖြစ်ကြောင်း၊ စာသင်ခန်းများအတွင်း လက်ကိုင်ဖုန်းမသုံးရ၊ ယူဆောင်မလာရဟု ကန့်သတ်ထားသော်လည်း အသုံးပြုချုပ်ရသည့် အခြားနေရာများတွင် သုံးစွဲမှုများ ရှိနေနိုင်သဖြင့် ကလေးသူငယ်များ၏ ဘေးကင်း လုံခြုံရေးနှင့် ဒီဂျစ်တယ်ခေတ် အန္တရာယ်များမှ ကာကွယ်ပေးနိုင်ရေးအတွက် ဌာနပေါင်းစုံ ပူးပေါင်း ဆောင်ရွက်သည့် မူဝါဒတစ်ရပ် ချမှတ်နိုင်ရေးသည် အထူးပင်အရေးကြီးပါကြောင်း အဆိုကို ထောက်ခံ ဆွေးနွေးသည်။

ထို့ပြင် အဆိုနှင့်စပ်လျဉ်း၍ မော့ဘီမဲဆန္ဒနယ်မှ ဒေါက်တာနေလင်း၊ သရက်ချောင်း မဲဆန္ဒနယ်မှ ဦးရဲထွန်းဝင်း၊ မြောက်ဥက္ကလာပ မဲဆန္ဒနယ်မှ ဦးနေလင်းအောင်၊ ဘားအံမဲဆန္ဒနယ်မှ ဦးသက်နိုင်ဦး နှင့် ဗိုလ်တထောင်မဲဆန္ဒနယ်မှ ဦးဥဉာဏ်ဝင်းထိုက် တို့က ထောက်ခံအကြံပြုဆွေးနွေးကြသည်။

ယင်းနောက် ဗဟန်းမဲဆန္ဒနယ်မှ ဒေါက်တာ လှတင့် တင်သွင်းသည့် အဆိုနှင့်စပ်လျဉ်း၍ ပညာ ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးနေမျိုးလှိုင်က ပညာရေးဝန်ကြီးဌာနအနေဖြင့် ကျောင်းတွင်း ဘေးကင်းလုံခြုံရေးနှင့် ကလေးသူငယ်အခွင့်အရေး များ ကာကွယ်စောင့်ရှောက်ရေးကို လက်ရှိတွင် လည်း အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိ ပြီး ကျောင်းသား၊ ကျောင်းသူများအားလုံး ဘေးကင်း လုံခြုံသည့် ပညာသင်ယူမှုပတ်ဝန်းကျင်တွင် ပညာသင်ယူနိုင်ရေးအတွက် သက်ဆိုင်ရာဆက်စပ် ဝန်ကြီးဌာနများ၊ အဖွဲ့အစည်းများနှင့် ဆက်လက် ပူးပေါင်းဆောင်ရွက်သွားမည်ဖြစ်ပြီး ဆောင်ရွက်မှု ရလဒ်များကိုလည်း လုပ်ထုံးလုပ်နည်းများနှင့်အညီ လွှတ်တော်သို့ ပြန်လည်တင်ပြနိုင်ရေး ဆောင်ရွက် သွားမည်ဖြစ်ပါကြောင်း။

ကလေးသူငယ်များ စိတ်ပိုင်းဆိုင်ရာနှင့် ရုပ်ပိုင်း ဆိုင်ရာ ဘေးကင်းလုံခြုံစွာ ပညာသင်ကြားနိုင်ရေး အတွက် ကျောင်းတွင်းအကြမ်းဖက်မှုဆိုင်ရာမူဝါဒ တစ်ရပ်ကို ပညာရေးဝန်ကြီးဌာန၊ ဥပဒေရေးရာ ဝန်ကြီးဌာနအပါအဝင် သက်ဆိုင်ရာဝန်ကြီးဌာနများ ပေါင်းစပ်ညှိနှိုင်းပြီး ကျောင်းနေအရွယ်ကလေး သူငယ်များသာမက ကျောင်းပြင်ပသို့ရောက်ရှိနေ သော ကလေးသူငယ်များ၏ အခွင့်အရေးနှင့် ကာကွယ်စောင့်ရှောက်ရေးဆိုင်ရာ လိုအပ်ချက်များ ကိုပါ ထည့်သွင်းစဉ်းစားဆောင်ရွက်ရန် လိုအပ်သည့် အတွက် လက်ရှိပြဋ္ဌာန်းထားပြီးဖြစ်သည့် ကလေး သူငယ်အခွင့်အရေးများဆိုင်ရာဥပဒေ (The Child Rights Law, 2019)နှင့် ကလေးသူငယ်အခွင့်အရေး များဆိုင်ရာ နည်းဥပဒေများ(Child Rights Rules) တို့တွင် ခေတ်နှင့်အညီ လိုအပ်သည့်ပြင်ဆင်ဖြည့်စွက် မှုများ ဆက်လက်ဆောင်ရွက်သွားရမည်ဖြစ်ပါ ကြောင်းနှင့် ပညာရေးဝန်ကြီးဌာနအနေဖြင့် ကျောင်းတွင်းအကြမ်းဖက်မှုကင်းစင်ရေး မူဝါဒများ ချမှတ်ဆောင်ရွက်လျက်ရှိသည့်အတွက် အဆိုအား မှတ်တမ်းထားစောင့်ကြည့်သင့်ပါကြောင်း ပြန်လည် ရှင်းလင်းဆွေးနွေးသည်။

ယင်းနောက် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက ဗဟန်းမဲဆန္ဒနယ်မှ ဒေါက်တာလှတင့် တင်သွင်း သည့် အဆိုနှင့်စပ်လျဉ်း၍ လွှတ်တော်ကိုယ်စားလှယ် များ၏ အကြံပြုချက်များကို သက်ဆိုင်ရာ ဝန်ကြီးဌာန အနေဖြင့် အလေးအနက်ထား လေ့လာဆောင်ရွက် သွားရန် တိုက်တွန်းပါကြောင်း၊ ရှိပြီးဖြစ်သည့် ဥပဒေ များနှင့်ဆက်စပ်ကာ သက်ဆိုင်ရာအဖွဲ့အစည်းများ၊ ဝန်ကြီးဌာနများအားလုံး အချင်းချင်းညှိနှိုင်းပြီး ကျောင်းတွင်း အကြမ်းဖက်မှုကင်းစင်ပရောက်ရေး နှင့် ထိန်းကျောင်းရေးဆိုင်ရာ မူဝါဒ Control Mechanism တစ်ရပ်ကို ချမှတ်လျက် ကန့်ဦးအဆင့် အောင်မြင်အောင် အကောင်အထည်ဖော်ပေးရန် လုပ်ငန်းစဉ်အား လွှတ်တော်တွင် မှတ်တမ်းတင်ထား ရှိမည်ဖြစ်ကြောင်း၊ တိုးတက်မှုများကိုလည်း စဉ်ဆက် မပြတ် စောင့်ကြည့်သွားမည်ဖြစ်ပြီး ရလဒ်နှင့် တိုးတက်မှုများအပေါ် အခြေခံ၍ လိုအပ်သလို ဆက်လက်ဆွေးနွေး ဆောင်ရွက်သွားမည်ဖြစ် ကြောင်း လွှတ်တော်၏ အဆုံးအဖြတ်ရယူရာ လွှတ်တော်က သဘောတူသည့်အတွက် အဆိုအား မှတ်တမ်းတင်စောင့်ကြည့်မည်ဖြစ်ကြောင်း ကြေညာ သည်။

ဆက်လက်၍ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက အမျိုးသားလွှတ်တော်က ပြင်ဆင်ချက်ဖြင့် အတည် ပြု၍ ပေးပို့လာသော **"အသေးစား၊ အငယ်စား၊နှင့် အလတ်စား စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက် ရေးနှင့် အကာအကွယ်ပေးရေးဥပဒေကြမ်း"**နှင့် စပ်လျဉ်း၍ ပြည်သူ့လွှတ်တော်ဥပဒေကြမ်း ကော်မတီ က ပြင်ဆင်ထားသည့် အပိုဒ်၊ အပိုဒ်ခွဲအလိုက် လွှတ်တော်၏ အတည်ပြုချက်ရယူပြီး ဥပဒေကြမ်း တစ်ရပ်လုံးနှင့်စပ်လျဉ်း၍ လွှတ်တော်က သဘောတူ အတည်ပြုသည့်အတွက် လွှတ်တော်ဆိုင်ရာ နည်းဥပဒေအညီ ဆက်လက်ဆောင်ရွက်သွားမည် ဖြစ်ကြောင်း ကြေညာသည်။

တတိယအကြိမ် ပြည်သူ့လွှတ်တော် တတိယ ပုံမှန်အစည်းအဝေး ၂၅ ရက်မြောက်နေ့ကို ရုပ်နား လိုက်ပြီး အစည်းအဝေး ၂၆ ရက်မြောက်နေ့ကို နိုဝင်ဘာ ၁၀ ရက်တွင် ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

သတင်းအဖွဲ့

ပြည်သူလူထု၏ ကျန်းမာရေးနှင့် သဘာဝပတ်ဝန်းကျင်ကို ကာကွယ်စောင့်ရှောက်နိုင်ရေးအတွက် ပလတ်စတစ်ထုတ်ကုန်များ၊ အထူးသဖြင့် ကြွပ်ကြွပ်အိတ်များ ထုတ်လုပ်၊ တင်သွင်း၊ ရောင်းချ၊ အသုံးပြုမှုကို အဆင့်လိုက်လျှော့ချကန့်သတ်နိုင်ရေးဆွေးနွေး

နေပြည်တော် နိုဝင်ဘာ ၉

တတိယအကြိမ်အမျိုးသားလွတ်တော် တတိယပုံမှန်အစည်းအဝေး ၁၅ ရက်မြောက်နေ့ကို ယနေ့ မွန်းလွဲ ၁ နာရီခွဲတွင် နေပြည်တော်ရှိ လွတ်တော်အဆောက်အအုံ အမျိုးသားလွတ်တော် အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အစည်းအဝေးသို့ အမျိုးသားလွတ်တော်ဥက္ကဋ္ဌ ဦးအောင်လင်းဌေး၊ အမျိုးသားလွတ်တော် ဒုတိယဥက္ကဋ္ဌ Jeng Phang နော်တောင်၊ ဒုတိယဝန်ကြီးများနှင့် အမျိုးသားလွတ်တော်ကိုယ်စားလှယ်များ တက်ရောက်ကြသည်။

ဦးစွာ အမျိုးသားလွတ်တော်ဥက္ကဋ္ဌက တတိယအကြိမ် အမျိုးသားလွတ်တော် တတိယပုံမှန်အစည်းအဝေး ၁၅ ရက်မြောက်နေ့သို့ တက်ရောက်ခွင့်ရှိသည့် အမျိုးသားလွတ်တော်ကိုယ်စားလှယ်ဦးရေ စုစုပေါင်း ၂၀၉ ဦးရှိသည့်အနက် ယနေ့အစည်းအဝေးသို့ ၂၀၃ ဦး တက်ရောက်သဖြင့် ထက်ဝက်ကျော်သည့်အတွက် အစည်းအဝေး အထမြောက်ကြောင်းနှင့် စတင် ကျင်းပကြောင်း ကြေညာကာ အစည်းအဝေး တက်ရောက်မှုအခြေအနေကို လွတ်တော်၏ အတည်ပြုချက်ရယူ၍ မှတ်တမ်းတင်သည်။

ထို့နောက် မန္တလေးတိုင်းဒေသကြီး အမျိုးသားလွှတ်တော်ကိုယ်စားလှယ် အမှတ်(၁၀) ဦးမြင့်စန်း၏ **မန္တလေးတိုင်းဒေသကြီး အလုပ်သမားညွှန်ကြားရေးဦးစီးဌာန လက်အောက်ရှိ အလုပ်သမားကျွမ်းကျင်မှုလေ့ကျင့်ရေးသင်တန်းကျောင်း(မန္တလေး)တွင် ရပ်ဝေး သင်တန်းသားများ တည်းခိုရန်အတွက် ပေ(၁၀၀x၅၀) RC (၂)ထပ် သင်တန်းသားအိပ်ဆောင်တစ်လုံးအား တည်ဆောက်ပေးနိုင်ခြင်း** ရှိ/မရှိ သိရှိလိုခြင်း မေးခွန်းနှင့် စပ်လျဉ်း၍ အလုပ်သမားဝန်ကြီးဌာန ဒုတိယဝန်ကြီးဦးမျိုးအောင်က ကျွမ်းကျင်မှုလေ့ကျင့်ရေးသင်တန်းကျောင်း(မန္တလေး)တွင် နယ်ဝေးမှလာရောက်၍ ကျွမ်းကျင်မှုသင်တန်းများ တက်ရောက်မည့် သင်တန်းသားသင်တန်းသူများသင်တန်းကာလအတွင်း နေထိုင်နိုင်ရေးအတွက် ၅၆ ဦးဆံ့ သင်တန်းသားအိပ်ဆောင် ပေ(၁၀၀x၅၀) RC (၂)ထပ် တစ်လုံး တည်ဆောက်ခြင်းလုပ်ငန်းကို ၂၀၂၇-၂၀၂၈ ဘဏ္ဍာရေးနှစ်အတွင်း ပြည်ထောင်စုဘဏ္ဍာရန်ပုံငွေ ငွေလုံငွေရင်းအသုံးစရိတ်ခွင့်ပြုငွေဖြင့် ဆောင်ရွက်နိုင်ရန် ဘဏ္ဍာငွေ အရ၊ အသုံး ခန့်မှန်းခြေငွေစာရင်းတွင် ထည့်သွင်းလျာထား တောင်းခံပြီးဖြစ်ပါကြောင်းနှင့် ဘဏ္ဍာငွေ ခွင့်ပြုချက်ရရှိပါက လုပ်ထုံးလုပ်နည်း၊ စံချိန်စံညွှန်းသတ်မှတ်ချက်များနှင့်အညီ သတ်မှတ်ကာလအတွင်းပြီးစီးအောင်ကြပ်မတ်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ဖြေကြားသည်။

မကွေးတိုင်းဒေသကြီး အမျိုးသားလွှတ်တော်ကိုယ်စားလှယ် အမှတ်(၄) ဦးစိန်ရွှေမင်း၏ **အားကစားဝန်ကြီးဌာနအနေဖြင့် အားကစားပွဲဦးများ လေ့ကျင့်မွေးထုတ်ပြီး အရပ်ဘက်အားကစားပွဲများကို အကူအညီပေးရန် အစီအစဉ် ရှိ/မရှိ** မေးခွန်းနှင့် စပ်လျဉ်း၍ အားကစားရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီးဦးမျိုးကျော်သူက မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်နှင့် တိုင်းဒေသကြီး/ခရိုင်/မြို့နယ် အားကစားနှင့် ကာယပညာဦးစီးဌာန တိုင်းဒေသကြီးနှင့်ပြည်နယ်ဘောလုံးအဖွဲ့ချုပ်များနှင့်ပူးပေါင်း၍ ဒိုင်သင်တန်းများ နှစ်စဉ် ဖွင့်လှစ်လျက်ရှိရာ ပျမ်းမျှတစ်နှစ်လျှင် ဒိုင်လူကြီး ၃၅၀ ခန့် မွေးထုတ်ပေးလျက်ရှိပြီး အလားအလာရှိလူငယ်ဒိုင်လူကြီးများအား ဘောလုံးအဖွဲ့ချုပ်ဒိုင်လုပ်ငန်းဌာနမှ ကမ္ဘာ့အသိအမှတ်ပြုဒိုင်လူကြီး ဖြစ်လာစေရန် တာဝန်ယူဆောင်ရွက်ပေးလျက်ရှိပါကြောင်း။

ဝန်ကြီးဌာနအနေဖြင့် အားကစားပြိုင်ပွဲများ ကျင်းပပြုလုပ်ရန်နှင့် သင်တန်းများ ဖွင့်လှစ်ပို့ချရန် အတွက် ပြည်ထောင်စုအဆင့်ဝန်ကြီးဌာနများ၊



တတိယအကြိမ်အမျိုးသားလွတ်တော် တတိယပုံမှန်အစည်းအဝေး ၁၅ ရက်မြောက်နေ့ကျင်းပစဉ်။

တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ ဒိုင်လူကြီး။ နည်းပြများ တောင်းခံလာပါက သက်ဆိုင်ရာအားကစားအဖွဲ့ချုပ်များနှင့် ချိတ်ဆက်ညှိနှိုင်း၍ ကူညီဆောင်ရွက်ပေးလျက်ရှိပါကြောင်းနှင့် ၂၀၂၇ - ၂၀၂၈ ဘဏ္ဍာနှစ်အတွင်း ဘောလုံးအားကစားနည်း အပါအဝင် အားကစားနည်းများဖို့စုံအတွက် ဒိုင်လူကြီးသင်တန်း ၁၀ ကြိမ် ဖွင့်လှစ်ရန် ရန်ပုံငွေကျပ် သိန်း ၂၂၀ လျာထားဆောင်ရွက်ထားရှိပြီး ဖြစ်ပါကြောင်း ဖြေကြားသည်။

ရှမ်းပြည်နယ် အမျိုးသားလွှတ်တော် ကိုယ်စားလှယ် အမှတ်(၁၀) စိုင်းဝင်းခိုင်၏ **ရှမ်းပြည်နယ်(မြောက်ပိုင်း) နောင်ချိုမြို့နယ် ဆမွှဆယ် ကျေးရွာအုပ်စု အုမ္မသီးကျေးရွာတွင် လျှပ်စစ်မီးရရှိရေးအတွက် ဆောင်ရွက်ပေးရန် အစီအစဉ် ရှိ/မရှိနှင့် ရှိပါက မည်သည့်အချိန်တွင် ဆောင်ရွက်ပေးမည်နှင့် မရှိပါက မည်သည့်အတွက်ကြောင့်ဖြစ်သည်ကို သိရှိလိုခြင်း** မေးခွန်းနှင့် စပ်လျဉ်း၍ လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအေးကျော်က ၂၀၂၄ ခုနှစ် ဇွန်လအတွင်း ဖြစ်ပွားခဲ့သော အကြမ်းဖက်တိုက်ခိုက်မှုများကြောင့် နောင်ချိုမြို့ပေါ်ရပ်ကွက်များနှင့် ကျေးရွာများရှိ ဓာတ်အားလိုင်းများနှင့် ဓာတ်အားပေး ထရန်စဖေါ်မာများ ပျက်စီးခဲ့ပါကြောင်း၊ အုမ္မသီးကျေးရွာအနီးရှိ ဆမွှဆယ်ကျေးရွာ၊ နားခေါ်ကျေးရွာ၊ နားကျောင်းခမ်းကျေးရွာ၊ ရောင်ကျေးရွာနှင့် သုံးဆယ်ကျေးရွာတို့ရှိ ဓာတ်အားလိုင်းနှင့် ထရန်စဖေါ်မာများသည် အကြမ်းဖက်မှုဖြစ်စဉ်များကြောင့် ပျက်စီးခဲ့သော်လည်း ပျက်စီးမှုပမာဏ နည်းပါးသည့်အတွက် ကျေးရွာမီးလင်းရေးကော်မတီများမှ ကိုယ်ထူကိုယ်ထစနစ်ဖြင့် ပြန်လည်ပြုပြင် နိုင်ခဲ့ပြီး ဓာတ်အားရယူသုံးစွဲနိုင်ပြီ ဖြစ်ပါကြောင်း။

အုမ္မသီးကျေးရွာသည်အကြမ်းဖက်သောင်းကျန်းသူများကြောင့် ပျက်စီးမှုအများဆုံးဖြစ်ခဲ့ပြီး ဓာတ်အားလိုင်းနှင့် ထရန်စဖေါ်မာပျက်စီးမှုပမာဏ ကြီးမားသဖြင့် ဓာတ်အားပြန်လည်သုံးစွဲနိုင်ရန်အတွက် ၁၁/၀ ဒသမ ၄ ကေဗွီ၊ ၃၁၅ ကေဗွီအေ ထရန်စဖေါ်မာ တစ်လုံးနှင့် ၄၀၀ ဗို့ဓာတ်အားလိုင်း ၁ ဒသမ ၅ မိုင် တည်ဆောက်ခြင်းလုပ်ငန်းအား ၂၀၂၇ - ၂၀၂၈ ဘဏ္ဍာရေးနှစ်၊ ရှမ်းပြည်နယ်အစိုးရရုံးပုံငွေဖြင့် ဆောင်ရွက်ရန် လျာထားပြီးဖြစ်ပြီး ရန်ပုံငွေရရှိမှုအပေါ်မူတည်၍ အကောင်အထည်ဖော် ဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း ဖြေကြားသည်။

မကွေးတိုင်းဒေသကြီး အမျိုးသားလွှတ်တော် ကိုယ်စားလှယ် အမှတ်(၂) ဦးတင်မျိုးဇော်၏ **မကွေးတိုင်းဒေသကြီး မကွေးမြို့နယ် လက်ပံတောကျေးရွာ အုပ်စု စည်ပင်သာကျေးရွာ လျှပ်စစ်မီးလင်းရေးအတွက် ၁၁ ကေဗွီ ဓာတ်အားလိုင်းသွယ်တန်းခြင်းနှင့် ထရန်စဖေါ်မာ ချထားဆောင်ရွက်ပေးနိုင်ခြင်း ရှိ/မရှိ သိရှိလိုခြင်း** မေးခွန်းနှင့်စပ်လျဉ်း၍ ဒုတိယဝန်ကြီး ဦးအေးကျော်က စည်ပင်သာကျေးရွာ လျှပ်စစ်ဓာတ်အားရရှိရေးအတွက် ၁၁ ကေဗွီ ဓာတ်အားလိုင်း ၁ ဒသမ ၂ မိုင် နှင့် ၁၁/၀ ဒသမ ၄ ကေဗွီ၊ ၂၀၀ ကေဗွီအေ ထရန်စဖေါ်မာ တစ်လုံး တည်ဆောက်ခြင်းလုပ်ငန်းအား ၂၀၂၇ - ၂၀၂၈ ဘဏ္ဍာရေးနှစ် တိုင်းဒေသကြီးအစိုးရရုံးပုံငွေဖြင့် ဆောင်ရွက်ရန်လျာထားပြီး ဘဏ္ဍာငွေရရှိမှုအခြေအနေအပေါ်မူတည်၍ အကောင်အထည်ဖော် ဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း ဖြေကြားသည်။

စစ်ကိုင်းတိုင်းဒေသကြီး အမျိုးသားလွှတ်တော် ကိုယ်စားလှယ် အမှတ်(၂) ဦးအောင်ချစ်လွင်၏ **စစ်ကိုင်းတိုင်းဒေသကြီး ခန္ဓီးခရိုင်နှင့် မြို့နယ်လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဦးစီးဌာနရုံးကို ပေ(၆၀ x၃၀) RC (၂)ထပ် အဆောက်အအုံဆောက်လုပ်ပေးရန် အစီအစဉ် ရှိ/မရှိနှင့် ရှိပါကမည်သည့်ဘဏ္ဍာရေးနှစ်တွင် ရန်ပုံငွေ ခွဲဝေချထား ဆောင်ရွက်ပေးမည်ကို သိရှိလိုခြင်း** မေးခွန်းနှင့်စပ်လျဉ်း၍ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးလင်းဇော်ထွန်းက ဝန်ကြီးဌာနအနေဖြင့် ၂၀၂၆-၂၀၂၇ ဘဏ္ဍာရေးနှစ်အတွက် ရန်ပုံငွေလျာထား တောင်းခံရာ အကြမ်းဖက်မှုဖြစ်စဉ်ကြောင့် မီးရှို့ဖျက်ဆီးခံခဲ့ရသည့် ရုံးအဆောက်အအုံများ၊ မန္တလေးလေးငွေဒဏ် အပါအဝင် သဘာဝဘေးအန္တရာယ်ကြောင့် ပျက်စီးခဲ့သည့်ရုံးများအား ဦးစားပေး လျာထားတောင်းခံခဲ့သဖြင့် ခန္ဓီးခရိုင်ဦးစီးမှူးရုံးနှင့် ခန္ဓီးမြို့နယ်ဦးစီးမှူးရုံး အဆောက်အအုံများသည် လျာထားတောင်းခံမှုတွင် မပါရှိခဲ့ပါကြောင်း။

လာမည့် ၂၀၂၇ - ၂၀၂၈ ဘဏ္ဍာရေးနှစ်တွင်လည်း အကြမ်းဖက်ဖြစ်စဉ်ကြောင့် မီးရှို့ဖျက်ဆီးခံရသည့် ရုံးများ၊ ဌာနပိုင်ရုံး ဖွင့်လှစ်နိုင်ခြင်းမရှိသေးသောရုံးများနှင့် အမှန်တကယ် လူနေထိုင်လျက်ရှိသည့် ဝန်ထမ်းအိမ်ရာများအား အသစ်ပြန်လည်ဆောက်လုပ်နိုင်ရေးအတွက် လျာထားတင်ပြ တောင်းခံခြင်း ဖြစ်သဖြင့် ခန္ဓီးခရိုင်ဦးစီးမှူးရုံးနှင့် ခန္ဓီးမြို့နယ်ဦးစီးမှူးရုံး ဆောက်လုပ်ရန် လျာထားတောင်းခံမှုတွင် မပါရှိသောကြောင့် ၂၀၂၇ - ၂၀၂၈ ဘဏ္ဍာရေးနှစ် ဖြည့်စွက်ရန်ပုံငွေတွင် ထည့်သွင်းတောင်းခံသွားမည်ဖြစ်ပြီး ရန်ပုံငွေခွဲပြုချက် ရရှိမှုအပေါ်မူတည်၍ ဦးစားပေး အစီအစဉ်အလိုက် ဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း ဖြေကြားသည်။

ကချင်ပြည်နယ် အမျိုးသားလွှတ်တော် ကိုယ်စားလှယ် အမှတ်(၁၀) ဦးအောင်ဆန်းထူး၏ **ဗန်းမော်ခရိုင်မှ နေရပ်စွန့်ခွာ၍ မန္တလေးမြို့နှင့် ပြင်ဦးလွင်မြို့ အနီးတစ်စိုက်ရှိမြို့ရွာများတွင်လာရောက် နေထိုင်ကြသူများအတွက် မန္တလေးမြို့၌ ဗန်းမော်ခရိုင် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဦးစီးဌာနမှ ယာယီရုံးခွဲ လာရောက်ဖွင့်လှစ်ပေးရန် အစီအစဉ် ရှိ/မရှိ** မေးခွန်းနှင့် စပ်လျဉ်း၍ ဒုတိယဝန်ကြီး ဦးလင်းဇော်ထွန်းက အင်တာနက်နှင့် လျှပ်စစ်မီး အခက်အခဲကြောင့် ကချင်ပြည်နယ်(ယာယီရုံးခွဲ) အား ၂၀၂၅ ခုနှစ် ဇန်နဝါရီ ၉ ရက်တွင် မန္တလေးတိုင်း ဒေသကြီးဦးစီးမှူးရုံး၌ စတင်ဖွင့်လှစ်၍ ကချင်ပြည်နယ်မှ ယာယီနေရပ်စွန့်ခွာလာသည့် ပြည်သူများအား အိမ်ထောင်စုလူဦးရေစာရင်းနှင့် နိုင်ငံသားစိစစ်ရေး ကတ်ပြားထုတ်ပေးခြင်းလုပ်ငန်းများ ဆောင်ရွက်ပေးခဲ့ပါကြောင်း။

အလားတူ ၂၀၂၅ ခုနှစ် ဇန်နဝါရီ ၅ ရက်မှ ၂၀၂၆ ခုနှစ် ဇန်နဝါရီ ၂၆ ရက်အထိ ပြင်ဦးလွင်မြို့ ရပ်ကွက်ကြီး(၄) ရွှေစည်းခုံဘုန်းကြီးကျောင်းတွင် ဖွင့်လှစ်ထားသည့် ယာယီခိုလှုံရာစခန်းရှိ ဗန်းမော်ခရိုင်မှ ယာယီနေရပ်စွန့်ခွာ ပြည်သူများအား ပြင်ဦးလွင်မြို့နယ်ဦးစီးမှူးရုံးမှ အိမ်ထောင်စုလူဦးရေစာရင်း မိတ္တူနှင့် နိုင်ငံသားစိစစ်ရေးကတ်ပြားများ ဆောင်ရွက်ပေးနိုင်ခဲ့ပါကြောင်း။

မန္တလေးတိုင်းဒေသကြီးဦးစီးမှူးရုံးရှိ ကချင်ပြည်နယ်(ယာယီရုံးခွဲ)ကို ၂၀၂၅ ခုနှစ် ဇူလိုင် ၂၈ ရက်အထိ ဖွင့်လှစ်ပေးခဲ့ပြီး မြစ်ကြီးနားမြို့နယ်တွင် အင်တာနက်၊ လျှပ်စစ်မီး ပြန်လည်ကောင်းမွန်ခြင်းနှင့် ယာယီနေရပ်စွန့်ခွာပြည်သူအများစု ရောက်ရှိနေထိုင်မှုကြောင့် အဆိုပါရုံးခွဲမှ အရာထမ်း အမှုထမ်းများအား မြစ်ကြီးနားမြို့သို့ ပြန်လည်ရွှေ့ပြောင်း တာဝန်ထမ်းဆောင်စေပြီး မြစ်ကြီးနားမြို့နယ်ရှိ ယာယီခိုလှုံရာစခန်းများ၌ နေထိုင်လျက်ရှိသည့် ဗန်းမော်ခရိုင်မှ ယာယီနေရပ်စွန့်ခွာ ပြည်သူများအား အိမ်ထောင်စုလူဦးရေစာရင်းနှင့် နိုင်ငံသားစိစစ်ရေး ကတ်ပြားထုတ်ပေးခြင်းလုပ်ငန်းများအား ဆက်လက် ဆောင်ရွက်စေခဲ့ပါကြောင်း။

ဗန်းမော်ခရိုင်မှ ယာယီနေရပ်စွန့်ခွာ၍ မန္တလေးမြို့ပြင်ဦးလွင်မြို့အပါအဝင် တိုင်းဒေသကြီး/ပြည်နယ် အသီးသီးသို့ ရောက်ရှိနေထိုင်ကြသည့် ယာယီနေရပ်စွန့်ခွာပြည်သူများမှ အိမ်ထောင်စုလူဦးရေစာရင်းနှင့် နိုင်ငံသားစိစစ်ရေးကတ်ပြား လျှောက်ထားခြင်းကို မြစ်ကြီးနားမြို့နယ်သို့ လာရောက်လျှောက်ထားရန် မလိုအပ်ဘဲ ရောက်ရှိနေထိုင်သည့် မြို့နယ်ရုံးများသို့ ကာယကံရှင်ကိုယ်တိုင် သွားရောက်လျှောက်ထားနိုင်ပါကြောင်းနှင့် မိမိမူလနေထိုင်သည့် ကချင်ပြည်နယ်မှ အခြားတိုင်းဒေသကြီး/ပြည်နယ်များသို့ အိမ်ထောင်စုလူဦးရေစာရင်း မပြောင်းရွှေ့ပါက နိုင်ငံသားစိစစ်ရေးကတ်ပြား စတင်ဆောင်ရွက်သူများအား ကချင်ပြည်နယ် သင်္ကေတဖြင့်သာ ထုတ်ပေးဆောင်ရွက်လျက်ရှိသဖြင့် မန္တလေးမြို့ ဗန်းမော်ခရိုင် (ယာယီရုံးခွဲ)အား ဖွင့်လှစ်ရန် ဝန်ကြီးဌာနအနေဖြင့် အစီအစဉ်မရှိပါကြောင်း ဖြေကြားသည်။

ယင်နောက် မကွေးတိုင်းဒေသကြီး အမျိုးသားလွှတ်တော်ကိုယ်စားလှယ် အမှတ်(၁၂) ဒေါ်ခင်ဆွေ၏ **ပြည်သူလူထု၏ ကျန်းမာရေးနှင့် သဘာဝပတ်ဝန်းကျင်ကို ကာကွယ်စောင့်ရှောက်နိုင်ရေးအတွက် ပလတ်စတစ်ထုတ်ကုန်များ၊ အထူးသဖြင့် ကြွပ်ကြွပ်အိတ်များ ထုတ်လုပ်၊ တင်သွင်း၊ ရောင်းချ၊ အသုံးပြုမှုကို အဆင့်လိုက် လျှော့ချကန့်သတ်နိုင်ရေး ဆောင်ရွက်ပေးပါရန် ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်း** အဆိုကို လွှတ်တော်ကိုယ်စားလှယ်များက ဆက်လက်ဆွေးနွေးကြသည်။

တနင်္သာရီတိုင်းဒေသကြီး အမျိုးသားလွှတ်တော် ကိုယ်စားလှယ်အမှတ်(၁၂) ဦးဝေယံမျိုးက ကမ္ဘာ့နိုင်ငံအများအပြားသည် ပလတ်စတစ်အဓိက်ပြဿနာကို ဖြေရှင်းရန် ဥပဒေအရတားမြစ်ခြင်း၊ အခွန်အခကောက်ခံခြင်းနှင့် စီးပွားရေးဆိုင်ရာ မက်လုံးပေးခြင်း စသည့် မူဝါဒအမျိုးမျိုးကို ကျင့်သုံးလျက်ရှိရာ မြန်မာနိုင်ငံအတွက် အရေးကြီးသော သင်ခန်းစာများကို လေ့လာရှိနိုင်ပါကြောင်း၊ ဥပဒေဖြင့် လုံးဝတားမြစ်ခြင်းတစ်ခုတည်းဖြင့် မလုံလောက်ဘဲ ဈေးကွက်အတွင်း သင့်တင့်သော အစားထိုးပစ္စည်းများ လုံလောက်စွာ

စာမျက်နှာ ၁၀ သို့ ❖

❖ စာမျက်နှာ ၉ မှ

ရရှိစေရေး၊ စီးပွားရေးဆိုင်ရာ စည်းမျဉ်းများ ကျင့်သုံးရေးနှင့် အဆင့်လိုက်အကောင်အထည်ဖော်ရေးတို့ကို ပေါင်းစပ်ဆောင်ရွက်မှသာ ရေရှည်တည်တံ့သောအောင်မြင်မှုကို ရရှိနိုင်မည်ဖြစ်ပါကြောင်း။

မြန်မာနိုင်ငံ၏ လက်ရှိလူမှုစီးပွားရေးအခြေအနေ၊ စွန့်ပစ်ပစ္စည်း စီမံခန့်ခွဲမှုယန္တရားနှင့် အသေးစား စီးပွားရေးလုပ်ငန်းများ၏ အခြေအနေအရ ရုတ်တရက် လုံးဝပိတ်ပင်ခြင်းထက် (၃)နှစ်မှ (၅)နှစ်အတွင်း အဆင့်လိုက် လျော့ချမည့် မူဝါဒအစီအမံသည် အကောင်အထည်ဖော်ရန် အသင့်တော်ဆုံးနည်းလမ်း ဖြစ်ပါကြောင်း။ ပလတ်စတစ်အိတ်များကို တားမြစ်ရာတွင် ဈေးကွက်၌ အစားထိုးပစ္စည်း လုံလောက်စွာ ရရှိရန် လိုအပ်ပါကြောင်း။ ပြည်တွင်း၌ ထွက်ရှိသော သဘာဝကုန်ကြမ်းများ (ဝါး၊ ကြိမ်၊ စက္ကူ၊ အုန်းဆံ၊ အင်ဖက်၊ ငှက်ပျောဖက်) တို့ဖြင့်ပြုလုပ်သော အိတ်များနှင့် ဆွေးမြည့်လွယ်သော Bioplastics ထုတ်လုပ်သည့် အသေးစားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများအား အသေးစားချေးငွေပံ့ပိုးပေးခြင်း၊ နည်းပညာကူညီပေးခြင်းနှင့် အခွန်ကင်းလွတ်ခွင့်များ ပေးအပ်ရမည်ဖြစ်ပါကြောင်း။ ပြည်သူလူထု၏ ကျန်းမာရေးနှင့် သဘာဝပတ်ဝန်းကျင်ကို ကာကွယ်စောင့်ရှောက်နိုင်ရေးအတွက်အဆိုအား ထောက်ခံပါကြောင်း ဆွေးနွေးသည်။

ကယားပြည်နယ် အမျိုးသားလွှတ်တော် ကိုယ်စားလှယ် အမှတ်(၁၂) ဒေါ်မာရီအားမူက ပလတ်စတစ်၏ အသုံးဝင်မှုကိုသာ အလေးထားအသုံးပြုပြီး စနစ်တကျစွန့်ပစ်မှုမရှိခြင်း၊ တစ်ခါသုံးပစ္စည်းများကို အလွန်အကျွံအသုံးပြုခြင်း၊ Recycle စနစ်များ အားနည်းခြင်းတို့ကြောင့် သဘာဝပတ်ဝန်းကျင်ပေါ်သို့ တဖြည်းဖြည်းဆိုးကျိုးများကြီးမားများပြားလာသည်ကို တွေ့မြင်ရပါကြောင်း၊ အချို့သောကမ္ဘာ့နိုင်ငံများသည် ပလတ်စတစ်ညစ်ညမ်းမှုလျော့ချရန် ဥပဒေမူဝါဒနှင့် လုပ်ငန်းစီမံချက်များ ချမှတ်ဆောင်ရွက်လျက်ရှိပါကြောင်း၊ ဥပဒေပြဋ္ဌာန်းခြင်းနှင့် မလုံလောက်ဘဲ ပြည်သူလူထုအား အသိပညာပေးခြင်းနှင့် အလေ့အကျင့်များ ပြောင်းလဲရေး၊ အစားထိုးပစ္စည်းများ ရရှိနိုင်ရေး၊ အမှိုက်သိမ်းဆည်းရေးစနစ်နှင့် စည်းကမ်းဖောက်ဖျက်သူများကို အရေးယူကြပ်မတ်စေရေးတို့ကို ပေါင်းစပ်ဆောင်ရွက်ကြသည်ကို လေ့လာတွေ့ရှိရပါကြောင်း။

မြန်မာနိုင်ငံအနေဖြင့်လည်း နိုင်ငံတကာ၏ အတွေ့အကြုံကောင်းများကို လေ့လာပြီး မိမိတို့နိုင်ငံ၏ စီးပွားရေးအခြေအနေနှင့် ကိုက်ညီသောမူဝါဒများကို အဆင့်လိုက် အကောင်အထည်ဖော်သင့်ပါကြောင်း။ ပလတ်စတစ်အသုံးပြုမှုလျော့ချရေး၊ စနစ်တကျ စွန့်ပစ်ခြင်းနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးတို့ကို နိုင်ငံတော်အဆင့် လူမှုအဖွဲ့အစည်းအဆင့်နှင့် တစ်ဦးချင်းအဆင့်အထိ ပူးပေါင်းဆောင်ရွက်နိုင်ပါရန် အဆိုအား ထောက်ခံပါကြောင်း ဆွေးနွေးသည်။

ပဲခူးတိုင်းဒေသကြီး အမျိုးသားလွှတ်တော် ကိုယ်စားလှယ် အမှတ်(၁၂) ဦးမင်းစိန်က ပလတ်စတစ်ကြွပ်ကြွပ်အိတ်ထဲကို ပူနွေးသောအာဟာရများ၊ ဟင်းရည်များ၊ လက်ဖက်ရည်၊ ကော်ဖီ အစရှိသည့် အပူရည်များကို ထည့်သွင်း အသုံးပြုခြင်းဖြင့် ပလတ်စတစ်နှင့် အပူဓာတ်ပြုပြီး ကင်ဆာဖြစ်စေနိုင်သော ဓာတုပစ္စည်းများကို ရေရှည်စားသုံးမိပါက ဟော်မုန်းစနစ်ကိုထိခိုက်စေပြီး ကိုယ်ခံအားကျဆင်းခြင်းနှင့် ကင်ဆာရောဂါအပါအဝင် အခြားသောနာတာရှည်ရောဂါများ ဖြစ်ပွားနိုင်ခြေကို မြင့်မားစေပါကြောင်း၊ ပလတ်စတစ်အိတ်များကို မီးရှို့ဖျက်ဆီးသည့်အခါ လူ့ကျန်းမာရေးကို ထိခိုက်စေနိုင်သည့် အဆိပ်အတောက်ဖြစ်စေသော ဓာတ်ငွေ့များ ထွက်ပေါ်လာပြီး လေထုကိုညစ်ညမ်းစေသောကြောင့် ပလတ်စတစ်များသည် လူနှင့် သတ္တဝါများ၏ ကျန်းမာရေးကို ထိခိုက်စေရံသာမက အသက်အန္တရာယ်ကိုပါ ခြိမ်းခြောက်နေပါကြောင်း။

နေ့စဉ်ဘဝတွင် ပလတ်စတစ် ကြွပ်ကြွပ်အိတ်သုံးစွဲမှုကို တတ်နိုင်သမျှ လျော့ချနိုင်ရန်အတွက် သဘာဝပစ္စည်းများကို အစားထိုးအသုံးပြုခြင်းနှင့် အသုံးပြုပြီး ပလတ်စတစ် ကြွပ်ကြွပ်အိတ်များကို စနစ်တကျစွန့်ပစ်၊ ပြန်လည်သိမ်းဆည်း၍ ကျန်းမာရေးကို မထိခိုက်စေသော လူသုံးကုန်ပစ္စည်းများပြန်လည် ပြုလုပ်အသုံးပြုခြင်းဖြင့် မိမိတို့၏ ကျန်းမာရေးနှင့် သဘာဝပတ်ဝန်းကျင်ကို ကာကွယ်နိုင်မည်ဖြစ်သောကြောင့် အဆိုအား ထောက်ခံပါကြောင်း ဆွေးနွေးသည်။

အဆိုနှင့်စပ်လျဉ်း၍ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာသောင်းနိုင်ဦးက ပလတ်စတစ်ညစ်ညမ်းမှုပြဿနာကို မြန်မာနိုင်ငံတစ်နိုင်ငံတည်း သာမက ဒေသတွင်းနှင့် ကမ္ဘာလုံးဆိုင်ရာပြဿနာတစ်ရပ်အဖြစ် ဖြေရှင်းဆောင်ရွက်နိုင်ရေး ပူးပေါင်းဆောင်ရွက်လျက်ရှိပါကြောင်း၊ မြန်မာနိုင်ငံအနေဖြင့် ပလတ်စတစ်စွန့်ပစ်ပစ္စည်းများ ပင်လယ်အတွင်းသို့ ရောက်ရှိမှုကို လျော့ချရန်နှင့် စွန့်ပစ်ပစ္စည်း စီမံခန့်ခွဲမှုများ အားကောင်းလာစေရန်အတွက် လျော့ချခြင်း၊ ပြန်လည်အသုံးပြုခြင်း၊ ပြန်လည်ပြုပြင် ထုတ်လုပ်ခြင်း (Reduce – Reuse – Recycle 3Rs) နှင့် ပတ်လည်စီးပွားရေး (Circular Economy) တို့ကိုဖော်ဆောင်ရန် သက်ဆိုင်ရာအစိုးရဌာနများ၊ ပုဂ္ဂလိကကဏ္ဍ၊ လူမှုအဖွဲ့အစည်းများနှင့် ပြည်သူများ ပူးပေါင်းပါဝင်ဆောင်ရွက်လျက်ရှိပါကြောင်း။

ပလတ်စတစ်လျော့ချရေး ရည်မှန်းချက်များဖြစ်သည့် ပလတ်စတစ်စွန့်ပစ်ပစ္စည်း ထွက်ရှိမှုလျော့ချရန်၊ စွန့်ပစ်ပစ္စည်းများ ပတ်ဝန်းကျင်သို့ ရောက်ရှိမှုလျော့ချရန်နှင့် ပြန်လည်အသုံးပြုမှု (Recycle) အားပေးရန်အမျိုးသားအဆင့် ပလတ်စတစ်စီမံခန့်ခွဲမှုလုပ်ငန်းအစီအစဉ် (၂၀၂၆-၂၀၃၅) ကို ၂၀၂၅ ခုနှစ်တွင် ထုတ်ပြန်ခဲ့ပါကြောင်း၊ အဆိုပါ လုပ်ငန်းအစီအစဉ်ကို အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရေးအတွက် ကာလတို (၂၀၂၆-၂၀၂၈)၊ ကာလလတ် (၂၀၂၆-၂၀၃၀)၊ ကာလရှည် (၂၀၂၆-၂၀၃၅) ဟူ၍ အချိန်ကာလများ သတ်မှတ်ပြီး ထုတ်လုပ်သူ၊ ရောင်းချသူနှင့် သုံးစွဲသူအားလုံးပါဝင်သည့် တာဝန်ယူမှုစနစ်တစ်ရပ် တည်ဆောက်သွားမည်ဖြစ်ရာ တစ်ခါသုံးပလတ်စတစ် ပစ္စည်းများ ကန့်သတ်ရေးဆိုင်ရာ လုပ်ငန်းအဖွဲ့၊ Extended Producer Responsibility- EPR စနစ် အကောင်အထည်ဖော်ရေးလုပ်ငန်းအဖွဲ့၊ ပလတ်စတစ် ကုန်ကြမ်း၊ ကုန်ချောတင်သွင်းခြင်းဆိုင်ရာ လုပ်ငန်းအဖွဲ့ (၃) ဖွဲ့တို့ကို ဖွဲ့စည်းဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း။

ထုတ်လုပ်မှုနှင့် တင်သွင်းမှု စိစစ်ကြပ်မတ်ခြင်းနှင့် ပတ်သက်၍ ပြန်လည်အသုံးပြုနိုင်သော ပလတ်စတစ် ဖြတ်စ (Recycle Plastic Scrap) တင်သွင်း/တင်ပို့ခြင်းကို ဘေးအန္တရာယ်ရှိ စွန့်ပစ်ပစ္စည်းများ ရောနှောပါဝင်မှုမရှိဘဲ စက်ရုံများတွင် ပြန်လည်ဆန်းသစ် အသုံးပြုနိုင်သည့် ကုန်ကြမ်းများအဖြစ် သန့်စင်ပြီး ကုန်ကြမ်းများကို စိစစ်ခွင့်ပြုလျက်ရှိပါကြောင်း၊ စက်ရုံလုပ်ငန်း အရွယ်အစားအလိုက် ပတ်ဝန်းကျင် ထိခိုက်မှု ဆန်းစစ်ခြင်းလုပ်ငန်းစဉ် (Environmental Impact Assessment) ဆောင်ရွက်ထားခြင်း ရှိ/မရှိ ကွင်းဆင်းစစ်ဆေးခြင်းများကိုလည်း စနစ်တကျ ဆောင်ရွက်လျက်ရှိပါကြောင်း။

ပလတ်စတစ်များ၊ အထူးသဖြင့် ကြွပ်ကြွပ်အိတ်များ ထုတ်လုပ်သုံးစွဲမှုနှင့် ပတ်သက်ပြီး ပြည်သူလူထုကို အသိပညာပေးခြင်း၊ လူထုလှုပ်ရှားမှုများနှင့် ဒေသန္တရ အစီအစဉ်များကို ဆောင်ရွက်လျက်ရှိပါကြောင်း။ စံနမူနာပြ အကောင်အထည်ဖော်မှုအနေဖြင့် ပဲခူးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီးနှင့် မွန်ပြည်နယ်တို့တွင် ပလတ်စတစ်သုံးစွဲမှုလျော့ချရေး လက်တွေ့ဆောင်ရွက်ချက်ဖြစ်သည့် Sunday Stop ၊ Monday Stop အစီအစဉ်များ အဖြစ် အပတ်စဉ် ပလတ်စတစ်နှင့် ကြွပ်ကြွပ်အိတ် မသုံးစွဲရန်နေ့အဖြစ် သတ်မှတ်ဆောင်ရွက်လျက်ရှိပါကြောင်း။

ပလတ်စတစ်ထုတ်လုပ်သည့် ဓာတုကုန်ကြမ်းများ စိစစ်နိုင်ရန်အတွက် စက်မှုနှင့် အသေးစား၊ အငယ်စား၊ နှင့် အလတ်စား စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးဝန်ကြီးဌာနနှင့်ပူးပေါင်း၍ လုပ်ငန်းလိုင်စင်၊ မှတ်ပုံတင်နှင့် စံချိန်စံညွှန်း ထောက်ခံချက်များကို ပူးပေါင်းစိစစ်ဆောင်ရွက်လျက်ရှိပါကြောင်း၊ ထို့ပြင် ကျန်းမာရေးဝန်ကြီးဌာနနှင့် ပူးပေါင်း၍ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများမှ ထွက်ရှိသော စွန့်ပစ်ပစ္စည်းများ စီမံခန့်ခွဲမှုဆိုင်ရာ စံပြုလုပ်ထုံးနှင့် လုပ်ငန်းလမ်းညွှန်ဆိုင်ရာကိစ္စများ ဆောင်ရွက်လျက်ရှိပါကြောင်း။

ပင်လယ်ကမ်းရိုးတန်းဒေသရှိ စက်မှုနှင့် မြို့ပြလုပ်ငန်းဆိုင်ရာ စွန့်ပစ်ပစ္စည်းစီမံခန့်ခွဲမှုစနစ်လုပ်ငန်းစဉ်အဆင့်ဆင့် လိုက်နာဆောင်ရွက်ရမည့် စံပြုလုပ်ထုံးလုပ်နည်းများ (Standard Operating Procedures-SOP) ကို အကောင်အထည်ဖော်ရာတွင် နိုင်ငံအဆင့် ပင်လယ်ကမ်းရိုးတန်းသယံဇာတ စီမံအုပ်ချုပ်လုပ်ကိုင်မှုဗဟိုကော်မတီ၏ ဦးဆောင်လမ်းညွှန်ကြီးကြပ်မှုဖြင့် သက်ဆိုင်ရာ တိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရအဖွဲ့များ၊ ဆက်စပ်ဌာနများနှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိပြီး အဏ္ဏဝါပတ်ဝန်းကျင်ညစ်ညမ်းမှုကိုထိရောက်စွာ ကာကွယ်နိုင်ရေး ပူးပေါင်းဆောင်ရွက်လျက်ရှိပါကြောင်း။

နိုင်ငံတကာကွန်ဗင်းရှင်းပါ ပြဋ္ဌာန်းချက်များ၊ ဥပဒေ၊ မူဝါဒများ၊ အမျိုးသားအဆင့် ပလတ်စတစ်စီမံခန့်ခွဲမှု လုပ်ငန်းအစီအစဉ် (၂၀၂၆-၂၀၃၅) နှင့်အညီ တစ်ခါသုံး ပလတ်စတစ်ပစ္စည်းများနှင့် ကြွပ်ကြွပ်အိတ်များ သုံးစွဲမှုလျော့ချရေးအတွက် စနစ်တကျဆောင်ရွက်လျက်ရှိပါကြောင်း၊ ပြည်သူလူထုအတွင်း အသိပညာပေးခြင်းနှင့် ပလတ်စတစ် အစားထိုးပစ္စည်းများ ပိုမိုအသုံးပြုလာစေရေး အားပေးမြှင့်တင်ခြင်းတို့ကို ဆောင်ရွက်လျက်ရှိပါကြောင်းနှင့် ပလတ်စတစ် ပစ္စည်းများ ထုတ်လုပ်ခြင်းနှင့် တင်သွင်းခြင်းဆိုင်ရာ ကန့်သတ်ထိန်းချုပ်မှုများ အကောင်အထည်ဖော်နိုင်ရေးအတွက် သက်ဆိုင်ရာကော်မတီများ၊ ဆက်စပ်ဝန်ကြီးဌာနများနှင့် ညှိနှိုင်းပူးပေါင်း၍ အဆင့်လိုက် စဉ်ဆက်မပြတ် ဆောင်ရွက်လျက်ရှိပါကြောင်း ရှင်းလင်းဆွေးနွေးသည်။

ထို့နောက် အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက အဆိုရှင်၏ သဘောထားအား မေးမြန်းရာ အဆိုရှင်က အဆိုအား အတည်ပြုပေးပါရန် ပြောကြားသည်။

ယင်းနောက် အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက အဆိုအားအတည်ပြုရန် လွှတ်တော်၏ သဘောထား ရယူရာ သဘောတူသည့်အတွက် အဆိုအား အတည်ပြုကြောင်း ကြေညာသည်။

ယင်းနောက် တတိယအကြိမ် အမျိုးသားလွှတ်တော် တတိယပုံမှန်အစည်းအဝေး ၁၅ ရက်မြောက်နေ့ကို ရပ်နားလိုက်ပြီး အစည်းအဝေး ၁၆ ရက်မြောက်နေ့ကို နိုဝင်ဘာ ၁၁ ရက်တွင် ဆက်လက်ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

သတင်းအဖွဲ့

မန္တလေးတိုင်းဒေသကြီးအတွင်းရှိ ဆက်သွယ်ရေးစခန်းနှင့် စာတိုက်စခန်းများ ပြည်ထောင်စုဝန်ကြီး ဦးထွန်းအောင် ကြည့်ရှုစစ်ဆေး

နေပြည်တော် နိုဝင်ဘာ ၉

ဒီဂျစ်တယ်ဖွံ့ဖြိုးတိုးတက်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စု ဝန်ကြီး ဦးထွန်းအောင်သည် မန္တလေးမြို့ မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း တိုင်းဒေသကြီး မန်နေဂျာရုံး အစည်းအဝေးခန်းမ၌ နိုဝင်ဘာ ၇ ရက်တွင် ဆက်သွယ်ရေးညွှန်ကြားမှုဦးစီးဌာန မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းနှင့် မြန်မာ့စာတိုက်လုပ်ငန်းတို့မှ ဝန်ထမ်းများနှင့် တွေ့ဆုံကာ လုပ်ငန်းများလက်ရှိ ဆောင်ရွက်နေမှု အခြေအနေ၊ ဆက်လက် ဆောင်ရွက်မည့် လုပ်ငန်းများနှင့် ပတ်သက်၍ တာဝန်ရှိသူများ၏ တင်ပြချက်များအပေါ် ဖြည့်စွက်မှာကြားကာ မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း၏ ဆက်သွယ်ရေး စက်ခန်းများနှင့် မြန်မာ့ စာတိုက်လုပ်ငန်း၏ မန္တလေး စာတိုက်ကြီးအား လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

ဆက်လက်၍ မန္တလေးတိုင်း ဒေသကြီး ပြင်ဦးလွင်မြို့နယ် ရတနာပုံ ဆိုက်ဘာစီးတီးသို့ သွားရောက်၍ တာဝန်ရှိသူများက ရတနာပုံ ဆိုက်ဘာစီးတီးဧရိယာ အတွင်း အခြေခံအဆောက်အအုံများ တည်ဆောက်ထားရှိမှု၊ ပြုပြင်ထိန်းသိမ်းရေး လုပ်ငန်းများ ဆောင်ရွက်နေမှု၊ ဆက်လက် ဆောင်ရွက်မည့် အစီအမံများကို ရှင်းလင်းတင်ပြကြရာ စီမံကိန်း၏ မူလရည်မှန်းချက်များနှင့် အညီ ဆက်လက် ဆောင်ရွက်နိုင်ရေး၊ လုပ်ငန်းများ အကောင်အထည်ဖော် ဆောင်ရွက်ရာတွင် ရေရှည်တည်တံ့စေရေး မှာကြားသည်။

ထို့နောက်ရတနာပုံဆိုက်ဘာစီးတီး အတွင်းရှိ အခြေခံအဆောက်အအုံများနှင့် စက်ရုံများကို လှည့်လည်



ကြည့်ရှုစစ်ဆေးသည်။

ပြည်ထောင်စု ဝန်ကြီးသည် နိုဝင်ဘာ ၉ ရက် နံနက်ပိုင်းတွင် မန္တလေးမြို့ မြန်မာ့ဆက်သွယ်ရေး လုပ်ငန်း၏ ပြည်ကြီးတံခွန်ဆက်သွယ်ရေးစခန်းနှင့် မြန်မာ့စာတိုက် လုပ်ငန်း၏ စာရွေးစာပို့စခန်းတို့ကို ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။

သတင်းစဉ်

ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးခင်ရီ ပြည်ထောင်စုနယ်မြေ နေပြည်တော် ဧယျာသီရိမြို့နယ်နှင့် ပုဇွန်သီရိမြို့နယ်တို့မှ ဒေသခံပြည်သူများအား လက်ခံတွေ့ဆုံ



ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးခင်ရီ ပြည်ထောင်စုနယ်မြေ နေပြည်တော် ဧယျာသီရိမြို့နယ်နှင့် ပုဇွန်သီရိမြို့နယ်တို့မှ ဒေသခံပြည်သူများအား အမှာစကားပြောကြားစဉ်။

နေပြည်တော် နိုဝင်ဘာ ၉

ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌ ဦးခင်ရီသည် တတိယအကြိမ် ပြည်သူ့လွှတ်တော် တတိယပုံမှန်အစည်းအဝေး (၂၅)ရက်မြောက်နေ့ အစည်းအဝေးသို့ လာရောက်လေ့လာသည့် ပြည်ထောင်စုနယ်မြေ နေပြည်တော် ဧယျာသီရိမြို့နယ်နှင့် ပုဇွန်သီရိမြို့နယ်တို့မှ ဒေသခံပြည်သူများအား ယနေ့မွန်းလွဲပိုင်းတွင် နေပြည်တော်ရှိ လွှတ်တော် အဆောက်အအုံသဘင်ဆောင်၌ လက်ခံတွေ့ဆုံသည်။

ပြောကြား

တွေ့ဆုံစဉ် ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌ ဦးခင်ရီက ပြည်ထောင်စုနယ်မြေ ဧယျာသီရိမြို့နယ်နှင့် ပုဇွန်သီရိမြို့နယ်တို့မှ ပြည်သူများ အနေဖြင့် လွှတ်တော်ကို ယခုလို လာရောက်လေ့လာသည့်အတွက် ဝမ်းမြောက်ဂုဏ်ယူကြောင်း၊ မိမိသည် ဧယျာသီရိမဲဆန္ဒနယ်မှ ရွေးကောက်တင်မြောက်ခြင်းခံရသည့် လွှတ်တော်ကိုယ်စားလှယ်တစ်ဦးလည်းဖြစ်ပါကြောင်း၊ မိမိကို ဧယျာသီရိမြို့နယ်၏ လွှတ်တော် ကိုယ်စားလှယ်အဖြစ် ရွေးကောက် တင်မြောက်ပေးခဲ့သည့်အတွက်လည်း အထူးပင် ကျေးဇူး တင်ရှိပါကြောင်း၊ လွှတ်တော်သည် မဲဆန္ဒနယ် အသီးသီးရှိ ပြည်သူများက ရွေးကောက် တင်မြောက်လိုက်သည့် ပါတီအသီးသီးမှ ပြည်သူ့ကိုယ်စားလှယ်များဖြင့် ဖွဲ့စည်းထားသည့်နေရာ ဖြစ်ပါကြောင်း၊ ယခုလိုဆုတွေ့စဉ် လွှတ်တော်၏ လုပ်ငန်းတာဝန်များနှင့်ပတ်သက်၍ သိသင့်သိထိုက်သည့်ကိစ္စရပ်များအား မျှဝေလိုပါကြောင်း၊ မိမိတို့နိုင်ငံတွင် ဒီမိုကရေစီစနစ်အရ ရွေးကောက်ပွဲများ ကျင်းပပြီး နောက် ဥပဒေပြုရေးမဏ္ဍိုင်၊ အုပ်ချုပ်ရေးမဏ္ဍိုင်နှင့် တရားစီရင်ရေးမဏ္ဍိုင်စသည်ဖြင့် မဏ္ဍိုင်ကြီး (၃) ရပ် ပေါ်ပေါက်လာပါကြောင်း၊ ကမ္ဘာ့နိုင်ငံအသီးသီးတွင် ၎င်းတို့၏ ကျင့်သုံးသည့် နိုင်ငံရေးစနစ်အပေါ်အခြေခံပြီး လွှတ်တော်တစ်ရပ်စနစ် သို့မဟုတ် လွှတ်တော်နှစ်ရပ်စနစ်ကို ကျင့်သုံးကြပါကြောင်း၊ မိမိတို့နိုင်ငံသည် တိုင်းရင်းသားပေါင်းစုံ နေထိုင်ပြီး နိုင်ငံ၏ အကျယ်အဝန်းမှာလည်း အလယ်အလတ်အဆင့် ရှိသဖြင့် ပြည်ထောင်စု အဆင့်တွင် လွှတ်တော်နှစ်ရပ်စနစ်နှင့် တိုင်း ဒေသကြီး၊ ပြည်နယ်များတွင် လွှတ်တော်တစ်ရပ်စီ ရှိကြပါကြောင်း၊ အဆိုပါ လွှတ်တော်များသည် သီခြားစီဆောင်ရွက်ကြရသော်လည်း လုပ်ငန်းတာဝန်များ တူညီကြပါကြောင်း၊ လွှတ်တော်များသည် ပြည်သူများအားလုံး ဥပဒေ၏ အကာအကွယ်အောက်တွင် စိတ်အေးချမ်းစွာ နေထိုင်နိုင်ရေးအတွက် တည်ဆဲဥပဒေများကို ခေတ်ကာလနှင့်ကိုက်ညီမှု ရှိ/မရှိ စိစစ်ပြီး ပြင်ဆင်ခြင်း၊ ဖြည့်စွက်ခြင်း၊ ပယ်ဖျက်ခြင်း၊ ရုပ်သိမ်းခြင်းနှင့် အသစ်ပြဋ္ဌာန်းခြင်း စသည့် ဥပဒေပြုရေးတာဝန်များကိုလည်း ကောင်း၊ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရန်နှင့် ပြည်သူများ၏ အကျိုးစီးပွားဖြစ်ထွန်းစေရန်အတွက် မဏ္ဍိုင်ကြီး (၃)ရပ် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ခြင်းဖြင့် အပြန်အလှန် ထိန်းကျောင်းခြင်း တာဝန်ကိုလည်းကောင်း၊ ဒေသနှင့် ပြည်သူများ၏ လိုအပ်ချက်များကို အကောင်အထည်ဖော်ဆောင်ရွက်ပေးနိုင်ရေးအတွက် လွှတ်တော်တွင်း၌ မေးခွန်းများမေးမြန်းခြင်း၊ အဆိုများ တင်သွင်းခြင်းဖြင့် ပြည်သူကို ကိုယ်စားပြုခြင်း တာဝန်ကိုလည်းကောင်း စသည်ဖြင့် ထမ်းဆောင်လျက်ရှိပါကြောင်း၊ ဥပဒေများ ပြဋ္ဌာန်းရာတွင် ပြည်သူများအား အကာအကွယ်ပေးနိုင်ရေးအတွက် ဦးစားပေးဆောင်ရွက်လျက်ရှိပါကြောင်း၊ ထို့ကြောင့် ယနေ့ပြည်သူများ ကြုံတွေ့နေရသည့် အွန်လိုင်းလိမ်လည်မှုများနှင့်စပ်လျဉ်း၍ ကျူးလွန်သူများအား ထိရောက်စွာအရေးယူဆောင်ရွက်နိုင်ရေး အွန်လိုင်းလိမ်လည်မှုဆိုင်ရာ တိုက်ဖျက်ရေး ဥပဒေကို ပြဋ္ဌာန်းနိုင်ခဲ့ပါကြောင်း၊ မိမိတို့ လွှတ်တော်က ဆောင်ရွက်နေမှုများသည် ပြည်သူကို ဗဟိုပြုလျက်ရှိပါကြောင်း၊ ထို့ကြောင့် ယနေ့လွှတ်တော်သို့ လာရောက်လေ့လာသည့် ပြည်သူများအနေဖြင့်လည်း လွှတ်တော်များသည် ပြည်သူကို ကိုယ်စားပြုသည့် နေရာပြည်သူ့အသံကိုဖော်ဆောင်ပေးသည့်နေရာဟု မှတ်ယူရမည်ဖြစ်ပါကြောင်း၊ မိမိတို့တာဝန်ထမ်းဆောင်နေသည့် ကာလတွင် လွှတ်တော်ကို စွမ်းရည်မြင့်မားပြီး ပြည်သူကိုဗဟိုပြုသည့် ခေတ်မီလွှတ်တော်တစ်ရပ် ဖြစ်စေရေး ဆောင်ရွက်လျက်ရှိရာ ပြည်သူများအနေဖြင့်လည်း မိမိတို့လွှတ်တော်၏ ဆောင်ရွက်ချက်များကို မျက်ခြည်မပြတ် စောင့်ကြည့်လေ့လာ၍ သက်ဆိုင်ရာလွှတ်တော်ကိုယ်စားလှယ်များနှင့် ပူးပေါင်းညှိနှိုင်း ဆောင်ရွက်ကြစေလိုပါကြောင်း ပြောကြားသည်။

ထို့နောက် တက်ရောက်လာသူများက သိရှိလိုသည်များကို မေးမြန်းကြရာ ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌက အသေးစိတ်ရှင်းလင်းပြောကြားသည်။

တွေ့ဆုံပွဲသို့ ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌနှင့်အတူ ပြည်သူ့လွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးမောင်မောင်အုန်း၊ ပုဇွန်သီရိမြို့နယ်မဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော် ကိုယ်စားလှယ် ဦးလှဆွေနှင့် ပြည်သူ့လွှတ်တော်ရုံးမှ တာဝန်ရှိသူများ တက်ရောက်ကြသည်။

သတင်းစဉ်

သုတေသနနှင့်သင်ကြားရေးသည် သီးခြားစီမဖြစ်ဘဲ ချိတ်ဆက်နေရမည်ဖြစ်ပြီး ဆရာ ဆရာမများ၏ သုတေသနစာတမ်းများသည် မိမိတို့သင်ကြားနေသော ဘာသာရပ်များနှင့် ဆက်စပ်မှုရှိစေရေး ပေါင်းစပ်ဆောင်ရွက်ရန် အရေးကြီး

နေပြည်တော် နိဝင်ဘာ ၉

သုတေသနနှင့် သင်ကြားရေးသည် သီးခြားစီမဖြစ်ဘဲ ချိတ်ဆက်နေရမည်ဖြစ်ပြီး ဆရာ ဆရာမများ၏ သုတေသနစာတမ်းများသည် မိမိတို့သင်ကြားနေသော ဘာသာရပ်များနှင့် ဆက်စပ်မှုရှိစေရေး ပေါင်းစပ်ဆောင်ရွက်ရန် အရေးကြီးပါကြောင်း ယနေ့ နံနက်ပိုင်းက Naypyitaw State Academy ရှိ ဘက်စုံသုံးခန်းမ၌ကျင်းပသည့် Naypyitaw State Academy စတင်တည်ထောင်သည့် လေးနှစ်ပြည့်အထိမ်းအမှတ် သုတေသန စာတမ်းဖတ်ပွဲ အခမ်းအနားတွင် ပြည်ထောင်စုဝန်ကြီး ဒေါက်တာချောချောစိန်က ယင်းသို့ ထည့်သွင်းပြောကြားခဲ့ခြင်းဖြစ်သည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးက Naypyitaw State Academy သည် နေပြည်တော်၏ တက္ကသိုလ်တစ်ခုဖြစ်ပြီး ရန်ကုန်တက္ကသိုလ်နှင့် မန္တလေးတက္ကသိုလ်တို့ကဲ့သို့ပင် ဦးဆောင်ဦးရွက်ပြုရမည့်တက္ကသိုလ်ဖြစ်ပါကြောင်း၊ ၂၀၂၂ ခုနှစ်တွင် စတင်တည်ထောင်စဉ်က အဆောက်အအုံအနည်းငယ်သာ ရှိခဲ့သော်လည်း ယခုအခါတက္ကသိုလ်၏ အင်္ဂါရုပ်များနှင့်အညီ ပြည့်စုံစွာ ဖွံ့ဖြိုးတိုးတက်လာခဲ့ပြီဖြစ်ပါကြောင်း၊ ခေတ်မီအားကစားရုံနှင့် အားကစားပစ္စည်းများပါဝင်သည့် အပန်းဖြေရုပ်သာ (Recreation Center) ကို ဖွင့်လှစ်နိုင်ခဲ့ပြီး လေ့ကျင့်မည့် တက္ကသိုလ်ကျောင်းသား ကျောင်းသူများသည် အားကစားပြိုင်ပွဲများတွင် ထူးချွန်ဆုများရရှိရေး ကြိုးစားကြရန် လိုအပ်ပါကြောင်း၊ ဆရာ ဆရာမများအနေဖြင့် ပညာရပ်ပိုင်းဆိုင်ရာနှင့် သုတေသနများတွင်ပါ ထူးချွန်ထက်မြက်ရန် လိုအပ်ပါကြောင်း။ သုတေသနလုပ်ငန်းသည် ဆရာ ဆရာမများအတွက် အမြဲတမ်း ဆောင်ရွက်ရမည့် လုပ်ငန်းပင်ဖြစ်သဖြင့် မိမိတို့ပြုလုပ်သည့် သုတေသနစာတမ်းများသည် နိုင်ငံတော်၏ လူမှုစီးပွားဖွံ့ဖြိုးတိုးတက်ရေးကို အဓိက အထောက်အကူပြုသည့် သုတေသနများဖြစ်ရန် လိုအပ်ပါကြောင်း ပြောကြားသည်။



ထို့ပြင် Naypyitaw State Academy ပါမောက္ခချုပ်က စာတမ်းဖတ်ပွဲကျင်းပရခြင်းနှင့် စပ်လျဉ်း၍ ရှင်းလင်းပြောကြားပြီး သုတေသနစာတမ်းရှင်များက သုတေသနစာတမ်းများကို ဖတ်ကြားကြသည်။

ယနေ့ကျင်းပသည့် Naypyitaw State Academy စတင်တည်ထောင်သည့် လေးနှစ်ပြည့် အထိမ်းအမှတ် သုတေသနစာတမ်းဖတ်ပွဲအခမ်းအနားတွင် အထူးပြုဘာသာရပ် ၁၄ ခုမှ ကျောင်းသား ကျောင်းသူများ၏ Project စာတမ်း ၁၁ ခုနှင့် ဆရာဆရာမများ၏ သုတေသနစာတမ်း ၁၁ စောင် စုစုပေါင်းစာတမ်း ၂၂ စောင်ကို ဖတ်ကြားတင်ပြ ဆွေးနွေးခဲ့ကြကြောင်း သိရသည်။

သတင်းစဉ်

စာဖတ်ရှုနိုင်မြှင့်တင်ရေး လူငယ်ရေးရာ အသိပညာပေး ဟောပြောပွဲကျင်းပ

ဖြင်ဦးလွင် နိုဝင်ဘာ ၉

လူငယ်ကဏ္ဍကို မြှင့်တင်စေရန်နှင့် ဗလငါးတန်နှင့်ပြည့်စုံသော လူငယ်များပေါ်ထွန်းလာစေရန် ရည်ရွယ်၍ မန္တလေးတိုင်းဒေသကြီး၊ ပြင်ဦးလွင်ခရိုင်၊ ပြင်ဦးလွင်မြို့နယ်တွင် စာဖတ်ရှုနိုင်မြှင့်တင်ရေး လူငယ်ရေးရာ အသိပညာပေးဟောပြောပွဲကို ယမန်နေ့ မွန်းလွဲ ၁ နာရီက အမှတ် (၃) အခြေခံပညာအထက်တန်းကျောင်း၌ကျင်းပရာ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ပြင်ဦးလွင်ခရိုင်ရုံးမှ လက်ထောက်ညွှန်ကြားရေးမှူး ဦးကျော်မင်းဦးက ဟောပြောပွဲ ကျင်းပရသည့် ရည်ရွယ်ချက်အား ရှင်းလင်းပြောကြားခဲ့သည်။

ဆက်လက်၍ စာရေးဆရာကိုရွှေအောင်သင်းက 'လူငယ်နှင့်အနာဂတ်နိုင်ငံတော်' ခေါင်းစဉ်ဖြင့်လည်းကောင်း၊ ခရိုင်အမျိုးသမီးရေးရာအဖွဲ့ အတွင်းရေးမှူး ဒေါ်ကြူကြူက 'စာဖတ်ခြင်း၏ အကျိုးကျေးဇူး' ခေါင်းစဉ်ဖြင့် လည်းကောင်း အသီးသီးဟောပြောဆွေးနွေးခဲ့သည်။

ထို့နောက် ကျောင်းသား၊ ကျောင်းသူများမှ သိရှိလိုသည်များ မေးမြန်းခဲ့ရာ တာဝန်ရှိသူများက မေးမြန်းချက်များအား ပြန်လည်ဖြေကြားခဲ့သည်။

ဆက်လက်၍ စိတ်ပါဝင်စားစွာ မေးမြန်းခဲ့သော ကျောင်းသား၊ ကျောင်းသူများအား တာဝန်ရှိသူများက အမှတ်တရလက်ဆောင်များ အသီးသီး ပေးအပ်ချီးမြှင့်ခဲ့ပြီးနောက် ပြင်ဦးလွင်ခရိုင် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနမှ တာဝန်ရှိသူများက ကျောင်းသား၊ ကျောင်းသူများအား အသိပညာပေး နံရံကပ်စာစောင်များ၊ သုတ၊ ရသစာအုပ်များ ခင်းကျင်းပြသပေးခဲ့သည်။

အဆိုပါ အသိပညာပေးဟောပြောပွဲသို့ ကျောင်းသား၊ ကျောင်းသူ စုစုပေါင်း ၂၂၀ ဦးတက်ရောက်ခဲ့ကြောင်း သိရသည်။

သွေးသွေး(ခရိုင် ပြန်/ဆက်)

o–o–o–o–o

o–o–o

အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှုညှိနှိုင်းရေးကော်မတီနှင့် အရပ်ဘက်လူမှုအဖွဲ့အစည်းများမှ ကိုယ်စားလှယ်များ တွေ့ဆုံ

နေပြည်တော် နိုဝင်ဘာ ၉

အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှုညှိနှိုင်းရေးကော်မတီ အနေဖြင့် ရေရှည် တည်တံ့ခိုင်မြဲသော ငြိမ်းချမ်းရေးရရှိရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုတည်ဆောက်နိုင်ရေးလုပ်ငန်းစဉ်များ ဖော်ဆောင်ရာတွင် အရပ်ဘက် လူမှုအဖွဲ့အစည်းများအနေဖြင့် နိုင်ငံတော်မှ ချမှတ်ထားသော ငြိမ်းချမ်းရေး မူဝါဒများနှင့် NSPNC ၏ လက်ရှိ ဆောင်ရွက်လျက်ရှိသော ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များအပေါ် သိရှိနားလည်ပြီး ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များတွင် အထောက်အကူပြုနိုင်စေရန် ရည်ရွယ်၍ အရပ်ဘက်လူမှုအဖွဲ့အစည်းများနှင့် တွေ့ဆုံပွဲကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ ရုံးအမှတ်(၂၀) အမျိုးသား စည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှု ဗဟိုဌာနခွဲ တွေ့ဆုံသည်။

တက်ရောက်

တွေ့ဆုံပွဲသို့ ကာကွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး အမျိုးသား စည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှုညှိနှိုင်းရေးကော်မတီ ဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်ကြီး ရာပြည့်၊ အတွင်းရေးမှူး ဒုတိယဗိုလ်ချုပ်ကြီး မင်းနိုင်နှင့် ညှိနှိုင်းရေးကော်မတီဝင်များ၊ အရပ်ဘက်လူမှုအဖွဲ့အစည်းများမှ ဥက္ကဋ္ဌများ၊ ဒုတိယဥက္ကဋ္ဌများ၊ အထွေထွေအတွင်းရေးမှူးများ၊ သက်ဆိုင်ရာ ကျွမ်းကျင် ပညာရှင်များနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

ထိုသို့တွေ့ဆုံရာတွင် အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှု ညှိနှိုင်းရေးကော်မတီဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်ကြီး ရာပြည့်က ယနေ့တွေ့ဆုံပွဲသည် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်နှင့်ပတ်သက်ပြီး ဆောင်ရွက်နေမှုများအား အရပ်ဘက်လူမှုအဖွဲ့အစည်းများ သိရှိစေရန် ရှင်းလင်းပြသသည့်တွေ့ဆုံပွဲဖြစ်ကြောင်း၊ ၂၀၂၁ ခုနှစ် နောက်ပိုင်းတွင် အကြမ်းဖက် လက်နက်ကိုင်အဖွဲ့အစည်းများ ထပ်မံပေါ်ပေါက်လာခဲ့ကြောင်း၊ အဆိုပါပဋိပက္ခဒေသများတွင် ပြည်သူများ၏ ကျန်းမာရေး၊ ပညာရေး၊ စီးပွားရေးဆိုင်ရာများ ဆုတ်ယုတ်လာခဲ့သဖြင့် ပြည်သူလူထုမှ လက်မခံနိုင်တော့ဘဲ တည်ငြိမ်အေးချမ်းမှုကို လိုလားခဲ့ကြကြောင်း၊ အချို့တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့များသည် မူးယစ်ဆေးဝါးထုတ်လုပ်ရောင်းချခြင်း၊ သဘာဝသယံဇာတများ တူးဖော်ခြင်း၊ နယ်စပ်ဖြတ်ကျော် မှုခင်းမျိုးစုံကို ကျူးလွန်ဖောက်ဖျက်ခြင်းနှင့် တရားမဝင်လုပ်ငန်းများဖြင့် အဖွဲ့အစည်း၏ ရပ်တည်ချက်အတွက် ဆောင်ရွက်လုပ်ကိုင်လျက်ရှိကြောင်း၊ အရပ်ဘက်အဖွဲ့အစည်းများအနေဖြင့် မိမိတို့အဖွဲ့အလိုက် ဆောင်ရွက်နေသည့် လုပ်ငန်းစဉ်များကို အခြေခံပြီး ငြိမ်းချမ်းရေး လုပ်ငန်းစဉ်တွင် တစ်ထောင့်တစ်နေရာမှ ပါဝင်ဆောင်ရွက် ပေးစေလိုကြောင်း၊ NSPNC အနေဖြင့် လာရောက်ဆွေးနွေးသည့် EAO များ၏ နိုင်ငံရေးလိုလားချက်၊ လိုအင်ဆန္ဒများအား တည်ဆဲဥပဒေနှင့်အညီ ဆောင်ရွက်နိုင်မှုကို ဆွေးနွေးအဖြေရှာ ညှိနှိုင်းဆောင်ရွက်ပေးလျက်ရှိကြောင်း၊ အရပ်ဘက်လူမှုအဖွဲ့အစည်းများ အနေဖြင့် ငြိမ်းချမ်းရေး လုပ်ငန်းစဉ်တွင် ပြည်သူလူထုမှ ပူးပေါင်းပါဝင်လာအောင် ကူညီဆောင်ရွက်ပေးခြင်းဖြင့် တည်ငြိမ်အေးချမ်းမှုများ လျင်မြန်စွာ ရရှိနိုင်မည်ဖြစ်ကြောင်းနှင့် ယနေ့ဆွေးနွေးပွဲတွင် အရပ်ဘက်လူမှုအဖွဲ့အစည်းများမှ ငြိမ်းချမ်းရေး လုပ်ငန်းစဉ်တွင် ပါဝင်ဆောင်ရွက်နိုင်မှုအခြေအနေ၊ ချီတက်ဆက်ဆောင်ရွက်နိုင်မှု အခြေအနေနှင့် လက်ရှိဖြစ်ပေါ်နေသော အခြေအနေများအပေါ် ကောင်းမွန်မည့်အကြံဉာဏ်များကို ပွင့်ပွင့်လင်းလင်း ဆွေးနွေးပေးစေလိုကြောင်း ပြောကြားသည်။



ထို့နောက် အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေး ဖော်ဆောင်မှုညှိနှိုင်းရေးကော်မတီ အတွင်းရေးမှူး ဒုတိယဗိုလ်ချုပ်ကြီး မင်းနိုင်က နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ အစိုးရလက်ထက် အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေး ဖော်ဆောင်မှုညှိနှိုင်းရေးကော်မတီ ၏ ငြိမ်းချမ်းရေးဆိုင်ရာဆောင်ရွက်ချက်များ၊ ဒီမိုကရေစီအစိုးရသစ်လက်ထက် ငြိမ်းချမ်းရေးဆိုင်ရာ ဆောင်ရွက်ချက်များ၊ လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အကူအညီများ ပေးအပ်နိုင်မှုများ၊ အမျိုးသား စည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှု လုပ်ငန်းစဉ်အတွက် မူဝါဒ၊ မဟာဗျူဟာနှင့် ရှေ့ဆက်လက်ဆောင်ရွက်မည့် ငြိမ်းချမ်းရေး လုပ်ငန်းစဉ်များနှင့် စပ်လျဉ်း၍ ရှင်းလင်းဆွေးနွေးသည်။

ဆက်လက်၍ ညှိနှိုင်းရေးကော်မတီဝင် ဒုတိယဗိုလ်ချုပ်ကြီး ခင်ဇော်ဦး(အငြိမ်းစား)က NCA ၏ အနှစ်သာရနှင့် အောင်မြင်မှုများ အပေါ် အခြေခံသော ပိုမိုပါဝင်နိုင်သည့် ငြိမ်းချမ်းရေးလုပ်ငန်းစဉ် ဆိုင်ရာ မူဘောင်အား ရှင်းလင်း ဆွေးနွေးသည်။

ယင်းနောက် တက်ရောက်လာကြသူများက NSPNC က ဆောင်ရွက်လျက်ရှိသည့် ငြိမ်းချမ်းရေး လုပ်ငန်းစဉ်များကို ကျယ်ကျယ်ပြန့်ပြန့် သိရှိရသဖြင့် အရပ်ဘက်လူမှုအဖွဲ့အစည်းများကို ငြိမ်းချမ်းရေးလုပ်ငန်းစဉ်တွင် ပိုမိုပါဝင်ခွင့်ပြုပေးသင့်ကြောင်း၊ နိုင်ငံစီးပွားဖွံ့ဖြိုးတိုးတက်မှုအတွက် ကုန်သွယ်ရေး လမ်းကြောင်းများသည် အဓိကအရေးပါနေပါကြောင်း၊ အရပ်ဘက်လူမှုအဖွဲ့အစည်းများအနေဖြင့် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်တွင် လူမှုရေး လုပ်ဆောင်မှုနှင့်အတူ ပူးပေါင်းပါဝင်နိုင်ကြောင်း၊ လက်ရှိငြိမ်းချမ်းရေး ဖော်ဆောင်နေမှုများကို ပြည်သူများအားလုံး သိရှိအောင် ဆောင်ရွက် ပေးစေလိုကြောင်း၊ ပဋိပက္ခများကြောင့် လူမျိုးဘာသာမရွေး ပြည်သူများ ဒုက္ခခံစားကြရကြောင်းနှင့် စီးပွားရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် ပညာရေး၊ ကျန်းမာရေး၊ လူမှုရေးလုပ်ငန်းများနှင့် ဆက်စပ်လုပ်ဆောင်ရေး၊ အရပ်ဘက် လူမှုအဖွဲ့အစည်းများ အနေဖြင့် အဖွဲ့အလိုက် ကျွမ်းကျင်မှုနှင့်အတူ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်တွင် ပူးပေါင်းဆောင်ရွက်သွားကြရေး၊ NSPNC မှ ဆောင်ရွက်ခဲ့သည့် ဖိုရမ်၊ အလုပ်ရုံဆွေးနွေးပွဲများမှရရှိလာသော အကြံပြုချက်များအနက် အရပ်ဘက်အဖွဲ့အစည်းများ ပါဝင်ဆောင်ရွက်နိုင်မည့်အချက်များကို မြေပြင်အခြေအနေမှန်အား အခြေခံ၍ အကောင်အထည်ဖော် ဆောင်ရွက်သွားရေး၊ မြန်မာ့ငြိမ်းချမ်းရေး လုပ်ငန်းစဉ် အကောင်အထည်ဖော်ဆောင်ရွက်နေမှုအခြေအနေများနှင့် ကမ္ဘာ့နိုင်ငံများတွင် ဖြစ်ပေါ်လာသော အခြေအနေများကို မှန်ကန်စွာ သိရှိပြီး ပြည်သူများ နားလည်သိရှိစေရန် အသိပညာပေးခြင်းများ ပိုမိုဆောင်ရွက်ရေး၊ လူငယ်များ၏ စွမ်းဆောင်ရည် မြှင့်တင်ပေးနိုင်ရေးအတွက် လိုအပ်သော စွမ်းရည်မြှင့် သင်တန်းများဖြင့် အားဖြည့် ကူညီဆောင်ရွက်ပေးသွားနိုင်ရေး၊ ဘာသာရေးအဖွဲ့အစည်းများ အနေဖြင့်လည်း ပဋိပက္ခများရပ်စဲပြီး ငြိမ်းချမ်းရေး ဖော်ဆောင်ရန် တတ်နိုင်သမျှ ဆောင်ရွက်နိုင်ရေး၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များတွင် ငြိမ်းချမ်းရေးဆွေးနွေးပွဲများ၊ ဖိုရမ်များ ဆောင်ရွက်ပေးရေးနှင့် ငြိမ်းချမ်းရေးကို တည်ဆောက်၍ ပဋိပက္ခများကို လျော့ချနိုင်စေရန် ပိုင်းဝန်းကြီးပမ်း ဆောင်ရွက်သွားရေးတို့ကို အကြံပြုဆွေးနွေးကြသည်။

ထို့နောက် အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေး ဖော်ဆောင်မှုညှိနှိုင်းရေး ကော်မတီ ဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်ကြီး ရာပြည့်က နိဂုံးချုပ်အမှာစကားပြောကြားပြီး ဆွေးနွေးပွဲကို ရုပ်သိမ်းလိုက်ကြောင်း သိရသည်။

သတင်းစဉ်

ဖလမ်းမြို့ရှိ ဌာနဆိုင်ရာရုံးများ ရာနှုန်းပြည့်ပြုပြင်ပြီးစီး၍ ရုံးလုပ်ငန်းများ ပုံမှန်လည်ပတ်

ဖလမ်း နိုဝင်ဘာ ၉

တစ်စိတ်တစ်ပိုင်း ပျက်စီးခဲ့သည့် ဖလမ်းမြို့မရဲစခန်း၊ မြို့နယ်ရဲတပ်ဖွဲ့မှူးရုံးနှင့် ခရိုင်ရဲတပ်ဖွဲ့မှူးရုံးအဆောက်အအုံများ၊ လေးခန်းတွဲဝန်ထမ်းအိမ်ရာ နှစ်လုံး၊ နှစ်ခန်းတွဲဝန်ထမ်းအိမ်ရာ နှစ်ထပ်၊ ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနရုံးအဆောက်အအုံ၊ ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာနရုံးအဆောက်အအုံများ ရာနှုန်းပြည့်ပြုပြင်ပြီးစီး၍ ရုံးလုပ်ငန်းများ ပုံမှန်လည်ပတ်ဆောင်ရွက်နေကြောင်း သိရသည်။

အဆိုပါ ပြင်ဆင်မှုလုပ်ငန်းများ ဆောင်ရွက်နေမှုနှင့် ရုံးလုပ်ငန်းများ ပုံမှန်လည်ပတ်ဆောင်ရွက်နေမှုကို ယနေ့တွင် နယ်စပ်ရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်ချုပ် ကျော်ကျော်ဟန်သည် ခွင်ပြည်နယ် လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီး ခင်မောင်ထွေး၊ ခွင်ပြည်နယ်အတွင်း ပြန်လည်ထူထောင်ရေးနှင့် ပြန်လည်တည်ဆောက်ရေးကော်မတီဝင်များနှင့်အတူ သွားရောက်ကြည့်ရှုစစ်ဆေးသည်။



ဆက်လက်၍ ဖလမ်းခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည့် ဖလမ်းမြို့ရှိ ဘာသာရေးခေါင်းဆောင်များ၊ မြို့မိမြို့ဖများနှင့် တွေ့ဆုံပွဲသို့ တက်ရောက်၍ ဖလမ်းမြို့ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် ယခင်မြို့အခြေအနေသို့ အမြန်ဆုံးပြန်လည်ရောက်ရှိနိုင်ရေးအတွက် ဘာသာရေးခေါင်းဆောင်များ၊ မြို့မိမြို့ဖများက အတူတကွပူးပေါင်းဆောင်ရွက်ကြရန်လိုအပ်ကြောင်း ပြောကြားပြီး ပြည်နယ်လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီး ခင်မောင်ထွေး၊ ခွင်ပြည်နယ်အတွင်း ပြန်လည်ထူထောင်ရေးနှင့် ပြန်လည်တည်ဆောက်ရေးကော်မတီဝင်များက မိတ်ဆက်အမှာစကားများ ပြောကြားသည်။

ထို့နောက် တက်ရောက်လာသည့် ဘာသာရေးခေါင်းဆောင်များ၊ မြို့မိမြို့ဖများက ဒေသပြန်လည်ထူထောင်ရေးလုပ်ငန်းများ ဆောင်ရွက်နေမှုအခြေအနေများနှင့်ပတ်သက်ပြီး လိုအပ်ချက်များကို တင်ပြရာတွင် ဒုတိယဝန်ကြီးက သက်ဆိုင်ရာဝန်ကြီးဌာနများနှင့် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးပြီး ဘာသာရေးကျောင်းများအတွက် အလှူငွေများ ပေးအပ်ကာ ဘာသာရေးခေါင်းဆောင်များ၊ မြို့မိမြို့ဖများက မြို့ပြန်လည်ထူထောင်ရေးလုပ်ငန်းကို အားတက်သရော ပူးပေါင်းဆောင်ရွက်ကြသည်ကို တွေ့ရသည့်အတွက် ဝမ်းသာအားရဖြစ်မိကြောင်း၊ ဒေသတိုးတက်ဖွံ့ဖြိုးရေးအတွက် အရေးကြီးသည့် လုံခြုံရေး၊ တည်ငြိမ်ရေးနှင့် တရားဥပဒေစိုးမိုးရေးအတွက် ပိုင်းဝန်းပူးပေါင်းဆောင်ရွက်ကြရန် တိုက်တွန်းပြောကြားသည်။

မျိုးစေ့များပေးအပ်

ထို့ပြင် စိုက်ပျိုးရေးဦးစီးဌာန တောင်သူပညာပေးစင်တာ(ဖလမ်း)၌ ဒေသခံတောင်သူများနှင့်တွေ့ဆုံ၍ ဒုတိယဝန်ကြီးက ချင်းပြည်နယ်သည် စိုက်ပျိုးရေးကိုအခြေခံသည့် ဒေသဖြစ်သည့်အတွက် တောင်သူများအဓိကကျကြောင်း၊ စိုက်ပျိုးထားသည့် သီးနှံများနှင့်ပတ်သက်၍ နည်းပညာလိုအပ်ချက်များကို စိုက်ပျိုးရေးဌာနနှင့် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ကြရန် ပြောကြားကာ ပြည်နယ်ဝန်ကြီးနှင့် စိုက်ပျိုးရေးဝန်ကြီးဌာန ညွှန်ကြားရေးမှူးတို့က အမှာစကားများပြောကြားပြီး ဒုတိယဝန်ကြီးနှင့် တာဝန်ရှိသူများက ဒေသခံတောင်သူများအား မျိုးစေ့များပေးအပ်ခဲ့ကြောင်း သိရသည်။

ခရိုင်(ပြန်/ဆက်)

ရေရှားမည့်ဘေး ရှောင်ရှားဖို့၊ ရေချို့အရင်းအမြစ်များကို ထိန်းသိမ်းစို့ ❖ ❖ ❖ ရေချို့စိမ့်စမ်း မခန်းစေဖို့၊ သစ်ပင်စိုက်ပျိုးထိန်းသိမ်းစို့

မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးအောင် နိုင်ငံတစ်ဝန်းလုံးတွင် ဝက်သက်၊ ကျိုက်သိုးရောဂါကာကွယ်ဆေး ထပ်ဆောင်းထိုးနှံခြင်းလုပ်ငန်း စတင်ဆောင်ရွက်ခြင်းနှင့် အသိပညာပေးဆွေးနွေးခြင်း အခမ်းအနားသို့ တက်ရောက်

မန္တလေး နိုဝင်ဘာ ၉

မန္တလေးတိုင်းဒေသကြီး၊ ပြည်သူ့ကျန်းမာရေးဦးစီးဌာန၏ နိုင်ငံတစ်ဝန်းလုံးတွင် ဝက်သက်၊ ကျိုက်သိုးရောဂါကာကွယ်ဆေး ထပ်ဆောင်းထိုးနှံခြင်းလုပ်ငန်း စတင်ဆောင်ရွက်ခြင်းနှင့် အသိပညာပေးဆွေးနွေးခြင်းအခမ်းအနားကို ယနေ့နံနက်ပိုင်းက ချမ်းအေးသာစံမြို့နယ်ရှိ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီရုံး မြို့တော်ခန်းမတွင် ကျင်းပသည်။



အခမ်းအနားသို့ မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးအောင်နှင့် တိုင်းဒေသကြီးမိခင်နှင့် ကလေးစောင့်ရှောက်မှုကြီးကြပ်ရေးအဖွဲ့ နာယကတိုင်းဒေသကြီး ဝန်ကြီးချုပ်၏ဇနီး၊ တိုင်းဒေသကြီးလွတ်တော်ဥက္ကဋ္ဌ၏ဇနီး၊ တိုင်းဒေသကြီး ဝန်ကြီးများနှင့်တာဝန်ရှိသူများ၊ တိုင်းဒေသကြီး ပြည်သူ့ကျန်းမာရေးနှင့်ကုသရေးဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူးချုပ်၊ ဆေးနှင့်ဆေးနီးနွယ်တက္ကသိုလ်များမှ ပါမောက္ခချုပ်များ၊ ဆေးရုံအုပ်ကြီးများ၊ အသင်းအဖွဲ့များနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

အခမ်းအနား၌ တိုင်းဒေသကြီး ဝန်ကြီးချုပ်က အဖွင့်အမှာစကားပြောကြားရာတွင် ကာကွယ်ဆေးထိုးနှံတိုက်ကျွေးခြင်းလုပ်ငန်းသည် နှစ်စဉ်အသက်ပေါင်းများစွာကို ကယ်တင်ပေးလျက်ရှိပါကြောင်း၊ မြန်မာနိုင်ငံတွင် ဝက်သက်ရောဂါအပါအဝင် ကာကွယ်ဆေးဖြင့် ကာကွယ်၍ရသောရောဂါများ စောင့်ကြပ်ကြည့်ရှုခြင်းနှင့် တုံ့ပြန်ကာကွယ်ဆေးထိုးနှံတိုက်ကျွေးခြင်းလုပ်ငန်းများကို အရှိန်အဟုန်မြှင့်ဆောင်ရွက်လျက်ရှိပါကြောင်း၊ ယခုအခါ နိုင်ငံတစ်ဝန်းလုံးတွင် ဝက်သက်-ကျိုက်သိုးရောဂါကာကွယ်ဆေး ထပ်ဆောင်းထိုးနှံခြင်းလုပ်ငန်းကို ဆောင်ရွက်သွားမည်ဖြစ်ပြီး မန္တလေးတိုင်းဒေသကြီးတွင် နိုဝင်ဘာလ ဒုတိယအပတ်မှစ၍ အကောင်အထည်ဖော်ဆောင်ရွက်သွားမည်ဖြစ်ရာ ပြည်သူလူထုထံ ဆေးထိုးစုရပ်နှင့် အချိန်ဇယားများ မှန်ကန်စွာ ရောက်ရှိရေး၊ ဆေးထိုးရန် ကျန်ရှိကလေးများအား ပြန်လည်ရှာဖွေ၍ ထိုးနှံပေးနိုင်ရေး အလေးထား ကြပ်မတ်ဆောင်ရွက်သွားကြရမည်ဖြစ်ပါကြောင်းနှင့် ဝက်သက်-ကျိုက်သိုးရောဂါ ကင်းဝေးရေးလုပ်ငန်းစဉ်များတွင် ပြည်သူလူထုပူးပေါင်းပါဝင်မှုဖြင့် ထိရောက်အောင်မြင်စွာ ဆောင်ရွက်သွားကြရမည်ဖြစ်ပါကြောင်း ပြောကြားခဲ့သည်။

ဆက်လက်၍ တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့် အဖွဲ့သည် ဝက်သက်-ကျိုက်သိုးရောဂါကာကွယ်ဆေးထိုးကြစို့ အထိမ်းအမှတ်တေးသီချင်းဖြင့် တင်ဆက်မှုကို ကြည့်ရှုကြပြီးနောက် အသက် ၉ လမှ ၅၉ လအတွင်းရှိ ကလေးများအား ကာကွယ်ဆေးထိုးနှံခြင်းကို ကြည့်ရှုအားပေးကာ အမှတ်တရလက်ဆောင်ပစ္စည်းများ ပေးအပ်ခဲ့ကြောင်း သိရသည်။

(မန္တလေးနေ့စဉ်)

o–o–o–o–o

သဘာဝဘေးအန္တရာယ် ကယ်ဆယ်ရေးလုပ်ငန်းများ အသင့်စုဖွဲ့ လေ့ကျင့်ဆောင်ရွက်

မြစ်သား နိုဝင်ဘာ ၉

မန္တလေးတိုင်းဒေသကြီး၊ ကျောက်ဆည်ခရိုင်၊ မြစ်သားမြို့နယ်၌ မိုးရွာသွန်းခြင်းနှင့်အတူ လေပြင်းတိုက်ခတ်ခြင်း၊ မိုးထစ်ချုန်းခြင်း၊ မိုးကြိုးပစ်ခြင်း၊ လျှပ်စီးလက်ခြင်းနှင့် မိုးသီးကြွေခြင်း စသည့် သဘာဝဘေးအန္တရာယ်များ ဖြစ်ပွားလာပါက အချိန်နှင့်တစ်ပြေးညီ တုံ့ပြန်ဆောင်ရွက်နိုင်ရန်အတွက် မြို့နယ်မီးသတ်ဦးစီးဌာနမှ နိုဝင်ဘာ ၉ ရက်မှန်းလွဲ ၃ နာရီတွင် ရာဖွေကယ်ဆယ်ရေးတပ်ဖွဲ့ဝင်များက လူ၊ ယာဉ်၊ စက်ကိရိယာများဖြင့် ရာဖွေကယ်ဆယ်ရေးလုပ်ငန်းသုံး ပစ္စည်းများနှင့် အသင့်စုဖွဲ့ လေ့ကျင့်ခဲ့သည်။



အရေးပေါ်ကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်နိုင်ရန် အတွက် အသင့်ဖွဲ့ထားရှိကြောင်း မြို့နယ်မီးသတ်ဦးစီးမှူး ဦးအောင်မင်းကျော်ထံမှ သိရသည်။

(အပေါ်ဝံပုံ)

ဝါဝါမြင့်(မြစ်သား)

အာကာသဆိုင်ရာ ပန်းချီ၊ ကာတွန်း ပိုစတာပြိုင်ပွဲ ကျင်းပ

ကျောက်ဆည် နိုဝင်ဘာ ၉

မန္တလေးတိုင်းဒေသကြီး၊ ကျောက်ဆည်ခရိုင်၊ ကျောက်ဆည်မြို့ အမှတ်(၁)အခြေခံပညာအထက်တန်းကျောင်း၌ ယနေ့နံနက်ပိုင်းက မြို့နယ်အဆင့် အာကာသဆိုင်ရာ ပန်းချီ၊ ကာတွန်း၊ ပိုစတာပြိုင်ပွဲ ကျင်းပပြုလုပ်ခဲ့သည်။ **(အောက်ပုံ)**

ပြိုင်ပွဲတွင် မူလတန်းအဆင့်၌ **"အာကာသအိပ်မက်"**၊ အလယ်တန်းဆင့်၌ **"လူသားနှင့် အနာဂတ်အာကာသ"**၊ အထက်တန်းအဆင့်၌ **"အသုံးချလေ့လာအာကာသနည်းပညာ"** ခေါင်းစဉ်များဖြင့် ကျင်းပပြုလုပ်သွားမည်ဖြစ်ကြောင်းနှင့် ယနေ့ကျင်းပသည့် မူလတန်းအဆင့် **"အာကာသအိပ်မက်"** ပန်းချီပြိုင်ပွဲ၌ ကျောင်းသား၊ ကျောင်းသူ ၂၅၆ ဦး၊ ကာတွန်းပြိုင်ပွဲ၌ ၇ ဦး၊ ပိုစတာပြိုင်ပွဲ၌ ၂ ဦး ပါဝင်ယှဉ်ပြိုင်ခဲ့ပြီး နိုဝင်ဘာ ၁၀ ရက်တွင် အလယ်တန်းအဆင့်၊ နိုဝင်ဘာ ၁၁ ရက်တွင် အထက်တန်းအဆင့် ပန်းချီ၊ ကာတွန်း၊ ပိုစတာပြိုင်ပွဲများ ဆက်လက်ကျင်းပပြုလုပ်သွားမည်ဖြစ်ကြောင်း မြို့နယ်ပညာရေးမှူးရုံးမှ သိရသည်။

ထက်ထက်(ကျောက်ဆည်)



ပုန်းပြင့် တတ်ပုံ၊ ပွိဒီယိုရိုက်ကူးတည်းဖြတ်နည်းသင်တန်း ဖွင့်လှစ်

ကျန်းလု နိုဝင်ဘာ ၉

စစ်ကိုင်းတိုင်းဒေသကြီး၊ ကနဲ့ဘလူခရိုင်၊ ကျန်းလုမြို့နယ်တွင် မိုလ်ဘိုင်းဖုန်းဖြင့် ဓာတ်ပုံ၊ ဗွီဒီယိုရိုက်ကူးတည်းဖြတ်နည်းသင်တန်းကို ယနေ့နံနက် ၁၀ နာရီက လူထုအခြေပြုဗဟိုဌာန၌ ကျင်းပသည်။



ဦးစွာ မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဒုတိယဦးစီးမှူး ဒေါ်သန်းသန်းမြင့်က သင်တန်းဖွင့်လှစ်ခြင်းအကြောင်း ရှင်းလင်းပြောကြားပြီး သင်တန်းတွင် မိုလ်ဘိုင်းဖုန်းဖြင့် ဓာတ်ပုံရိုက်ကူးနည်းနှင့် ဆောင်ရန်ရှောင်ရန်များ၊ ဗွီဒီယိုရိုက်ကူးတည်းဖြတ်နည်းတို့ကို သင်ကြားပေးလျက်ရှိသည်။

သဘာဝဘေးအန္တရာယ်နှင့် အယ်လ်နီညိုရာသီဥတုဆိုင်ရာ အသိပညာပေးဟောပြော



မြို့သစ် နိုဝင်ဘာ ၉

မကွေးတိုင်းဒေသကြီး၊ မြို့သစ်မြို့နယ် ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဦးစီးဌာနက ကျောင်းသား၊ ကျောင်းသူများအသိပညာဗဟုသုတရရှိစေရေးအတွက် သဘာဝဘေးအန္တရာယ်နှင့် အယ်လ်နီညိုရာသီဥတု ကြိုတင်ကာကွယ်ရေးဆိုင်ရာ အသိပညာပေးဟောပြောပွဲကို နိုဝင်ဘာ ၆ ရက်မွန်းလွဲပိုင်းက ပုလင်းကြီးကျေးရွာအုပ်စု၊ ပုဂံမျှော်ကျေးရွာအခြေခံပညာမူလတန်းကျောင်း၌ ကျင်းပပြုလုပ်ခဲ့သည်။

အသိပညာပေးဟောပြောပွဲတွင် မြို့နယ်ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်နုနုထွေးက သဘာဝဘေးအန္တရာယ်အမျိုးအစားများ၊ မုန်တိုင်းဘေး၊ မြေပြိုဘေး၊ ရေဘေးနှင့် မိုးခေါင်ရေရှားဘေးဆိုင်ရာ လိုက်နာဆောင်ရွက်ရမည့်အချက်များ၊ သတိပြုဆောင်ရွက်ရမည့်အချက်များနှင့် ရှောင်ရှားသင့်သည့်အချက်များ၊ အယ်လ်နီညိုရာသီဥတုဆိုင်ရာ ကြိုတင်ကာကွယ်ရေး အသိပညာပေး အကြောင်းအရာများကို ဆွေးနွေးဟောပြောခဲ့သည်။

ထို့နောက် ကျောင်းသား၊ ကျောင်းသူများအား သဘာဝဘေးအန္တရာယ်ဆိုင်ရာမေးခွန်းများ မေးမြန်းပြီး စာရေးကိရိယာလက်ဆောင်ပစ္စည်းများ ပေးခဲ့ကြောင်း သိရသည်။

(အပေါ်ပုံ)

ဝင်းအိဖွန်(ပြန်/ဆက်)

o–o–o–o–o

အဆိုပါ သင်တန်းသို့ ဌာနဆိုင်ရာများနှင့် ပညာရေးဌာနမှ သင်တန်းသား၊ သင်တန်းသူ စုစုပေါင်း ၃၅ ဦးတက်ရောက်ကြပြီး သင်တန်းကာလမှာ ၅ ရက်ကြာ ဖွင့်လှစ်သွားမည်ဖြစ်ကြောင်း သိရသည်။ **(အပေါ်ဝံပုံ)**

မျိုးဝင်းညီ(ကျန်းလု)

သီတင်းကျွတ်လပြည့်နေ့နှင့် အဘိဓမ္မာအခါတော်နေ့(၁)

ဒေါက်တာခင်ဝင်းကြည်

သီတင်းကျွတ်လပြည့်နေ့(၂၆-၁၀-၂၀၂၆)ဆိုရင် ဗုဒ္ဓဘာသာဝင် မြန်မာလူမျိုးတို့ရဲ့ အထူးအမြတ်ထားရာ **အဘိဓမ္မာအခါတော်နေ့**ကို ရောက်ခဲ့ပြန်ပါပြီ။

အဘိဓမ္မာအခါတော်နေ့ဆိုတာ ကျွန်မတို့ ဗုဒ္ဓဘာသာဝင် အားလုံး ယုံကြည်ကိုးကွယ်တဲ့ ဂေါတမဗုဒ္ဓမြတ်စွာဘုရားရှင် **အဘိဓမ္မာတရားတော်ကို ဟောကြားမိန့်ဆိုတာပြီးဆုံးခဲ့တဲ့နေ့**ဆိုတာတော့ အားလုံး သိရှိပြီးဖြစ်မယ်ထင်ပါတယ်။

၁။ အဘိဓမ္မာဒေသနာတော်ကို **ဘယ်တုန်းက ဟောကြားတော်မူခဲ့ပါသလဲ**။

ဂေါတမဗုဒ္ဓဘုရားရှင်ဟာ သက်တော်(၃၅)နှစ်၊ အနောက် တိုင်းပြက္ခဒိန်အရ **(ဘီစီ-၅၈၈)**မှာ တရားအလုံးစုံကို မိမိရဲ့ကိုယ်ပိုင် ဉာဏ်ဖြင့် သိမြင်တော်မူတဲ့ **သဗ္ဗညုတဗုဒ္ဓဘုရားရှင်အဖြစ်သို့ ရောက်တော်မူခဲ့ပါတယ်**။

"ဘီစီ" ဆိုတာ ခရစ်ယာန်ဘာသာဝင်တို့ ယုံကြည်ကိုးကွယ်ကြတဲ့ ယေရှုခရစ်တော် မပေါ်ပေါက်မီ (Before Christ) ဖြစ်တာကြောင့် ခရစ်တော် မပေါ်ပေါက်မီ နှစ်ပေါင်း(၅၈၈)နှစ်။ အခုကျွန်မတို့ ရောက်ရှိနေတာက အေဒီ ၂၀၂၆၊ ခရစ်တော်မရှိတော့တဲ့နောက် (After Death) နှစ်ပေါင်း (၂၀၂၆)ခုနှစ်ဆိုတော့ ဂေါတမဗုဒ္ဓဘုရားရှင်အနေနဲ့ **ဗုဒ္ဓအဖြစ်သို့ရောက်ရှိတော်မူတာ (၅၈၈+၂၀၂၆) နှစ်ပေါင်း(၂၆၁၄)နှစ် ရှိခဲ့ပါပြီ**။

မြတ်စွာဘုရားရှင် **အဘိဓမ္မာတရားတော်ကို ဟောကြား**တော်မူတာက **ဗုဒ္ဓအဖြစ်သို့ရောက်ပြီး (၇)နှစ်အကြာ (ဘီစီ-၅၈၁)**မှာ ဟောကြားတော်မူခဲ့တာ ဖြစ်ပါတယ်။

၂။ **ဘယ်သူ့ကို အဓိကထား ဟောကြားတော်မူခဲ့တာပါလဲ**။

ဗုဒ္ဓဖြစ်လာမယ့် ဗုဒ္ဓအလောင်းအလျာဖြစ်တဲ့ **သိဒ္ဓတ္ထဂေါတမမင်းသား**ကို ဂေါတမမျိုးနွယ် **ဘုရင် သုဒ္ဓေါဒနနဲ့ မာယာဒေဝီမိဖုရားကြီး**တို့က **ဘီစီ(၆၂၃)**မှာ မွေးဖွားခဲ့ပါတယ်။ မင်းသားလေးကို ဖွားမြင်ပြီး **(၇)ရက်အကြာ**မှာ **မယ်တော်မာယာမှာ နတ်ရွာစံတော်မူ**ခဲ့ပါတယ်။ နတ်ပြည်(၆)ထပ်ရှိရာမှာ တတိယအထပ်ဖြစ်တဲ့ **တုသိတာနတ်ပြည်မှာ သန္တုသိတနတ်သား**အဖြစ် ရောက်ရှိသွားခဲ့ပါတယ်။

ဗုဒ္ဓအဖြစ်သို့ ရောက်ရှိတော်မူခဲ့တဲ့ ပုဂ္ဂိုလ်ထူး၊ ပုဂ္ဂိုလ်မြတ်တိုင်း ဗုဒ္ဓအဖြစ်သို့ ရောက်ရှိပြီးတဲ့နောက်မှာ ဘုရားအလောင်းတော် ဗုဒ္ဓဖြစ်မယ့် နောက်ဆုံးဘဝမှာ **မိခင်ဖြစ်ခဲ့တဲ့သူကို တရားရေအေးအမြိုက်ဆေးတိုက်ကျွေးတော်မူတဲ့ ဓလေ့ထုံးစံ**ရှိပါတယ်။

အဲ့ဒီ ဓလေ့ထုံးစံအတိုင်း ဂေါတမဗုဒ္ဓဘုရားရှင်ဟာလည်း ဗုဒ္ဓဖြစ်ပြီး (၇)နှစ်အကြာမှာ မိခင်တော်စပ်ခဲ့တဲ့ သန္တုသိတနတ်သားကို **မိခင်ကျေးဇူးဆပ်တဲ့အနေနဲ့ အဘိဓမ္မာတရားတော်ကို ဟောကြား**တော်မူခဲ့တာဖြစ်ကြောင်းပါ။ မိခင်ဖြစ်ခဲ့ဖူးတဲ့ နတ်သားကို တရားဟောတဲ့အခါမှာတော့ အခြားနတ်ဗြဟ္ဓာပေါင်း မြောက်မြားစွာလည်း တရားနာခွင့်ကြုံခဲ့ကြရပါတယ်။ အလွန်မှ ကုသိုလ်ထူးတဲ့ နတ်ဗြဟ္ဓာတွေပါပဲ။

၃။ အဘိဓမ္မာတရားကို **ဘယ်မှာဟောခဲ့တာပါလဲ**။

တရားဟောတာကတော့ **တာဝတိံသာနတ်ပြည်**မှာ ဖြစ်ပါတယ်။ နတ်ပြည်(၆)ထပ်မှ ဒုတိယအထပ်ပါ။

၄။ **အဘိဓမ္မာဆိုတာ ဘယ်လိုတရားတော်မျိုးပါလဲ**။

အဘိ = အထူး၊ အလွန်ထူးကဲသော၊ သာလွန်သော။

(က) အဘိဓမ္မာဒေသနာတော်မှာ ဟောကြားထားတဲ့ တရားတော်များဟာ သုတ္တန်ဒေသနာတော်မှာ ဟောကြားထားတဲ့ တရားတော်များထက် **ပိုမိုနက်နဲတယ်၊ သိမ်မွေ့တယ်၊ နားလည်ရ ခက်ခဲပါတယ်**။ အပေါ်ယံရှပ်ပြီး တော်ရုံတန်ရုံ လေ့လာရုံနဲ့ နားမလည်နိုင်ပါဘူး။ သေသေချာချာကို ဂရုတစိုက် **အာရုံနှစ်ပြီး လေ့လာမှသာ နားလည်မယ့် တရားတော်များ**ဖြစ်လို့ (အဘိ+ဓမ္မ) အဘိဓမ္မာလို့ ခေါ်ဆိုနိုင်တာ ဖြစ်ပါတယ်။

(ခ) **ဓမ္မကွန္ဓာအရေအတွက် (၄၂၀၀၀) ပါရှိပါတယ်**။

ဓမ္မ = တရား

ခန္ဓ = စုစည်းထားရှိမှု၊ အစုအစည်း

မြတ်စွာဘုရားရှင် ညွှန်ပြဟောကြားတော်မူခဲ့တဲ့ တရားတော်များကို **(ဘီစီ-၅၄၃) ဘုရားရှင် ပရိနိဗ္ဗာန်စံတော်မူပြီး (၄)လအကြာ**မှာ ပြုလုပ်တဲ့ **ပထမသင်္ဂါယနာတင်**သည့်အချိန်မှစ၍ (၁)**ဝိနည်း**ပိုင်း၊ (၂) **သုတ္တန်**ဒေသနာ၊ (၃) **အဘိဓမ္မာ**ဒေသနာပိုင်းဆိုပြီး သုံးပိုင်းပိုင်းပြီး စုစည်းခဲ့ကြပါတယ်။ ကျွန်မတို့အားလုံး သိကြတဲ့ **ပိဋကတ်သုံးပုံ**ကို ပြောတာပါ။

အဲ့ဒီခေတ် အဲ့ဒီအခါမှာတုန်းက လူတွေက ပစ္စည်းတွေကို တူရာတူရာခွဲပြီး ခြင်းတောင်းထဲမှာထည့်လေ့ရှိကြတာကို ဥပမာယူပြီး **"ခြင်းတောင်း"**လို့ အဓိပ္ပာယ်ရှိတဲ့ **"ပိဋကတ်"**ဆိုတဲ့ ပါဠိစကားလုံးကို သုံးထားတာပါ။

သဘောသဘာဝတူတဲ့ တရားတော်များကို တူရာတူရာစုစည်းပြီး ခြင်းတောင်းကြီး(၃)ခုထဲ ခွဲထည့်ထားတဲ့ သဘောပါ။

(၁) ဝိနည်းပိဋကတ်

ဝိနည်းပိုင်းကတော့ အဓိကအားဖြင့် သာသနာ့နွယ်ဝင် **သံဃာတော်အရှင်သူမြတ်များနဲ့ပဲ အဓိကသက်ဆိုင်**တဲ့ အပိုင်းဖြစ်ပါတယ်။

ဆွမ်းဘုဉ်းပေးတာ၊ သင်္ကန်းရုံတာမှအစပြု၍ **သံဃာတော်**များ သွားလာနေထိုင်မှုနဲ့ပတ်သက်ပြီး **လိုက်နာကျင့်သုံးကြရမယ့် စည်းကမ်းများ**ကို ဖော်ပြထားတဲ့ ပိဋကတ်ပါ။ ဘုရားရှင်လက်ထက်မှာ **အခြေအနေအချိန်အခါအလျောက်** လိုအပ်လာလျှင် **လိုအပ်သလို ဝိနည်းသိက္ခာပုဒ်များကို ချမှတ်ခဲ့တာ**ဖြစ်ပြီး **အလွန်မှ အသေးစိတ်လှပါတယ်**။

ဗုဒ္ဓဘာသာ **သံဃာ့အဖွဲ့အစည်းအတွင်းမှာရှိတဲ့ ရဟန်းများ**အတွက် **မရှိမဖြစ်လိုအပ်တဲ့ ဆွမ်း၊ သင်္ကန်း၊ ကျောင်း၊ ဆေး**ဆိုတဲ့ **ပစ္စည်းလေးပါး**အားလုံးကို အလှူရှင် **ဒါယကာ၊ ဒါယိကာမများက လှူဒါန်းကြ**တာ အားလုံးသိပြီးဖြစ်ပါတယ်။

ဗုဒ္ဓဘာသာ ရဟန်းတော်များဟာ အခြားဘာသာတရားများမှ သာသနာ့ဝန်ထမ်းများကဲ့သို့ **လခဆိုတာလည်း မရှိသလို ကိုယ်ပိုင်စီးပွားရေးလုပ်ငန်းများလည်း လုပ်ကိုင်ခွင့်မရှိကြပါ**။ အသက်ရှင်ရပ်တည်ရန်အတွက် လိုအပ်တဲ့ ဆွမ်း၊ သင်္ကန်း၊ ကျောင်း၊ ဆေး(ကျွန်မတို့ သာမန်လူတွေစကားနဲ့ပြောရရင် စားဝတ်နေရေး၊ ကျန်းမာရေးအတွက် လိုအပ်သမျှ အားလုံးအတွက် ဗုဒ္ဓဘုရားရှင်ရဲ့ အဆုံးအမ(သာသနာတော်)ကို ယုံကြည်လက်ခံတဲ့ **ဒါယကာ၊ ဒါယိကာမများရဲ့ လှူဒါန်းမှုအပေါ်မှာ လုံးဝမူတည်နေတာပါ**။

ဘုရားရှင်ရဲ့ အလိုအရ ရဟန်းတစ်ပါးရဲ့ အဓိကတာဝန်က ဘုရားရှင်ရဲ့ အဆုံးအမတရားတော်များကို ကျေညက်အောင် လေ့လာမယ်။ ဒါက **ပရိယတ္တိတာဝန်**ကို ပြောခြင်းဖြစ်ပါတယ်။

နောက်တာဝန်က **ဘုရားရှင်ရဲ့ အဆုံးအမအတိုင်း လက်တွေ့ကျင့်ကြံကြိုးကုတ်အားထုတ်ခြင်း**ဖြင့် ဒုက္ခမျိုးစုံကြုံရတဲ့ ဒုက္ခသံသရာကြီးထဲမှ လွတ်မြောက်ရာလွတ်မြောက်ကြောင်း ကြိုးပမ်းခြင်းပဲဖြစ်ပါတယ်။ **ပရိပတ်တာဝန်**ကို ထမ်းဆောင်ခြင်းကို ပြောတာပါ။

မြတ်စွာဘုရားရှင်မိန့်တော်မူခဲ့တဲ့အတိုင်းဆိုရင် ဗုဒ္ဓဘာသာဝင် ရဟန်းတော်တွေရဲ့ အဓိကတာဝန်က **ပရိယတ်နဲ့ ပရိပတ်**လုပ်ဖို့ပဲ ရှိတာဖြစ်လို့ ကျွန်မတို့ လူသာမန်တွေလို အသက်မွေးဝမ်းကျောင်းအလုပ် လုပ်ဖို့ မလိုပါ။ ဒါယကာ၊ ဒါယိကာမတွေက ရဟန်းတော်တွေ **ပရိယတ်၊ ပရိပတ်တာဝန်တွေ**ကို အားကြိုးမာန်တက်ကြိုးစားဆောင်ရွက်နေတာ၊ ဘုရားရှင်ရဲ့ လမ်းညွှန်ဆုံးမတော်မူခဲ့တဲ့ **တရားတော်တွေကို မသိနားမလည်တဲ့ ဒါယကာ၊ ဒါယိကာမ**များအား ရှင်းလင်း သင်ပြတာတွေ၊ သံသရာမှလွတ်မြောက်ဖို့ ကျင့်ကြံကြိုးကုတ်အားထုတ်ရမယ့် လက်တွေ့နည်းလမ်းတွေ**(တရားရှုမှတ်နည်းတွေ)ကို နည်းပေးလမ်းပြမှု**ပြုတော်မူတာတွေအားလုံးအတွက် သာသနာ့နွယ်ဝင် ရှင်ရဟန်းများကို အထူးပဲ ကျေးဇူးတင်ကြတယ်၊ **ယုံကြည်ကိုးစားကြပါတယ်**။

အဲ့ဒီလို ယုံကြည်ကိုးစားကြတဲ့အတွက် သံဃာတော်အရှင်မြတ်များ **ပရိယတ်၊ ပရိပတ်**တာဝန်များကို အာရုံစိုက်ဆောင်ရွက်နိုင်ကြစေဖို့၊ စားဝတ်နေရေး၊ ကျန်းမာရေးတွေအတွက် **ပူပင်ကြောင့်ကြမှုမရှိစေဖို့** ဒါယကာ၊ ဒါယိကာမများက မိမိတို့တတ်နိုင်သမျှ **လှူဒါန်းပေးကမ်းကြ**ခြင်းဖြစ်ပါတယ်။

အဲ့ဒါကြောင့်လည်း မြတ်စွာဘုရားရှင်က သာသနာ့နွယ်ဝင်ရှင် ရဟန်းများကို နေထိုင်သွားလာမှု အစစအရာရာ **လူအများကြည်ညိုစဖွယ်ဖြစ်အောင် ရဟန်းတော်များအားလုံး လိုက်နာကျင့်သုံးရမယ့် စည်းကမ်း(ဝိနည်းတော်များ)ကို တင်းတင်းကျပ်ကျပ် ချမှတ်တော်မူခဲ့တာ** ဖြစ်ပါတယ်။ သင်္ကန်းရုံတာကအစ၊ ဆွမ်းဘုဉ်းပေးတာကအစ အသေးစိတ် ဘယ်လိုလုပ်ရမယ်ဆိုတာတွေကို ချမှတ်တော်မူခဲ့တာပါ။ **အကျဉ်းအားဖြင့်တောင် စည်းကမ်း(၂၂၇)ရှိပါတယ်**။ ဆရာတော်တွေ တစ်ခါတစ်ရံ မိန့်တော်မူတဲ့ **(၂၂၇)သွယ်သော သိက္ခာပုဒ်**ဆိုတာတွေပါ။

ကျွန်မတို့ သာမန်လူတွေကတော့ ငါးပါးသီလဆိုတဲ့ ကိုယ်နဲ့နှုတ်ကို ထိန်းသိမ်းဖို့ အခြေခံအကျဆုံးဖြစ်တဲ့ စည်းကမ်းငါးခုကိုတောင် ထိန်းဖို့အတော်ကို ကြိုးစားနေကြရတာ မဟုတ်ပါလား။

ဘုရားရှင်က ဝိနည်းတော်များကို ချမှတ်ကတည်းက ဘုရားရှင်ရဲ့ အဆုံးအမတည်တဲ့ သံဃာ့အဖွဲ့အစည်းထဲမှာရှိတဲ့ ရဟန်းတော်အာလုံး **မဖြစ်မနေ လိုက်နာကျင့်သုံးရမယ့် စည်းကမ်းတွေ** ဖြစ်ကြောင်း ဘုရားရှင်ရဲ့ မိန့်ဆိုချက်အာဏာနဲ့ ချမှတ်ခဲ့တာဖြစ်လို့ **အာဏာဒေသနာတော်** ဖြစ်ပါတယ်။

(၂) သုတ္တန်ပိဋကတ်

ဒီပိဋကတ်တော်ထဲမှာ စုစည်းထားတဲ့ ဘုရားရှင်ရဲ့အဆုံးအမ တရားတော်တွေကတော့ စည်းကမ်းတွေနဲ့ မပတ်သက်ဘဲ **လူ၊ နတ်၊ ဗြဟ္ဓာ၊ သတ္တဝါအားလုံး**အတွက် ဖြစ်ပါတယ်။

သုတ္တန်ပိဋကတ်နဲ့ **အဘိဓမ္မာပိဋကတ်**တို့မှာပါရှိတဲ့ တရားတွေကတော့ စည်းကမ်းတွေနဲ့ မပတ်သက်ဘဲ **လူ၊ နတ်၊ ဗြဟ္ဓာ၊ သတ္တဝါအားလုံး** ယခုဘဝ၊ နောက်ဘဝအဆက်ဆက် **ကောင်းကျိုးချမ်းသာကို ရရှိဖို့ရာ**အတွက်သော်လည်းကောင်း၊ **ဒုက္ခသံသရာကြီးမှ လွတ်မြောက်ဖို့ရာ**အတွက်သော်လည်းကောင်း **ကျင့်အပ်တဲ့တရား(ဓမ္မ)တွေ၊ ကျင့်ရမယ့် တရား(ဓမ္မ)တွေချည်းပဲ**ဖြစ်ပါတယ်။

သုတ္တန်တရားတော်များကတော့ တရားနာနေတဲ့ပုဂ္ဂိုလ်၊ တရားနာနေတဲ့ **ပရိသတ်တို့ရဲ့ ဝါသနာ၊ စရိုက်၊ အသိဉာဏ် အတိမ်အနက်** ဘဝအဆက်ဆက်ဖြည့်ကျင့်ခဲ့တဲ့ **ပါရမီ အဆိုအရ**တို့အပေါ်မူတည်ပြီး **အခြေအနေ၊ အချိန်အခါနဲ့ သင့်လျော်ကိုက်ညီအောင် ဟောကြားတော်မူခဲ့တဲ့ တရားတော်တွေ** ဖြစ်ပါတယ်။

(ဆက်လက်ဖော်ပြပါမည်။)

ဝိနည်းပိုင်းကတော့ အဓိကအားဖြင့် သာသနာ့နွယ်ဝင် သံဃာတော်အရှင်သူမြတ်များနဲ့ပဲ အဓိကသက်ဆိုင်တဲ့အပိုင်း ဖြစ်ပါတယ်။

ဆွမ်းဘုဉ်းပေးတာ၊ သင်္ကန်းရုံတာမှအစပြု၍ သံဃာတော်များ သွားလာနေထိုင်မှုနဲ့ပတ်သက်ပြီး လိုက်နာကျင့်သုံးကြရမယ့် စည်းကမ်းများကို ဖော်ပြထားတဲ့ ပိဋကတ်ပါ။ ဘုရားရှင်လက်ထက်မှာ အခြေအနေ အချိန်အခါအလျောက် လိုအပ်လာလျှင် လိုအပ်သလို ဝိနည်းသိက္ခာပုဒ်များကို ချမှတ်ခဲ့တာဖြစ်ပြီး အလွန်မှ အသေးစိတ်လှပါတယ်။

ဗုဒ္ဓဘာသာ သံဃာ့အဖွဲ့အစည်းအတွင်းမှာရှိတဲ့ ရဟန်းများအတွက် မရှိမဖြစ်လိုအပ်တဲ့ ဆွမ်း၊ သင်္ကန်း၊ ကျောင်း၊ ဆေးဆိုတဲ့ ပစ္စည်းလေးပါးအားလုံးကို အလှူရှင် ဒါယကာ၊ ဒါယိကာမများက လှူဒါန်းကြတာ အားလုံးသိပြီးဖြစ်ပါတယ်။

စာအုပ်စင်ကဏ္ဍ

စာအုပ်အမည် - နေ့စဉ်ဘဝမှာ ရဲရင့်ပါ
စာရေးသူ - မောင်ရဲ(မြန်မာပြန်)
ထုတ်ဝေသည့်စာပေတိုက် - ဂျူတီစာပေ
တန်ဖိုး - ၁၅၀၀၀ ကျပ်
စာမျက်နှာ - ၂၉၇ မျက်နှာ
ထုတ်ဝေသည့်ကာလ - ၂၀၂၆ ခုနှစ်၊ နိဝင်ဘာလ



လူမှုရေးစိတ်ပညာ စာအုပ်ဖြစ်သည်။ မာဂျီဝါရယ်လ် (Margie Warrell) ၏ Tame Your Fear, Take The Chance, Dare to Live Big စာအုပ်ကို မြန်မာပြန်ဆိုထားခြင်းဖြစ်သည်။

အခက်အခဲကြောင့် တွန့်ဆုတ်နေသော စိတ်ကိုရဲရဲရင့်ရင့် တည်ဆောက်လိုသူများ၊ ဘဝအောင်မြင်မှုနှင့် အခွင့်အလမ်းသစ်ရချင်သူများ၊ မိမိကိုယ်ကို ယုံကြည်ခြင်းကင်းမဲ့ကာ သူတစ်ပါး၏အမြင်ကို စိုးရိမ်ခြင်းဖြစ်နေသူများ၊ ဘဝသစ်အတွက် ခြေလှမ်းသစ်ဖြင့် စတင်လျှောက်လှမ်းမည့်သူများ လက်စွဲဖတ်သင့်သည်။

ဘဝမှာ အပြောင်းအလဲသစ်ဖန်တီးချင်သူများ၊ အလုပ်အကိုင်၊ လူမှုဆက်ဆံရေး၊ နေ့စဉ်ဘဝမှာ ပိုမိုရဲရင့်ယုံကြည်မှုရှိလာချင်သူများ အတွက် အသုံးတည့်မည့် အောင်မြင်မှုတိုးတက်ရေးစာအုပ်ကောင်းဖြစ်သည်။ မန္တလေးစာအုပ်အရောင်းဆိုင်များနှင့် စိတ်ကူးချိုချို(မန္တလေး) စာအုပ်ဆိုင်တွင် ဝယ်ယူအားပေးဖတ်ရှုနိုင်သည်။

ဖော်ညွှန်းသိ

စာအုပ်အမည် - အတ္တအကျိုးသား
စာရေးသူ - မောင်သိန်းဆိုင်
ထုတ်ဝေသည့်စာပေတိုက် - စိတ်ကူးချိုချိုစာပေ
တန်ဖိုး - ၁၂၀၀၀ ကျပ်
စာမျက်နှာ - ၃၆၉ မျက်နှာ
ထုတ်ဝေသည့်ကာလ - ၂၀၂၆ ခုနှစ်၊ ဇွန်လ(စတုတ္ထအကြိမ်)

အတန်းပညာနည်းသော်လည်း ရပ်ရည်ချောမောပြီး ယဉ်ကျေးသိမ်မွေ့သည့် မိန်းကလေး တစ်ဦး၏ ရင်ခုန်စိတ်လှုပ်ရှားဖွယ် ဇာတ်လမ်းဖြစ်သည်။

အိမ်မှထွက်လာခဲ့သည့် အဝါဆို သည့် မိန်းကလေးသည် ရန်ကုန်မြို့တွင် မအေးမြင့်ကြည် ဆိုသည့် အရွယ်တူနှင့် တွေ့ဆုံပြီး အဆောင်တစ်ခုခု အတူနေထိုင်ကြသည်။

မအေးမြင့်ကြည်မှာ ကျန်းမာရေးဆိုးရွားလာပြီး ကွယ်လွန်ခါနီးတွင် အဝါအတွက် စာရေးထားခဲ့ကြောင်း သူမကွယ်လွန်ခဲ့ရာ ရေးထားသောစာများကို ဖတ်ကြည့်ရာမှ မအေးမြင့်ကြည်သည် မန္တလေးရှိ ဆွေကြီး မျိုးကြီး မျိုးဆက်ဖြစ်ကာ အမွေအများအပြား ဆက်ခံရမည့်သူဖြစ်သည်။

အဝါသည် မအေးမြင့်ကြည်အဖြစ် ဟန်ဆောင်ကာ အမွေများ ဆက်လက်ရယူရန် ကြိုးစားသည့် ဇာတ်အိမ် ဇာတ်ကွက်ဖြစ်ရာ လူစရိုက်အမျိုးမျိုး ဖတ်ရှုရမည့် ဝတ္ထုရှည်ကောင်းဖြစ်သည်။ မန္တလေး စာအုပ်အရောင်းဆိုင်များနှင့် စိတ်ကူးချိုချို(မန္တလေး)စာအုပ်ဆိုင်တွင် ဝယ်ယူအားပေးဖတ်ရှုနိုင်သည်။





ကထိန်သင်္ကန်း တို့လှူဒါန်း

* ဘုံကထိန် အလှူပွဲ
ဆင်ယင်နွှဲ တို့ပြည်ရွာ
အလှဝေဖြာ။
ပုရိမ ဝါကပ်ကာ
မြတ်သံဃာ တို့တွေလှူဒါန်း။
စီဝရံ ကုသိုလ်အထူးပို့
ကြည်နူးရွှင်လန်း။

* ဝတ်ရုံကာ ကိုယ်ဆင်မြန်း
မြတ်ရဟန်း သာသနာဝယ်
ပျော်ပိုက်လေတယ်။
ကထိန သင်္ကန်းရယ်
ပေးစွမ်းကွယ် အကျိုးငါးပါး။
အမှန်ပင် ရရှိကြလို့
အေးမြစေသား။

* လှူဒါန်းသူ တို့အများ
ထပ်တူကား ရရှိပါ
အကျိုးငါးဖြာ။
တစ်နှစ်မှ တစ်လသာ
တစ်ကျောင်းမှာ တစ်ကြိမ်ခွင့်ပြု။
တို့ပြည်ထောင် ကထိန်သင်္ကန်းတို့
(အိုကွယ်)
လှူဒါန်းယခု။ ။

ဇျမ်းရွာကျောင်းအိုသား

အယ်လ်နီညိုအပူဒဏ်အန္တရာယ်ကာကွယ်ရေး အသိပညာပေး ဟောပြောပွဲနှင့် လက်ကမ်းစာစောင်များဖြန့်ဝေ



သရက် နိုဝင်ဘာ ၉

မကွေးတိုင်းဒေသကြီး၊ သရက်မြို့၌ ခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီ၏ ကြီးကြပ်မှုဖြင့် အယ်လ်နီညိုအပူဒဏ် အန္တရာယ်ကြိုတင်ကာကွယ်ရေး အသိပညာပေးဟောပြောပွဲနှင့် လက်ကမ်းစာစောင်များ ဖြန့်ဝေခြင်းအား နိုဝင်ဘာ ၈ ရက် နံနက် ၉ နာရီက နယ်စပ်ဒေသတိုင်း ရင်းသားလူငယ်များဖွံ့ဖြိုးရေးသင်တန်းကျောင်းတွင် ဆောင်ရွက်ခဲ့သည်။

အဆိုပါ အသိပညာပေးဟောပြောပွဲကို ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်ခင်ဝါဝါလှိုင်၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန၊ လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်ဟန်သီရိအောင်၊ ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုဦးစီးဌာန၊ လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်သူဇာထွန်း၊ ကျေးလက်ဒေသဖွံ့ဖြိုးရေးဦးစီးဌာနမှ ဦးစီးအရာရှိ ဦးစိုးလွင်တို့ပူးပေါင်းပြီး အယ်လ်နီညိုအပူဒဏ်အန္တရာယ်ကာကွယ်ရေး အကြောင်း သိကောင်းစရာများ၊ ကြိုတင်ကာကွယ်ရေးလုပ်ငန်းများ၊ ဆောင်ရန်၊ ရှောင်ရန်များကို အသေးသိမဟောပြောကြပြီး မီးသတ်ဦးစီးဌာနမှ မြို့နယ်ဦးစီးမှူး ဦးဝေဖြိုးအောင်က အပူပြင်းထန်သည့် အချိန်ကာလတွင် မီးဘေးအန္တရာယ်ကို အထူးဂရုစိုက်နေထိုင်ကြရန် အသိပညာပေးခဲ့သည်။ အသိပညာပေးလက်ကမ်းစာစောင်တွင် အယ်လ်နီညိုဆိုင်ရာ ကြိုတင်ကာကွယ်ရေးနှင့် ဆောင်ရန်၊ ရှောင်ရန်များ၊ သတိပြုနေထိုင်ရမည့်အချက်များ ပါရှိသည့် အသိပညာပေးလက်ကမ်းစာစောင်များနှင့် ရေချိုရှားပါးမှုအသိပညာပေး စသည့် လက်ကမ်းစာစောင်များကို ဖြန့်ဝေပေးခဲ့ကြောင်း သိရသည်။ (အပေါ်ဝဲပုံ)

မောင်လှလင် (သရက်)

Grade-12 အောင်ချက်မြင့်မားရေး ဟောပြောပွဲကျင်းပ

တောင်တွင်းကြီး နိဝင်ဘာ ၉

မကွေးတိုင်းဒေသကြီး တောင်တွင်းကြီးမြို့နယ်၌ Grade-12 အောင်ချက်မြင့်မားရေး ဟောပြောပွဲကို ယမန်နေ့ နံနက်ပိုင်းက အ.ထ.က(ကင်/ချောင်း) တွင် ကျင်းပခဲ့သည်။

ရွေးဦးစွာ မြို့နယ်စီမံခန့်ခွဲရေးနှင့်အုပ်ချုပ်ကော်မတီဥက္ကဋ္ဌ ဦးကျော်ဇင်ဦးက အဖွင့်အမှာစကားပြောကြားရာ Grade-12 ဖြေဆိုမည့် ကျောင်းသား၊ ကျောင်းသူများအနေဖြင့် မိမိတို့၏စိတ်တွင် ဒီနှစ်မှာ တက္ကသိုလ်ဝင်တန်းစာမေးပွဲအောင်ရမည်ဟု စိတ်ခံယူချက်ထားကြိုးစားဖို့လိုကြောင်း ပြောကြားပြီး မြို့နယ်ပညာရေးမှူးရုံးမှ လက်ထောက်ပညာရေးမှူးက အောင်ချက်မြင့်မားရေးကိစ္စများနှင့်ပတ်သက်၍ အသေးစိတ်ရှင်းလင်းပြောကြားကာ ဆည်မြောင်းနှင့်ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး၊ စက်မှုဦးစီးဌာန မြို့နယ်ဦးစီးမှူးတို့က မိမိတို့တွေ့ကြုံခဲ့ရသည်များနှင့်ယှဉ်၍ အားပေးစကားပြောကြားပြီး တက်ရောက်လာကြသည့် ကျောင်းအုပ်ဆရာ၊ ဆရာမကြီးများမှ ကျောင်းသား၊ ကျောင်းသူများအား မိမိတို့သင်ကြားပို့ချပေးနေမှုများအား ရှင်းလင်းဆွေးနွေးပြီး မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌက ကလေးများနှင့် ရင်းရင်းနှီးနှီးတွေ့ဆုံအားပေးခဲ့ကြောင်း သိရသည်။

ဦးမျိုး(ဗိသနိုးမြေ)



ကျေးသီးမြို့နယ် နောင်ဝူးကျေးရွာအနီး၌ အွန်လိုင်းလိမ်လည်လောင်းကစားမှု ကျူးလွန်လုပ်ကိုင်နေသည့် တရားမဝင် တရုတ်နိုင်ငံသား ၁၅ ဦးအား လုပ်ငန်းသုံးပစ္စည်းများနှင့်အတူ ဖမ်းဆီးရမိ

နေပြည်တော် နိုဝင်ဘာ ၉

နိုင်ငံတော် အစိုးရအနေဖြင့် ဒေသတွင်း ပြည်သူလူထုကို သာမက ကမ္ဘာတစ်ဝန်းရှိ လူသားမျိုးနွယ်အားလုံး၏ လူမှုစီးပွားဘဝများကို ထိခိုက်ပျက်စီးအောင် အလုံးစုံ အန္တရာယ်ပေးလျက်ရှိသည့် အွန်လိုင်းလိမ်လည်မှုနှင့် အွန်လိုင်းလောင်းကစားမှု ကျူးလွန်သူများအား ရှာဖွေဖော်ထုတ် တားဆီးကာကွယ်ခြင်းများကို အမျိုးသားရေးတာဝန်တစ်ရပ်အနေဖြင့် အလေးထားဆောင်ရွက်လျက်ရှိသည့်အပြင် အိမ်နီးချင်းနိုင်ငံ အစိုးရများနှင့်လည်း ပေါင်းစပ်ညှိနှိုင်း၍ ထိထိရောက်ရောက် ရှာဖွေဖော်ထုတ် ဖမ်းဆီးအရေးယူခြင်းများ ဆောင်ရွက်လျက်ရှိသည်။

ထိုသို့ ဆောင်ရွက်လျက်ရှိရာ ရှမ်းပြည်နယ် (တောင်ပိုင်း) ကျေးသီးမြို့နယ်အတွင်း အွန်လိုင်းလိမ်လည် လောင်းကစားလုပ်ငန်းများလုပ်ကိုင်နေကြောင်း သတင်းအရ လုံခြုံရေးတပ်ဖွဲ့ဝင်များ ပါဝင်သော ပူးပေါင်းအဖွဲ့များက စုံစမ်းရှာဖွေ ဖော်ထုတ်မှုများ ဆောင်ရွက်ခဲ့ရာ ယနေ့မွန်းလွဲ ၂ နာရီခန့်တွင် ကျေးသီးမြို့နယ် နောင်ဝူးကျေးရွာ၏ တောင်ဘက်မိတာ ၂၅၀၀ ခန့်အကွာ၌ အွန်လိုင်းလိမ်လည်လောင်းကစားမှု လုပ်ငန်းများ လုပ်ကိုင်နေသည့် တရားမဝင် တရုတ်နိုင်ငံသား ၁၅ ဦးအား အွန်လိုင်းလိမ်လည် လောင်းကစားမှု ကျူးလွန်ရာတွင် အသုံးပြုသည့် အလျား ပေ ၄၀၊ အနံ ပေ ၂၀ ရှိ ယာယီလူနေတဲ နှစ်လုံး၊ အလျား ပေ ၄၀၊ အနံ ပေ ၃၀ ရှိ ယာယီအလုပ်ရုံတစ်လုံး၊ ပေ ၂၀ပတ်လည် ရှိ ယာယီစားချက်ဆောင် တစ်လုံး၊ ပေ ၃၀ ပတ်လည်ရှိ ရေကန် တစ်ကန်၊ မီးစက်တစ်လုံး၊ Freezer တစ်လုံး၊ ပန်ကာရှည် နှစ်လုံး၊ Router ခြောက်လုံး၊ All In One Computer နှစ်လုံး၊ Star Link နှစ်ခု၊ ဖုန်းမျိုးစုံ အလုံး ၄၀၊ ပလတ်စတစ်ထိုင်ခုံ အလုံး ၄၀ တို့နှင့်အတူ ဖမ်းဆီးရမိခဲ့သည်။

အဆိုပါ အွန်လိုင်းလိမ်လည် လောင်းကစားမှုများ လုပ်ကိုင်ခဲ့သည့် ဖမ်းဆီးရမိသူများအား လိုအပ်သည့် စစ်ဆေးမှုများ ဆောင်ရွက်ပြီးစီးပါက တည်ဆဲ ဥပဒေများနှင့်အညီ ထိရောက် ပြင်းထန်စွာ အရေးယူဆောင်ရွက် သွားမည်ဖြစ်ပြီး သိမ်းဆည်းရမိသည့် လုပ်ငန်းသုံးပစ္စည်းများအား လုပ်ထုံးလုပ်နည်းများနှင့် အညီ ဆက်လက်ဆောင်ရွက်သွားမည် ဖြစ်ကြောင်း သိရသည်။

သတင်းစဉ်

ရှမ်းပြည်နယ် (တောင်ပိုင်း) ကျေးသီးမြို့နယ် နောင်ဝူး ကျေးရွာအနီး၌ အွန်လိုင်း လိမ်လည် လောင်းကစားမှု ကျူးလွန်ခဲ့သည့် တရားမဝင် ပြည်ပနိုင်ငံသားများနှင့် လုပ်ငန်း သုံးပစ္စည်းများ ဖမ်းဆီးရမိသည့် ဖြစ်စဉ်နေရာပြပုံ။





သိမ်းဆည်းရမိ ယာယီလူနေမိုးကာတဲ မှတ်တမ်းဓာတ်ပုံ။



သိမ်းဆည်းရမိ မီးစက် မှတ်တမ်းဓာတ်ပုံ။

ရွှေကုက္ကိုလ်နယ်မြေ ဒုတိယပိုင်းအတွင်းရှိ အွန်လိုင်းလိမ်လည်လောင်းကစားမှုကျူးလွန်ရာတွင် အသုံးပြုသည့် တရားမဝင်အဆောက်အအုံများအား စနစ်တကျဖြိုချဖျက်ဆီးခြင်းလုပ်ငန်းများ ဆက်လက်ဆောင်ရွက်

နေပြည်တော်၊ ၂၀၂၆ ခုနှစ်၊ နိုဝင်ဘာ ၉ ရက်

နိုင်ငံတော် အစိုးရအနေဖြင့် ကမ္ဘာလုံးဆိုင်ရာ လူမှုစီးပွားနယ်ပယ်နှင့် အမျိုးသားလုံခြုံရေးကို ခြိမ်းခြောက်လာသည့် အွန်လိုင်းလိမ်လည်မှုနှင့် အွန်လိုင်းလိမ်လည် လောင်းကစားမှုများ ပပျောက်စေရေးအတွက် အိမ်နီးချင်းနိုင်ငံများ၊ ဒေသတွင်းနိုင်ငံများနှင့် ပူးပေါင်းကာ အပြီးတိုင် လုံးဝ ပပျောက်သွားစေရေး ဆောင်ရွက်လျက်ရှိရာ အွန်လိုင်းလိမ်လည် လောင်းကစားမှုများ အများဆုံး လုပ်ကိုင်ခဲ့သည့် ရွှေကုက္ကိုလ် နယ်မြေအတွင်းရှိ တရားမဝင် အဆောက်အအုံများ၌ အွန်လိုင်း လိမ်လည် လောင်းကစားမှုများ ထပ်မံလုပ်ကိုင်နိုင်ခြင်း မရှိစေရန် အဆိုပါအဆောက်အအုံများအား အပြီးတိုင် ဖြိုချဖျက်ဆီးခြင်းများကို စနစ်တကျဆောင်ရွက်လျက်ရှိသည်။



ရွှေကုက္ကိုလ်နယ်မြေ ဒုတိယပိုင်းအတွင်းရှိ အွန်လိုင်းလောင်းကစားမှုကျူးလွန်ရာတွင် အသုံးပြုသည့် တရားမဝင်အဆောက်အအုံများအား စနစ်တကျ ဆက်လက်ဖြိုချဖျက်ဆီးမှု။

ထိုသို့ ဆောင်ရွက်လျက်ရှိရာ ရွှေကုက္ကိုလ်နယ်မြေ ဒုတိယပိုင်းအတွင်းရှိ အွန်လိုင်းလိမ်လည် လောင်းကစားမှုများ လုပ်ကိုင်ခဲ့သည့် ဖြိုချဖျက်ဆီးရန်ကျန် တရားမဝင် အဆောက်အအုံများအနက် ယာဉ်ယန္တရားများအား ဖြိုချဖျက်ဆီးလျက်ရှိသည့် ၅ ထပ်အဆောက်အအုံ ၁ လုံးအား ယနေ့အထိ ၆၀ ရာခိုင်နှုန်း ဖြိုချဖျက်ဆီးပြီးဖြစ်ကြောင်း၊ ထပ်မံ၍ ၆ ထပ်အဆောက်အအုံ တစ်လုံးအား ယာဉ်ယန္တရားများဖြင့် ဖြိုချဖျက်ဆီးမှုမှာ ယနေ့အထိ ၁၀ ရာခိုင်နှုန်း ပြီးစီးပြီဖြစ်ကြောင်း သိရှိရသည်။

ရွှေကုက္ကိုလ်နယ်မြေ ဒုတိယပိုင်း အတွင်း၌ အွန်လိုင်းလိမ်လည် လောင်းကစား လုပ်ငန်းများ ကျူးလွန်ရာတွင် အသုံးပြုခဲ့သည့် ဖြိုချဖျက်ဆီးရန်ကျန် အဆောက်အအုံ ၆၃ လုံးအား ယာဉ်ယန္တရားများဖြင့် ဖြိုချဖျက်ဆီးမည့် အဆောက်အအုံ၊ ဖောက်ခွဲ၍ဖြိုချဖျက်ဆီးမည့် အဆောက်အအုံနှင့် လူနေအိမ်များနှင့် မလွတ်ကင်း၍ လူအင်အားအသုံးပြုကာ တစ်လွှာချင်း ဖြိုချဖျက်ဆီးမည့် အဆောက်အအုံဟူ၍ အမျိုးအစားအလိုက် ခွဲခြားသတ်မှတ်ပြီး စနစ်တကျ ဆက်လက် ဖြိုချဖျက်ဆီးလျက်ရှိရာ ဖောက်ခွဲ၍ ဖြိုချမည့် အဆောက်အအုံ ၄ လုံးနှင့် ယာဉ်ယန္တရားများဖြင့် ဖြိုချဖျက်ဆီးမည့် အဆောက်အအုံ ၆ လုံး၊ စုစုပေါင်း အဆောက်အအုံ ၁၀ လုံးတို့ကို စနစ်တကျ ဖြိုချဖျက်ဆီးခဲ့ပြီး ဖြစ်ပြီး ကျန်ရှိသည့် တရားမဝင် အဆောက်အအုံ ၅၃ လုံးကိုလည်း စနစ်တကျ ဆက်လက်ဖြိုချဖျက်ဆီးသွားမည် ဖြစ်ကြောင်း သတင်းရရှိသည်။ ၁၀၀



နိုဝင်ဘာလအတွက် ရန်ကုန်အထိုင် လက်ကားမြေဩဇာ ရည်ညွှန်းဈေးနှုန်းများ ထုတ်ပြန်

ရန်ကုန် နိုဝင်ဘာ ၉

တောင်သူများ အဓိကအသုံးပြုလျက်ရှိသည့် မြေဩဇာအမျိုးအစားများ၏ ၂၀၂၆ ခုနှစ် နိုဝင်ဘာလအတွက် ရန်ကုန်အထိုင် လက်ကားရည်ညွှန်းဈေးနှုန်းများကို မြန်မာနိုင်ငံ မြေဩဇာ၊ မျိုးစေ့နှင့် စိုက်ပျိုးရေးဆေးလုပ်ငန်းရှင်များ အသင်း(MFSPEA)က ထုတ်ပြန်ထားသည်။

အဆိုပါ ဈေးနှုန်းများအရ ယူရီးယားမြေဩဇာ (အလုံးကြီး) ၅၀ ကီလို တစ်အိတ်လျှင် ငွေကျပ် ၁၂၄,၆၀၀ နှင့် Di Ammonium Phosphate(DAP) အခြေခံ ၁၅ ပတ်လည်မြေဩဇာ ၅၀ ကီလိုတစ်အိတ်လျှင် ငွေကျပ် ၁၅၀,၀၀၀ သတ်မှတ်ထားသည်။

အဆိုပါ ဈေးနှုန်းများကို ယူရီးယားမြေဩဇာ ဝယ်ယူဖြန့်ဖြူးရောင်းချရေး ဦးဆောင်ကော်မတီ၏ကြီးကြပ်မှုဖြင့် သတ်မှတ်ထုတ်ပြန်ထားခြင်းဖြစ်ပြီး ၂၀၂၆ ခုနှစ် နိုဝင်ဘာ ၁ ရက်မှ ၃၀ ရက်အထိ အကျုံးဝင်မည်ဖြစ်ကာ အသင်းဝင်ကုမ္ပဏီများအနေဖြင့် သတ်မှတ်ဈေးနှုန်းများအတိုင်း ရောင်းချရန် ညွှန်ကြားထားသည်။

သို့သော် Complex ၁၅ ပတ်လည် မြေဩဇာအတွက် ရည်ညွှန်းဈေးနှုန်း သတ်မှတ်ထားခြင်းမရှိကြောင်း၊ ဖော်ပြပါ ဈေးနှုန်းများမှာ ရန်ကုန်အထိုင် လက်ကားဈေးနှုန်းများဖြစ်ပြီး လက်ငင်းငွေချေစနစ်ဖြင့် ရောင်းချသည့်ဈေးနှုန်းများဖြစ်ကြောင်း အသင်း၏ ထုတ်ပြန်ချက်တွင် ဖော်ပြထားသည်။

ထို့အပြင် ဒေသအလိုက် သယ်ယူပို့ဆောင်ရေးစရိတ်များ အပေါ် မူတည်၍ အမှန်တကယ် ရောင်းချသည့်ဈေးနှုန်းများ ကွာခြားနိုင်ကြောင်း အသိပေးထားသည်။

သတ်မှတ်ရည်ညွှန်းဈေးနှုန်းများအတိုင်း ရောင်းချခြင်းမရှိပါက ယူရီးယားမြေဩဇာ ဝယ်ယူဖြန့်ဖြူးရောင်းချရေး ဦးဆောင်ကော်မတီ၏ ဖုန်း ၀၆၇-၄၁၀၀၃၅ နှင့် MFSPEA ၏ ဖုန်း ၀၉-၉၈၈၅၃၉၃၆၀ တို့သို့ ဆက်သွယ်တိုင်ကြားနိုင်ကြောင်း သိရသည်။ **ရွှေမန်း**

● **စာမျက်နှာ ၂၄ မှ**

KNU၊ KNLA အပါအဝင် CRPH၊ NUG နှင့် ၎င်းတို့၏ လက်ဝေခံ PDF အမည်ခံ အကြမ်းဖက်သောင်းကျန်းသူများ အနေဖြင့် မွန်ပြည်နယ်၊ သိမ်ဇရပ်-ကျိုက်ထိုဒေသနှင့် ပဲခူးတိုင်းဒေသကြီး နယ်မြေအစပ်တို့ရှိ သွားလာရေး ခက်ခဲသော တောတောင်များ အတွင်း အခြေပြုနေထိုင်၍ တရားဥပဒေမဲ့ မသမာသောနည်းလမ်းမျိုးစုံမှရရှိလာသော အကျိုးအမြတ်များဖြင့် အဖျက်အမှောင့်လုပ်ရပ်များ လုပ်ဆောင်ရာတွင် အသုံးပြုသော လက်လုပ်စိန်ပြောင်းများ၊ လက်လုပ်သေနတ်များ၊ ခဲယမ်းများနှင့် ဖောက်ခွဲရေးသုံး ပစ္စည်းများကို ပြုလုပ်ပြီး လက်နက်အားကိုးဖြင့် ရိုးသားစွာ အသက်မွေးဝမ်းကျောင်း ပြုနေကြသည့် ဒေသခံတိုင်းရင်းသားပြည်သူများအား အနိုင်ကျင့်ဗိုလ်ကျကာ ကျေးရွာများအတွင်းနှင့် အနီးဝန်းကျင်တို့တွင် ယာယီ အခြေပြုစခန်းများ တည်ဆောက်နေထိုင်လျက်ရှိကြကြောင်း သိရသည်။

အကြမ်းဖက် သောင်းကျန်းသူ ပူးပေါင်းအဖွဲ့များ အနေဖြင့် အဆိုပါဒေသများ၌ ယာယီစိုးမိုး အခြေပြုစဉ်ကာလ အတွင်း ဒေသခံပြည်သူများ၏ နေအိမ်များ၊ ဘာသာရေးဆိုင်ရာ အဆောက်အအုံများ၊ စာသင်ကျောင်းများ၌ သဲအိတ်များဖြင့် ဘန်ကာများ တည်ဆောက်ခြင်း၊ ဆက်ကြေးကောက်ခြင်း၊ လူသစ်စုဆောင်းခြင်း၊ ၎င်းတို့အပေါ် ထောက်ခံအားပေးမှုမရှိသော ကျေးရွာများမှ ဒေသခံပြည်သူများ၊ ရဟန်းသံဃာများနှင့် သစ္စာရှိနိုင်ငံ့ဝန်ထမ်းများအား "ဒလန်" ခေါင်းစဉ်တပ်စွပ်စွဲပြီး ဖမ်းဆီး၊ နှိပ်စက်၊ သတ်ဖြတ်ခြင်းများကို တရားဥပဒေမဲ့ကျူးလွန်လျက်ရှိသည်။

ထို့ပြင် ၎င်းဒေသအတွင်းရှိ ဒေသခံပြည်သူလူထု၏ ကုန်စည်ပို့ဆောင်မှုများ လုပ်ဆောင်လျက်ရှိသည့် ကုန်တင်ကားများနှင့် ခရီးသွား မော်တော်ယာဉ်များအား ဆက်ကြေး ကောက်ခံခြင်း၊ ဆက်သွယ်ရေး လမ်းကြောင်းများအား မိုင်းထောင်ခြင်း၊ လမ်းတံတားများအား ဖောက်ခွဲဖျက်ဆီးခြင်း၊ ခရီးသွားပြည်သူများအား အကြောင်းမဲ့ ဖမ်းဆီးသတ်ဖြတ်ခြင်းစသည့် အကြမ်းဖက်လုပ်ရပ်များကို ယုတ်မာရိုင်းစိုင်းစွာ လုပ်ဆောင်လျက်ရှိသဖြင့် ဒေသခံတိုင်းရင်းသားပြည်သူများ၏ လူမှုစီးပွားဘဝများ များစွာထိခိုက်နစ်နာခဲ့ရသည်။



တပ်မတော်စစ်ကြောင်းများက သိမ်ဇရပ်-ကျိုက်ထို၊ ရွှေကျင်ဒေသရှိ NUG၊ CRPHနှင့် KNU၊ KNLA အကြမ်းဖက်အဖွဲ့များ၏ အခြေပြုစခန်းများအား တိုက်ခိုက်သိမ်းပိုက်ရရှိမှု။



တပ်မတော်စစ်ကြောင်းများက သိမ်ဇရပ်-ကျိုက်ထို၊ ရွှေကျင်ဒေသရှိ NUG၊ CRPH နှင့် KNU၊ KNLA အကြမ်းဖက်အဖွဲ့များ၏ အခြေပြုစခန်းများအား သိမ်းပိုက်ရရှိမှု။

NUG၊ CRPH တို့အနေဖြင့် KNU၊ KNLA အဖွဲ့များနှင့် ပူးပေါင်းကာ မွန်ပြည်နယ်၊ ကျိုက်ထိုမြို့နယ်၊ သိမ်ဇရပ်မြို့၏ အရှေ့မြောက်ဘက်၊ ပဲခူးတိုင်းဒေသကြီး၊ ရွှေကျင်မြို့နယ်အတွင်း NUG ၏ အထူးတိုင်းစစ်ဌာနချုပ်ဖွင့်လှစ်၍ အကြမ်းဖက်လုပ်ငန်းများ လုပ်ဆောင်မှုကိုကွပ်ကဲလျက်ရှိကြောင်း ဒေသခံတာဝန်သိပြည်သူများ၏ တိကျသော သတင်းပေးပို့မှုအရ တပ်မတော် စစ်ကြောင်းများက အကြမ်းဖက်ချေမှုန်းမှုစစ်ဆင်ရေး (Counter-Terrorism Operation) ဖြင့် တိုက်ခိုက်ချေမှုန်းရန် သိမ်ဇရပ်မြို့၌ လိုအပ်သည့် ပြင်ဆင်စုဖွဲ့မှုများ ဆောင်ရွက်ခဲ့သည်။ ထို့နောက် နိုဝင်ဘာလ ၃ ရက်မှစ၍ စစ်ကြောင်းများခွဲကာ နယ်မြေလုံခြုံရေး လုပ်ငန်းများကို အဆင့်ဆင့် ဆောင်ရွက်ခဲ့ရာ နိုဝင်ဘာလ ၅ ရက်တွင် သိမ်ဇရပ်မြို့၏ အရှေ့မြောက်ဘက် ကော်ကတ်ကျေးရွာအနီး အကြမ်းဖက်သောင်းကျန်းသူများ ယာယီ အခြေပြု နေထိုင်လျက်ရှိသည့် စခန်း ၁ ခုအား လည်းကောင်း၊ နိုဝင်ဘာလ ၆ ရက်တွင် သိမ်ဇရပ်မြို့၏ အရှေ့မြောက်ဘက် ကော်ထီးထကျေးရွာ အနီးရှိ အကြမ်းဖက်သောင်းကျန်းသူများ ယာယီအခြေပြု နေထိုင်လျက်ရှိသည့် စခန်း ၁ ခုအားလည်းကောင်း၊ နိုဝင်ဘာလ ၇ ရက်တွင် သိမ်ဇရပ်မြို့၏ အရှေ့မြောက်ဘက် ကော်ထီးထကျေးရွာအနီး KNU၊ KNLA တပ်မဟာ(၁)၊ ရင်း(၃) ဌာနချုပ် အပါအဝင် အကြမ်းဖက်သောင်းကျန်းသူများ ယာယီ အခြေပြုနေထိုင်လျက်ရှိသည့် စခန်း ၄ ခုတို့အား သိမ်းပိုက်ရရှိခဲ့ကြောင်း သိရှိရသည်။

ဆက်လက်၍ တပ်မတော် စစ်ကြောင်းများအနေဖြင့် အကြမ်းဖက်သောင်းကျန်းသူများ ခိုအောင်းနေထိုင်နိုင်ခြင်းမရှိစေရေး လိုအပ်သည့် နယ်မြေလုံခြုံရေး လုပ်ငန်းများကို နေ့မနားညမအား ဆက်လက်ကြိုးပမ်းဆောင်ရွက်ခဲ့ရာ နိုဝင်ဘာလ ၈ ရက်တွင် မွန်ပြည်နယ်၊ သိမ်ဇရပ်မြို့၏ အရှေ့မြောက်ဘက်၊ ပဲခူးတိုင်းဒေသကြီး ရွှေကျင်မြို့နယ်အတွင်းရှိ ပွိုင့် ၄၈၀ တောင်ကုန်းအနီး ထီးကလာချောင်းဝန်းကျင်တစ်ဝိုက်၌ NUG၊ CRPH အကြမ်းဖက်သောင်းကျန်းသူများ၏ အထူးတိုင်းစစ်ဌာနချုပ် အပါအဝင် စခန်း ၅ ခုအားထပ်မံ၍ အသီးသီး တိုက်ခိုက်သိမ်းပိုက်နိုင်ခဲ့ကြောင်း သိရှိရသည်။

ထိုသို့ တိုက်ခိုက်သိမ်းပိုက်နိုင်ရေးဆောင်ရွက်ခဲ့ရာ အကြမ်းဖက်သောင်းကျန်းသူများနှင့် ထိတွေ့တိုက်ပွဲ ၄ ကြိမ်ဖြစ်ပွားခဲ့ပြီး NUG၊ CRPH အကြမ်းဖက်အဖွဲ့၏ အထူးတိုင်းစစ်ဌာနချုပ်အပါအဝင် KNU၊ KNLA အဖွဲ့များ၏ အကြမ်းဖက်စခန်းနေရာ ၁၁ နေရာတို့အား တိုက်ခိုက် သိမ်းပိုက်နိုင်ခဲ့ကာ အကြမ်းဖက်သောင်းကျန်းသူများ ထံမှ လက်နက်မျိုးစုံ ၉၇ လက်၊ ကျည်မျိုးစုံ ၁၂၂၈၅ တောင့်၊ Drop Bomb ၃၆၂ လုံး၊ မိုင်းမျိုးစုံ ၁၃၉ လုံး၊ (4x4) ကား ၂ စီး၊ ဒရုန်းများ၊ လက်ပစ်ဗုံးများ၊ ဗုံးသီးများ၊ ဒီတိုနေတာများ၊ ဆက်သွယ်ရေးစက်များ၊ ပစ်ကျင်းများ၊ ဘန်ကာများ၊ လူနေတဲများ၊ အကြမ်းဖက်ဖောက်ခွဲဖျက်ဆီးရာတွင် အသုံးပြုသည့် ဆက်စပ်ပစ္စည်းများ၊ ရိက္ခာပစ္စည်းများ၊ ကွန်ပျူတာအပါအဝင် ရုံးလုပ်ငန်းသုံး ပစ္စည်းများ၊ သောင်းကျန်းသူများ ၏ ပြောက်ကျားဝတ်စုံများ၊ ကျည်ကာအကျိုး ဦးထုပ်များ၊ ဆေးဝါးများနှင့် ဆေးပစ္စည်းများ၊ အခြားအသုံးဆောင်ပစ္စည်း အများအပြား သိမ်းဆည်းရမိခဲ့ပြီး အကြမ်းဖက်သောင်းကျန်းသူများ အနေဖြင့် ထိခိုက်ဆုံးရှုံးမှုများစွာဖြင့် ဦးတည်ရာမဲ့ ဖရိဖရဲဆုတ်ခွာထွက်ပြေးသွားကြောင်း သိရှိရသည်။

တပ်မတော်အနေဖြင့် နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့် ဒေသဖွံ့ဖြိုး တိုးတက်ရေးကို နည်းမျိုးစုံ နှောင့်ယှက်ဖျက်ဆီးနေသည့် လက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူများကို မည်သည့် ဒေသတွင်မျှ အခြေချနေထိုင်၍ အကြမ်းဖက် လုပ်ရပ်များအား ယုတ်မာရိုင်းစိုင်းစွာ ဥပဒေမဲ့ ကျူးလွန်ခြင်းမရှိစေရန် အကြမ်းဖက်ချေမှုန်းမှု စစ်ဆင်ရေး (Counter-Terrorism Operation) ကို တာဝန်သိဒေသခံပြည်သူများနှင့် ပူးပေါင်း၍ ဆောင်ရွက်လျက်ရှိရာ အဆိုပါ သိမ်ဇရပ်-ကျိုက်ထိုဒေသများအတွင်း အကြမ်းဖက်သောင်းကျန်းသူများ ခိုအောင်းနေထိုင်နိုင်ခြင်းမရှိစေရေး အတွက် လိုအပ်သည့် နယ်မြေလုံခြုံရေး လုပ်ငန်းများကို အရှိန်အဟုန်မြှင့် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

၁၀၀



တပ်မတော်စစ်ကြောင်းများက သိမ်ဇရပ်-ကျိုက်ထို၊ ရွှေကျင်ဒေသရှိ NUG၊ CRPH နှင့် KNU၊ KNLA အကြမ်းဖက်အဖွဲ့များ၏ အခြေပြုစခန်းများအား တိုက်ခိုက်သိမ်းပိုက်ရရှိမှု။



အကြမ်းဖက်သောင်းကျန်းသူများထံမှ သိမ်းပိုက်ရရှိသည့် ဗုံးသီးများ၊ ရုံးလုပ်ငန်းသုံး ပစ္စည်းများ၊ ကားများနှင့် အခြားဆက်စပ်ပစ္စည်းများ။

ဝက်သက်၊ ဂျိုက်သိုးကာကွယ်ဆေး ထပ်ဆောင်းထိုးနှံခြင်း အခမ်းအနားကျင်းပ

ကျောက်ပန်းတောင်း နိုဝင်ဘာ ၉

မန္တလေးတိုင်းဒေသကြီး၊ ညောင်ဦးခရိုင် ကျောက်ပန်းတောင်းမြို့နယ်၌ ၂၀၂၆-ခုနှစ် နိုင်ငံတစ်ဝန်းလုံးတွင် ဝက်သက်-ဂျိုက်သိုးကာကွယ်ဆေး ထပ်ဆောင်းထိုးနှံခြင်း မိတ်ဆက်ပွဲကို နိုဝင်ဘာ ၅ ရက် နံနက် ၁၀ နာရီက မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာန စုဝေးခန်းမတွင် ကျင်းပခဲ့သည်။

အခမ်းအနားတွင် မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေး ကော်မတီဥက္ကဋ္ဌ၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးစိုးညွှန့်ရွှေက အဖွင့်အမှာစကားပြောကြားရာတွင် ကျောက်ပန်းတောင်းမြို့နယ်အနေဖြင့် ၂၀၂၈ ခုနှစ်၏ ရည်မှန်းချက်ဖြစ်သော ဝက်သက်နှင့်ဂျိုက်သိုးရောဂါကင်းစင် လျော့နည်းစေရန်အတွက်၊ တိုက်နယ်ကျန်းမာရေးဌာန၊ ကျေးလက်ကျန်းမာရေးဌာန၊ ဌာနခွဲများအလိုက် ကာကွယ်ဆေးထိုးအဖွဲ့များ စနစ်တကျဖွဲ့စည်း၍ မိတ်ဖက်အဖွဲ့အစည်းများနှင့် ပူးပေါင်းကာ လုပ်ငန်းအောင်မြင်အောင်ဆောင်ရွက်သွားကြရန်နှင့် ကာကွယ်ဆေး လွှမ်းခြုံမှု ရည်မှန်းချက်ဖြစ်သော ၉၅ ရာခိုင်နှုန်းအထက်ပြည့်မီ ကျော်လွန်အောင်ဆောင်ရွက်သွားကြစေလိုကြောင်း ထည့်သွင်းပြောကြားသည်။ ထို့နောက် မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှ ဒုတိယခရိုင် ကုသရေးဦးစီးဌာနမှူး ဒေါက်တာကျော်ထူးမြတ်က မြို့နယ်အုပ်ချုပ်ရေးမှူးအား တိုက်နယ်အလိုက် တာဝန်ထမ်းဆောင်လျက်ရှိကြသည့် ပြည်သူ့ကျန်းမာရေးဝန်ထမ်းများနှင့် မိတ်ဆက်ပေးပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

အဆိုပါ အခမ်းအနားသို့ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးစိုးညွှန့်ရွှေနှင့် ဌာနဆိုင်ရာများ၊ မြို့နယ်မိခင် နှင့် ကလေးစောင့်ရှောက်ရေး အသင်းနှင့် အမျိုးသမီးရေးရာ အဖွဲ့ဥက္ကဋ္ဌ ဒေါ်လဲ့လဲ့မြင့်နှင့် အဖွဲ့ဝင်များ အင်အား ၁၃ ဦး၊ ဒုတိယခရိုင်ကုသရေးဦးစီးဌာနမှူးနှင့် ပြည်သူ့ကျန်းမာရေးဦးစီး ဌာနဝန်ထမ်းများ ၈၂ ဦး၊ စုစု ပေါင်း ၉၅ ဦး တက်ရောက်ခဲ့ကြကြောင်း သိရသည်။

(၄၅၆)

၀-၀-၀-၀-၀



အခမ်းအနားမှူးသင်တန်းဖွင့်လှစ်

မကွေး နိုဝင်ဘာ ၉

မကွေးတိုင်းဒေသကြီးအစိုးရအဖွဲ့၏ လမ်းညွှန်မှုဖြင့် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ဖွင့်လှစ်သည့် အခမ်းအနားမှူးသင်တန်းအမှတ်စဉ်(၃/၂၀၂၆) ဖွင့်ပွဲအခမ်းအနားကို ယမန်နေ့ နံနက် ၉ နာရီတွင် မကွေးတိုင်းဒေသကြီး မိခင်နှင့်ကလေးစောင့်ရှောက်မှုကြီးကြပ်ရေးအဖွဲ့ ရုံးအစည်းအဝေးခန်းမ၌ ကျင်းပရာ မကွေးတိုင်းဒေသကြီးအစိုးရအဖွဲ့ လူမှုရေးရာဝန်ကြီး ဒေါ်နွယ်နီနိုင်က အဖွင့်အမှာစကားပြောကြားသည်။

ထို့နောက် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ညွှန်ကြားရေးမှူး ဒေါ်ယဉ်ယဉ်နုက သင်တန်းဖွင့်လှစ်ရသည့်ရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားပြီး အခမ်းအနားမှူးတစ်ဦးတွင် ရှိရမည့် အရည်အချင်းများ၊ သတ္တိ၊ သတိ၊ အသိတရားနှင့် ဆောင်ရန်၊ ရှောင်ရန်များကို အကျယ်တဝင့် ရှင်းလင်းပြောကြားသည်။

အဆိုပါသင်တန်းတွင် ခန်းမအတွင်းနှင့် ခန်းမပြင်ပ အခမ်းအနားများ ဆောင်ရွက်ရာ၌ အခမ်းအနားမှူးတိုင်း ဆောင်ရွက်ရမည့်လုပ်ငန်းစဉ်များ ပို့ချပေးမည်ဖြစ်ပြီး သင်တန်းသို့ မကွေးတိုင်းဒေသကြီးအတွင်းရှိ ဌာနဆိုင်ရာများမှ ဝန်ထမ်းသင် တန်းသား၊ သင်တန်းသူ ၆၀ ဦး တက်ရောက်ခဲ့ကြကြောင်း သိရသည်။

(အပေါ်ပုံ)မောင်ခိုင်မင်း(ပြန်/ဆက်)

ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်းဆောင်ရွက်နေမှု စစ်ဆေး

ကျောက်ဆည် နိုဝင်ဘာ ၉

မန္တလေးတိုင်းဒေသကြီး၊ ကျောက်ဆည်ခရိုင်၊ ကျောက်ဆည်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ၂၀၂၆ -၂၀၂၇ ဘဏ္ဍာရေးနှစ်တွင် ခေတ်မီစံပြကျေးရွာ ထူထောင်ရေးလုပ်ငန်းစီမံကိန်း(Smart Village) ရန်ပုံငွေဖြင့် ဟံမြင့်မိုရ်ကျေးရွာ၌ ကျေးရွာတွင်း ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်း ဆောင်ရွက်နေမှုများကို ယနေ့ နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းကြည့်ရှုစစ်ဆေးခဲ့သည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် ကျောက်ဆည်ခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်ရီရီဦးနှင့် စီမံကိန်းတာဝန်ခံဝန်ထမ်းများက ကျေးရွာစီမံကိန်းကော်မတီဝင်များနှင့်အတူ ဟံမြင့်မိုရ်ကျေးရွာ၌ ၂၀၂၆ - ၂၀၂၇ ဘဏ္ဍာနှစ် ခေတ်မီစံပြကျေးရွာထူထောင်ရေးစီမံကိန်း(Smart Village) ရန်ပုံငွေဖြင့် ကျေးရွာအတွင်း ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်း ၈၀ ရာခိုင်နှုန်း ဆောင်ရွက်ပြီးစီးမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး ခရိုင်ဦးစီးမှူးက ဆောင်ရွက်နေသည့် ကျေးရွာအတွင်း ကွန်ကရစ်လမ်းအား စံချိန်စံညွှန်းပြည့်မီအောင် ဆောင်ရွက်သွားရန် ဆွေးနွေးမှာကြားခဲ့သည်။

အဆိုပါကျေးရွာ၌ ဒေသခံပြည်သူများ သွားလာရေးအဆင်ပြေစေရန်အတွက် ကျေးရွာတွင်း လမ်းအရှည်ပေ ၃၄၈၊ အကျယ် ၁၂ ပေ၊ အမြင့်ထု ခြောက်လက်မ ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်းကို ၂၀၂၆ - ၂၀၂၇ ဘဏ္ဍာနှစ် ခေတ်မီစံပြကျေးရွာထူထောင်ရေးစီမံကိန်း(Smart Village) ရန်ပုံငွေကျပ် ၁၉ ဒသမ ၉၈ သန်း အသုံးပြု၍ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ဝန်ထမ်းများ၏ နည်းပညာပံ့ပိုးမှုဖြင့် ကျေးရွာသူ၊ ကျေးရွာသားများ ကိုယ်တိုင်တာဝန်ယူ၍ ယခုနှစ် အောက်တိုဘာ ၂၂ ရက်က လုပ်ငန်းစတင်ဆောင်ရွက်ခဲ့ရာ ယခုအခါလုပ်ငန်းများ ၈၀ ရာခိုင်နှုန်း ဆောင်ရွက်ပြီးစီးပြီဖြစ်ကြောင်း ကျောက်ဆည်ခရိုင်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူးထံမှ သိရသည်။



(ဝဲပုံ)

(၄၄၅)

* – * – * – * – * – *

ကလေးအလုပ်သမားပပျောက်ရေး အသိပညာပေးဟောပြောပွဲ၊ နံရံကပ်စာစောင်ပြပွဲနှင့် စာအုပ်ပြပွဲ ဆောင်ရွက်

ဝမ်းတွင်း နိုဝင်ဘာ ၉

မန္တလေးတိုင်းဒေသကြီး၊ မိတ္တီလာခရိုင်၊ ဝမ်းတွင်းမြို့နယ်၊ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ကလေးအလုပ်သမားပပျောက်ရေး အသိပညာပေးဟောပြောပွဲကို နိုဝင်ဘာ ၆ ရက် နံနက်ပိုင်းက ဘုရားစုကျေးရွာ အမေ့မြေစာကြည့်တိုက်၌ ဆောင်ရွက်ခဲ့သည်။

ရှေးဦးစွာ မြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ဦးစီးအရာရှိ ဒေါ်သန္တာလင်းက ကလေးအလုပ်သမားဟူသည်၊ ကလေးအလုပ်သမားဖြစ်ပွားရခြင်းအကြောင်းအရင်း ကလေးအလုပ်သမားနှင့် သက်ဆိုင်သည့် ဥပဒေများ၊ ကလေးအလုပ်သမားနှင့်ပတ်သက်သည့် အကြောင်းအရာများကို ရှင်းလင်းဆွေးနွေးခဲ့ပြီး ကလေးတိုင်းစာဖတ်သူဖြစ်ရမည်ဟူသည့် ရည်ရွယ်ချက်နှင့်အညီ ကလေးများကို ငယ်စဉ်မှစ၍ စာဖတ်သည့်အလေ့အကျင့်များရှိလာစေရေး ပြုစုပျိုးထောင်မှသာ အနာဂတ်တွင် အားကိုးအားထားပြုရမည့် လူတော်လူကောင်းများ ဖြစ်လာမည်ဖြစ်ကြောင်း ဟောပြောခဲ့ရာ တက်ရောက်လာသည့် မိဘပြည်သူများက ပြန်လည်ဆွေးနွေးခဲ့ကြသည်။

ထို့နောက် မြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနက ကလေးအလုပ်သမားပပျောက်ရေး အသိပညာပေးလက်ကမ်းစာစောင်အား ဖြန့်ဝေခဲ့ပြီး ကလေးအလုပ်သမားပပျောက်ရေး အသိပညာပေး နံရံကပ်စာစောင်ပြပွဲ၊ ဓာတ်ပုံပြပွဲနှင့် စာအုပ်ပြပွဲများဆောင်ရွက်ခဲ့ကြောင်း သိရသည်။

အောင်ပိုင်ဟိန်း

ကျောင်းသား၊ ကျောင်းသူများ ကာယ၊ ဥာဏ စွမ်းရည်ဖွံ့ဖြိုးစေရန် ဆေးရောင်ခြယ်ပြိုင်ပွဲ ကျင်းပ

ပွင့်ဖြူ နိုဝင်ဘာ ၉

မကွေးတိုင်းဒေသကြီး၊ မင်းဘူးခရိုင်၊ ပွင့်ဖြူမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လူထုအခြေပြုဗဟိုဌာန ခန်းမတွင် နိုဝင်ဘာ ၇ ရက်က ကျောင်းသား၊ ကျောင်းသူများ ကာယ၊ ဥာဏ စွမ်းရည်ဖွံ့ဖြိုးစေရန် ဆေးရောင်ခြယ်ပြိုင်ပွဲ ကျင်းပခဲ့သည်။

ရှေးဦးစွာ ပွင့်ဖြူမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်ဇင်မာအောင်က ဆေးရောင်ခြယ်ပြိုင်ပွဲ ကျင်းပရခြင်းနှင့်စပ်လျဉ်း၍ ရှင်းလင်းပြောကြားသည်။

ထို့နောက် မြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဝန်ထမ်းများက ဆေးရောင်ခြယ်ပြိုင်ပွဲကို ကျင်းပဆောင်ရွက်ပေးရာ ပွင့်ဖြူမြို့ အမှတ်(၁) အခြေခံပညာ မူလတန်းကျောင်းမှ ပြိုင်ပွဲဝင် ကျောင်းသား၊ ကျောင်းသူ ၁၀ ဦးတို့က ဝင်ရောက်ယှဉ်ပြိုင်ခဲ့ကြပြီး ဆုရရှိသော ကျောင်းသား၊ ကျောင်းသူများကို မြို့နယ်ဦးစီးမှူးနှင့် တာဝန်ရှိသူများက ဆုများပေးအပ်ချီးမြှင့်သည်။

အဆိုပါ အခမ်းအနားသို့ တက်ရောက်လာသည့် ဆရာ၊ ဆရာမများ၊ ကျောင်းသား၊ကျောင်းသူများက မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ခင်းကျင်းပြသထားသည့် အယ်လ်နီညိုအပူဒဏ်အန္တရာယ် ကြိုတင်ကာကွယ်ရေးဆိုင်ရာ ပညာပေး နံရံကပ်စာစောင်များနှင့် သုတ၊ ရသ စာအုပ်၊ စာစောင်များကို စိတ်ဝင်တစ်စား လေ့လာဖတ်ရှုခဲ့ကြကြောင်း သိရသည်။

(အောက်ပုံ)

ရဲဝင်းနိုင်(ညောင်ဦး)

* – * – * – * – * – *



တံတားနှင့် လမ်း၊ ဆေးခန်းနှင့် ကျောင်း၊ ဆည်မြောင်းနှင့် ကန် သစ်ပင်ရံမှ သဏ္ဌာန်လှပ ပနံရလိမ့်။

လူထုအခြေပြုဗဟိုဌာန၌ "ဘဝတိုးတက်မှုအတွက် စာဖတ်ခြင်း" စာအုပ်ဖြင့် စာဖတ်ဝိုင်းဆွေးနွေး

စဉ်ကိုင် နိုဝင်ဘာ ၉

မန္တလေးတိုင်းဒေသကြီး၊ ကျောက်ဆည်ခရိုင်၊ စဉ်ကိုင်မြို့နယ် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လူထုအခြေပြုဗဟိုဌာန(Community Centre) ခန်းမတွင် စာပေဖတ်ရှုသည့် အလေ့အထကောင်းများ ရရှိစေရန်နှင့် စာဖတ်ရှိန်မြင့်မားစေရန်ရည်ရွယ်၍ ပြန်ကြားရေးပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် အခြေခံပညာဦးစီးဌာနတို့ ပူးပေါင်း၍ စာရေးဆရာ ဖေမြင့်ရေးသားသည့် 'ဘဝတိုးတက်မှုအတွက် စာဖတ်ခြင်း' စာအုပ်ဖြင့် စာဖတ်ဝိုင်းဆွေးနွေးပွဲကို ယမန်နေ့ နံနက် ၁၀ နာရီက ကျင်းပခဲ့သည်။

စာဖတ်ဝိုင်းတွင် မြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ဦးစီးအရာရှိ ဒေါ်ဝင်းဝင်းသန်းက စာဖတ်ဝိုင်းများ ကျင်းပရခြင်း၏ ရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားခဲ့ပြီး အဆိုပါ စာအုပ်တွင် ပါဝင်သည့် 'ဘဝတိုးတက်မှုအတွက် စာဖတ်ခြင်း' ခေါင်းစဉ်ဖြင့် ဦးဆောင်ဆွေးနွေးခဲ့သည်။ ဆက်လက်၍ စာအုပ်၊ စာပေ ချစ်မြတ်နိုးသူများအသင်း(Book Club)အဖွဲ့ဝင် ဒေါ်ခင်စန်းက 'စာဖတ်ခြင်းကြောင့် ဘာအကျိုးထူးတွေ ခံစားရရှိနိုင်သလဲ' ခေါင်းစဉ်ပါအကြောင်းအရာများကို ဆွေးနွေးခဲ့ပြီး တက်ရောက်လာကြသည့် ကျောင်းသား၊ ကျောင်းသူများကလည်း အဆိုပါ စာအုပ်တွင် ပါဝင်ရေးသားထားသည့် အခန်းကဏ္ဍများအလိုက် မိမိတို့၏ အတွေးအမြင် ရသများအား အသီးသီး ပါဝင်ဖြည့်စွက် ဆွေးနွေးခဲ့ကြကြောင်း သိရသည်။

(အောက်ပုံ)

ကျော်စွာ(စဉ်ကိုင်)

* – * – * – * – * – *



KG ကျောင်းသား၊ ကျောင်းသူများအား (သတ္တမအကြိမ်) အာဟာရကျွေးမွေးခြင်းများ ဆောင်ရွက်

စဉ်ကိုင် နိုဝင်ဘာ ၉

မန္တလေးတိုင်းဒေသကြီး၊ ကျောက်ဆည်ခရိုင်၊ စဉ်ကိုင် မြို့နယ်၌ KG ကျောင်းသား၊ ကျောင်းသူများအား (ဒုတိယအကြိမ်) အာဟာရကျွေးမွေးခြင်းကို ယနေ့ နံနက်ပိုင်းက အ.ထ.က(စဉ်ကိုင်)၊ အ.လ.က(ခွဲ)(တရုတ်စု)၊ အ.မ.က(ရန်နိုင်)၊ အ.မ.က(မြို့မ)ကျောင်းများ၌ ပြုလုပ်ခဲ့သည်။



KG ကျောင်းသား၊ ကျောင်းသူများအား (သတ္တမအကြိမ်) အာဟာရကျွေးမွေးရာတွင် မြို့နယ်ပြည်သူ့ကျန်းမာရေးနှင့် ကုသရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါက်တာအေးလွင်၊ မြို့နယ်မိခင်ကလေးကျန်းမာရေးဌာနမှ တာဝန်ရှိသူများက သက်ဆိုင်ရာ ကျောင်းအုပ်ဆရာကြီး၊ ဆရာမကြီးများနှင့် ဆရာ၊ ဆရာမများပူးပေါင်းပြီး KG ကျောင်းသား၊ ကျောင်းသူများအား တစ်ကိုယ်ရေသန့်ရှင်းရေးနှင့် ပတ်သက်သည့် အကြောင်းအရာများအား ရှင်းလင်းပြောကြားခဲ့ပြီး စနစ်တကျ လက်ဆေးနည်းများ၊ သွားခံတွင်းသန့်ရှင်းရေးလုပ်ငန်းများကို လက်တွေ့ဆောင်ရွက်ပေးခဲ့ပြီး ပန်းဂေါ်ဖီ၊ မုန်လာဥနီ၊ ပြောင်းဖူး၊ ကြက်ဥပြုတ်၊ ဂေါ်ဖီထုတ်ဟင်းရည်၊ အာဟာရထမင်းများနှင့် ၄က်ပျောသီးများ ကျွေးမွေးခဲ့ကြောင်း မြို့နယ်ပြည်သူ့ကျန်းမာရေးနှင့် ကုသရေးဦးစီးဌာနမှ တာဝန်ရှိသူတစ်ဦးထံမှ သိရသည်။

(ဝဲပုံ) ကျော်စွာ(စဉ်ကိုင်)



ဒေသခံပြည်သူလူထုနှင့် တွေ့ဆုံပြီး ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ကြည့်ရှုစစ်ဆေး

မိုးညှင်း နိုဝင်ဘာ ၉

ကချင်ပြည်နယ်လွတ်တော် ဒုတိယဥက္ကဋ္ဌ ဦးသိန်းထွန်းအေးသည် နိုဝင်ဘာ ၆ ရက် နံနက်ပိုင်းက မိုးညှင်းမြို့နယ်၊ ဘီလူးကျေးရွာအုပ်စုနှင့် ပင်းဟဲကျေးရွာအုပ်စုရှိ ကျေးရွာနေ ပြည်သူလူထုနှင့် သွားရောက်တွေ့ဆုံပြီး ဒေသဖွံ့ဖြိုးရေးလုပ်ငန်းဆောင်ရွက်နေမှုများကို ကြည့်ရှုစစ်ဆေးခဲ့သည်။

ရှေးဦးစွာ ပြည်နယ်လွတ်တော် ဒုတိယဥက္ကဋ္ဌသည် ပြည်နယ်လွတ်တော်ကိုယ်စားလှယ်ဦးထက်အောင်၊ သက်ဆိုင်ရာဌာနများမှ တာဝန်ရှိသူများနှင့် အတူ ဘီလူးကျေးရွာသို့ သွားရောက်၍ ကျေးရွာနေပြည်သူလူထုများနှင့် ကျေးရွာခမ္မာရုံတွင် တွေ့ဆုံကာ လွတ်တော်အတွေ့အကြုံများနှင့် လွတ်တော်က ပြည်သူ့အသံနားထောင်၍ ဒေသဖွံ့ဖြိုးရေး၊ လူမှုစီးပွားဖွံ့ဖြိုးတိုးတက်ရေးတို့အတွက် ဖြည့်ဆည်းဆောင်ရွက်ပေးနေမှုများကို ရှင်းလင်းပြောကြားပြီး ကျေးရွာနေ ပြည်သူများ၏ ဒေသဖွံ့ဖြိုးရေးအတွက် တင်ပြတောင်းဆိုမှုများအပေါ် သက်ဆိုင်ရာတာဝန်ရှိသူများနှင့်ချိတ်ဆက်၍ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့သည်။

ထို့နောက် ပြည်နယ်လွတ်တော် ဒုတိယဥက္ကဋ္ဌနှင့်အဖွဲ့သည် မွန်းလွဲပိုင်းတွင် ပင်းဟဲကျေးရွာသို့ သွားရောက်ကာ ကျေးရွာနေ ပြည်သူများနှင့် သာသနာ့ဗိမာန်ကျောင်းတိုက်၌ တွေ့ဆုံပြီး ပြည်နယ်လွတ်တော် ဒုတိယဥက္ကဋ္ဌက လွတ်တော်မှ ပြည်သူများ အသံနားထောင်၍ ပြည်နယ်အစိုးရအဖွဲ့နှင့် ပေါင်းစပ်ဆောင်ရွက်ပေးနေမှုကို ရှင်းလင်းပြောကြားကာ ကျေးရွာနေ ပြည်သူများ၏ လိုအပ်ချက်များအား မေးမြန်းတင်ပြမှုအပေါ် သက်ဆိုင်ရာ တာဝန်ရှိသူများနှင့် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့သည်။

ထိုမှတစ်ဆင့် မိုးညှင်းမြို့၊ နားခါရပ်ကွက်အတွင်းရှိ စိမ်းရတနာမွန်(တောင်ပိုင်း)ရပ် ပေ ၆၀ ကားလမ်းနံဘေးတွင် ဒေသခံပြည်သူများ၏ တင်ပြတောင်းဆိုမှုဖြစ်သည့် မိုးရာသီကာလအတွင်း မိုးများရွာသွန်းချိန်တွင် ရေများကားလမ်းပေါ်သို့ ကျော်တက်လာသဖြင့် ရေနုတ်မြောင်း တူးဖော်ဆောင်ရွက်ပေးနိုင်ရေး ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များကို တာဝန်ရှိသူများနှင့် ပေါင်းစပ်ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

(အပေါ်ပုံ) ရွှေမိုးညှင်း

သင့်အသက်အန္တရာယ်ကာကွယ်ရန်အတွက်
ဆိုင်ကယ်စီးလျှင် ဦးထုပ်ဆောင်းပြီး မေးသိုင်းကြိုးသေချာစွာ တပ်ပါ။

အယ်လ်နီညိုအန္တရာယ်ကြိုတင်ကာကွယ်ရေး အသိပညာပေး ဟောပြော

ကျောက်ဆည် နိုဝင်ဘာ ၉

သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန၊ မန္တလေးတိုင်းဒေသကြီး၊ ကျောက်ဆည်ခရိုင်၊ ကျောက်ဆည်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ အယ်လ်နီညိုအန္တရာယ်ကြိုတင်ကာကွယ်ရေး အသိပညာပေးဟောပြောပွဲကို နိုဝင်ဘာ ၈ ရက် နံနက်ပိုင်းက လယ်ကြီးကျေးရွာ၌ ကျင်းပခဲ့သည်။

ရှေးဦးစွာ ကျောက်ဆည်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်မြတ်စုအောင်က အယ်လ်နီညိုကျရောက်လာနိုင်သည့် အခြေအနေများ၊ အယ်လ်နီညိုကျရောက်ပါက ဖြစ်ပေါ်လာနိုင်သည့် အကျိုးသက်ရောက်မှုများ အယ်လ်နီညိုကြောင့် သောက်သုံးရေပြတ်လပ်မှု ဖြစ်ပေါ်ပါက ဌာနမှ ဆောင်ရွက်ပေးမည့် အခြေအနေများ၊ အယ်လ်နီညို သက်ရောက်မှုများကို ကြိုတင်ကာကွယ်နိုင်ရန်အချက်များ၊ ဖြစ်ပွားချိန်တွင် လုပ်ကိုင်ဆောင်ရွက်ရမည့် အချက်များနှင့် ဆောင်ရန်၊ ရှောင်ရန်အချက်များကို ဆွေးနွေးပြောကြားခဲ့သည်။



ထို့နောက် ကျောက်ဆည်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ဝန်ထမ်းများက အယ်လ်နီညိုအန္တရာယ်ကြိုတင်ကာကွယ်ရေး အသိပညာပေး လက်ကမ်းစာစောင်များကို ဖြန့်ဝေပေးခဲ့သည်။

အဆိုပါ ဟောပြောပွဲသို့ လယ်ကြီးကျေးရွာမှ ရပ်မိ၊ ရပ်ဖများနှင့် ကျေးရွာသူ၊ ကျေးရွာသားများ တက်ရောက်ခဲ့ကြောင်း ကျောက်ဆည်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ သိရသည်။

(အပေါ်ဝဲပုံ) အိပိုးပိုး

နွားနို့နှင့် ဒိန်ချဉ်ထုတ်လုပ်မှုဖြင့် မိသားစု တစ်နိုင်တစ်ပိုင် ဝင်ငွေရရှိ

တောင်တွင်းကြီး နိုဝင်ဘာ ၉

မကွေးတိုင်းဒေသကြီး၊ တောင်တွင်းကြီးမြို့နယ်တွင် ဂေါတမီ နွားမွေးမြူရေးခြံမှ နွားနို့နှင့် ဒိန်ချဉ်ထုတ်လုပ်မှုဖြင့် မိသားစု တစ်နိုင်တစ်ပိုင်ဝင်ငွေရရှိမှုအခြေအနေနှင့်ပတ်သက်၍ ပိုင်ရှင် ဦးလှဝင်းအောင်အား တွေ့ဆုံ မေးမြန်းခဲ့သည်။

